
www.burmeseclassic.com

တက္ကသိုလ်

# နေဂပင့်ဝေအောင်

## အရိုးဖြူဂိုဏ်း
## သွေးနီအရိုင်း

စာစဉ်(၇)



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# အရိုးဖြူကိုကျော်သွေးနီအရိုင်း

(စာစဉ်–၅)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၆၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၂၁၀၂၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## နိုင်ငံတော်တာဝန်အရေးသုံးပါး

| | |
|---|---|
| ☆ ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

## အခန်း(၃၈)

## ဆရာတာမည့်ပြန်တွေ့ခြင်း

စင်ယောက်တို့၏ ပင်လယ်ဓားပြလှေများသည် အရှိန်ကောင်းကောင်းဖြင့် ခရီးနှင်ခဲ့ကြရာ စင်ယောက်၏ဆရာ ဟူရှန်ဖုံအား မြေမြှုပ်ပြီး လေးရက်မြောက်နေ့၌ ကျွန်းသို့ ပြန်လည်ရောက်လာခဲ့ကြလေ၏။

စင်ယောက်က ဂနာမငြိမ်နိုင်တော့ပေ။

သူ့ဆရာ ဟူရှန်ဖုံသည် သုံးရက်မြောက်နေ့၌ မြေထဲမှ ထွက်မည်ဟု ပြောထားခဲ့သည် မဟုတ်ပါလား။

ယခု လေးရက်ရှိနေလေပြီ။

အကယ်၍ သူ့ဆရာ မြေထဲမှ ထွက်လာပြီးနောက် သူ့ကို ရှာမတွေ့ခဲ့လျှင် တစ်ယောက်တည်း အခြားတစ်နေရာသို့ ထွက်သွားနိုင်သည်။

သူသည် ကျွန်းအနီးသို့ ရောက်လာလေလေ ပို၍ ဂရုစိုက်လေ့လာ ကြည့်ရှုရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ကျွန်းကလေးဆီမှ လှေကလေးတစ်စင်း လှော်ခတ်ကာ ထွက်လာသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။

"ဟာ .... ဆရာ .... ဆရာကြီးပဲ .... "

လှေပေါ်၌ ပါလာသော လူမှာ သူ၏ဆရာ ဟူရှန့်ဖုံ ဖြစ်နေကြောင်း တိုက်တိုက်ဆိုင်ဆိုင် တွေ့ရှိလိုက်ရသည်။

စင်ယောက်မှာ အလွန်ဝမ်းသာသွားသည်။

"ဆရာ .... ကျွန်တော် ဒီမှာ .... "

အသံကုန်အော်ကာ ခေါ်လိုက်သည်။

ဟူရှန့်ဖုံ သဲထဲ၌ နစ်မြုပ်နေခဲ့၏။

သုံးရက်ပြည့်၍ သတိပြန်ရလာသောအခါ သဲထဲမှ ထိုးထွက်လာသည်။

သူ အပြင်လောကနှင့် ထိတွေ့သောအခါ ကောင်းကင်ကြီး ကြည်လင်လျက် ရှိနေလေပြီ။

စင်ယောက်ကို လိုက်ရှာဖွေသော်လည်း လုံးဝ မတွေ့ရတော့သဖြင့် ဤကျွန်းမှ ထွက်ပြေးသွားပြီဟု ယူဆလိုက်မိတော့၏။

စင်ယောက်အပေါ်၌လည်း အတော်ပင် စိတ်ဆိုးသွား၏။ သူအား ကောင်းပြီကောင်းရော့ ဝန်ခံခဲ့သည် မဟုတ်ပါလား။

သူ ထွက်လာချိန်တွင် ရွက်လှေကြီးလေးစင်းအား တွေ့ရသော်လည်း သူ ဂရုမစိုက်ချေ။

သို့သော် ....

ထိုလှေများပေါ်မှ စင်ယောက်၏ အသံကို ကြားလိုက်ရသည့်အခါ သူ လွန်စွာ အံ့သြသွား၏။



ထို့ကြောင့် သူက လှေကလေးအား အမြန်လှော်ခတ်လိုက်ပြီး ဓားပြများအနီးသို့ ချဉ်းကပ်လာ၏။

"ဆရာ .... ဒီလှေပေါ်ကို လာပါ .... "

စင်ယောက်၏အသံ ပေါ်လာပြန်၏။

ဟူရှန့်ဖုံသည် ထိုလှေကြီးပေါ်သို့ ခုန်တက်လိုက်သည်။

ဂူယန်ချင်တို့ ညီနောင်မှာ အနီး၌ ရှိနေကြ၏။ ပင်လယ်ဓားပြများသည် လှေပေါ်သို့ ခုန်တက်လာသည့် လူကြီးအား တွေ့လိုက်ရသောအခါ အကြီးအကျယ် ထိတ်လန့်သွားလေတော့၏။

ပင်လယ်ဓားပြများပင် ဖြစ်သော်လည်း ဘုရားတမိကြသည်။ အကြောင်းမှာ ဟူရှန့်ဖုံ၏ရုပ်ရည်မှာ ဆိုးရွားလှသောကြောင့်တည်း။

ဂူညီနောင်တို့သည် ဤရုပ်ဆိုးဆိုးလူကြီးမှာ စင်ယောက်၏ ဆရာဖြစ်ကြောင်း ခန့်မှန်းမိသော်လည်း မတော်တဆ မသေချာဘဲ စင်ယောက်အား ပြန်လည်ရန်ပြုနေပါက ဘေးမှ ကူညီနိုင်ရန် ဝင်ရပ်လိုက်ကြ၏။

ထို အပြုမူသည် ဟူရှန့်ဖုံအား အထင်မှားစေတော့သည်။

ယခုလည်း ဂူယန်ချင်တို့ ရှေ့တက်လာခြင်းမှာ သူအား တိုက်ခိုက်ရန် တက်လာခြင်းဟု ယူဆလိုက်၏။

ထို့ကြောင့် ....

သူက ချက်ချင်း လက်ဝါးနှစ်ဖက်ရှေ့သို့ဆန့်ထုတ်ကာ ဂူယန်ချင်အား ကုတ်ဆွဲလိုက်၏။

ဂူယန်ချင်မှာ မရှောင်တိမ်းနိုင်ဘဲ ဟူရှန့်ဖုံ၏လက်တွင်းသို့ ကျရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံက ဝူယန်ချင်အား အပေါ်သို့ မြှောက်တင်ကာ ကိုင်ပေါက်ရန် ဟန်ပြင်လိုက်၏။

စင်ယောက်မှာ အရေးတကြီး အော်ဟစ်ရလေတော့၏။

"ဆရာကြီး မှားမယ် .... ဒီလူတွေက ရန်သူမဟုတ်ဘူး .... ကျွန်တော့ မိတ်ဆွေတွေပါ .... "

ဟူရှန်ဖုံသည် သူ့စိတ်ကို ချက်ချင်း ပြန်ထိန်းလိုက်ရ၏။

ဝူယန်ချင်ကို ချက်ချင်း အောက်သို့ ပြန်ချပေးလိုက်လေသည်။

ဝူယန်ချင်မှာ ရင်တုန်နေ၏။

သူသည် အသက်ဘေးမှ သီသီလေး လွတ်လာသည် မဟုတ်ပါလော။

ဟူရှန်ဖုံသည် စင်ယောက်ထက် အဆပေါင်းများစွာ သိုင်းပညာ၌ ပို၍ထက်မြက်ကြောင်း ရှုညီနောင်နှင့်တကွ အခြားပင်လယ်ဓားပြများပါ သိရှိလိုက်ကြသည်။ သူတို့အားလုံး မှင်တက်ငေးကြည့်မိကြသည်။

ဟူရှန်ဖုံသည် အားလုံးကို တစ်ချက်စွေကြည့်လိုက်၏။

လူအားလုံး ဟူရှန်ဖုံ၏ အေးစက်သော အကြည့်ကြောင့် ကြက်သီးဖြန်းဖြန်း ထသွားကြရသည်။

မည်သူမျှ ရင်ဆိုင်ကာ ပြန်မကြည့်ရဲကြချေ။

အဘယ်မှာလျှင် ကြည့်ရဲပါမည်နည်း။

ဟူရှန်ဖုံ၏ မျက်လုံးများသည် ကြောင်စုန်းများ၏ မျက်လုံးများကဲ့သို့ တောက်မလှသည် မဟုတ်ပါလော။

ဟူရှန်ဖုံ၏ မျက်နှာထားမှာ အေးစက်တင်းမာနေ၏။



ဟူရှန်ဖုံက စင်ယောက်ဘက်လှည့်ကာ ....

"တပည့် .... မင်းကို ဒီကောင်တွေ အနိုင်ကျင့်ကြသေးသလား၊ ငါ့ကို ပြောစမ်း"

စင်ယောက်က ပြုံးလိုက်ပြီး ....

"သူတို့ ကျွန်တော့်ကို မထိရဲပါဘူး .... တကယ့်ညီအစ်ကိုတော်လိုပဲ ပြုစုပါတယ် .... "

ထို့နောက် သူသည် ဟူရှန်ဖုံ၏ နား၌နားကပ်ကာ သူ၏ တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို ပြောပြလိုက်လေတော့သည်။

ဟူရှန်ဖုံမှာ နားထောင်ပြီးနောက် အားရပါးရ ရယ်မောလေ၏။

သူ့အဖို့ ရယ်စရာပင် မဟုတ်ပါလော။ ထို့နောက် မျက်နှာကို ပြန်တည်လိုက်၏။ ပြီးနောက် လက်ဝါး၌ အတွင်းအားထုတ်ကာ ရွက်တိုင်ဆီသို့ တွန်းထုတ်လိုက်၏။

"ဝုန်း .... "

ရွက်တိုင်မှာ ကျိုးကျသွားသည်။

အားလုံး ထိတ်လန့်သွား၏။

စင်ယောက်မှာမူ .... အေးအေးဆေးဆေးပင် စောင့်ကြည့်နေသည်။

သူ၏ဆရာ ပညာပြနေခြင်းဖြစ်ကြောင်း သူ ရိပ်စားမိထားသည် မဟုတ်ပါလော။

ဟူရှန်ဖုံက ဆက်လက်၍ လျှင်မြန်စွာ လှုပ်ရှားပြလိုက်၏။

ယခုပေါ့ရှိ လူအားလုံးမှာ ဟူရှန်ဖုံ၏ သိုင်းပညာကို တွေ့မြင်သောအခါ ထိတ်လန့်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံက ရယ်မောလိုက်ပြီး မေးလိုက်၏။

"မင်းတို့ ငါ့ပညာကို တွေ့ကြသလား .... "

အားလုံး တိတ်ဆိတ်နေကြ၏။ ထိပ်တန်းသိုင်းဆရာကြီးဖြစ်ကြောင်း သိရှိကြသည်။

ဟူရှန်ဖုံက ဆက်ပြော၏။

"မင်းတို့ဟာ ဘာမှ ပညာလည်းမရှိဘဲနဲ့ ဗိုလ်လုပ်ချင်နေကြသေးတယ် .... မင်းတို့အထဲမှာ ခေါင်းဆောင်ဖြစ်ဖို့ ဘယ်သူမှ အရည်အချင်းမရှိဘူး .... ငါ့ပညာနဲ့သာ အထိုက်တန်ဆုံးပဲ .... "

စင်ယောက် အံ့သြသွားသည်။

သူ၏ဆရာမှာ အဘယ်ကြောင့် ပင်လယ်ဓားပြခေါင်းဆောင်လုပ်ချင်ရပါသနည်း။

သူ စဉ်းစားမရချေ။

ထိုစဉ် ဂူယန်ချင်း၏အသံ ထွက်လာ၏။

"ဟုတ်ကဲ့ .... ဆရာကြီးလို သိုင်းပညာရှင်တစ်ယောက်က ခေါင်းဆောင်မယ်ဆိုရင် ကျွန်တော်တို့အဖွဲ့ အင်အားအကောင်းဆုံးဖြစ်မှာ သေချာပါတယ် .... ဆရာကြီးနာမည်ကလေး မသိရဘူးလားခင်ဗျာ .... "

စင်ယောက်က ....

"ကျုပ်ဆရာက နာမည်ကြီးတစ်ယောက်ပဲ .... သူ့နာမည်က"

စင်ယောက် စကားမဆုံးမီ ဟူရှန်ဖုံက လက်ဝါးတစ်ချက် တွန်းထုတ်လိုက်ရာ စင်ယောက်၏စကားမဆက်နိုင်ဘဲ ယိမ်းယိုင်ကာ လဲကျသွား၏။



ဟူရှန်ဖုံက ....

"မင်းတို့ ငါ့နာမည် သိချင်လို့လား။ အေး .... ငါ့နာမည်က မီးတိမ်လေပဲ၊ မှတ်ထားကြ .... ဒီကောင် ငါ့ဆီမှာ တမည့်လုပ်တာ သုံးလပဲ ရှိသေးတယ်၊ သူ့ပညာကို မင်းတို့ တွေ့ကြတယ် မဟုတ်လား .... အေး .... မင်းတို့အားလုံး ငါ့လက်အောက်ဝင် .... ငါ့သိုင်းပညာကို မင်းတို့ကို သင်ပေးမယ် .... "

စင်ယောက်မှာ လဲကျနေရာမှ လူးလဲ၍ထလာ၏။

သူ၏ဆရာမှာ သူ့နာမည်ကို မပြောစေချင်သဖြင့် မိမိအား ဟန့်တားလိုက်ခြင်းဖြစ်ကြောင်း နားလည်သည်။

ထို့ကြောင့် ဆိတ်ဆိတ်ပင် နေလိုက်တော့သည်။

ဟူရှန်ဖုံသည် ကုန်းပတ်ပေါ်ရှိ ကုလားထိုင်၌ ထိုင်ချလိုက်၏။

စင်ယောက်က နံဘေးမှ ရပ်လိုက်၏။

ဂူယန်ချင်းနှင့် ဂူယန်ကျုံးတို့ ညီအစ်ကိုက ငယ်သားများကို ခေါင်းဆောင်ကာ ဟူရှန်ဖုံအား ဒူးထောက်ဂါရဝပြုကြသည်။

ဟူရှန်ဖုံက သဘောကျစွာ ရယ်မောလိုက်၏။

ပြီးမှ ....

"ကဲ .... အားလုံး နားထောင်ကြ၊ ဒီနေ့ကစပြီး မင်းတို့အားလုံးရဲ့ ခေါင်းဆောင်ဟာ ငါပဲ .... ဒါပေမယ့် မင်းတို့ကို တကယ်တမ်းရှေ့ကနေပြီး ဦးဆောင်မှာကတော့ ငါ မဟုတ်ဘူး .... "

သူ၏စကားကို အားလုံး နားမလည်ကြပါ။

ဟူရှန်ဖုံက စကားဆက်လိုက်၏။

"ငါ ဒီကျွန်းမှာ လာနေတာက ရန်သူကို ရှောင်နေတာပဲ ....

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မင်းတို့ခေါင်းဆောင်ဟာ ငါဖြစ်ပေမယ့် ငါက ရှေ့ကထွက်ပြီး ဦးဆောင်မှာမဟုတ်ဘူး .... ငါ့ကိုယ်စား တစ်ယောက်က ဦးဆောင်ရမယ်၊ ငါက သိုင်းလောကကျင့်စရာတွေ ရှိသေးတော့ ဦးမဆောင်နိုင်ဘူး .... ”

ဂူယန်ချင်းက ....

“ဒါဆို ဘယ်သူက ဦးဆောင်မှာလဲ .... အမိန့်ရှိပါ၊ ဆရာကြီးရဲ့ အမိန့်ကို ဆန့်ကျင်ဖို့မေးတာ မဟုတ်ပါဘူး၊ သိချင်လို့ မေးတာပါ”

ဟူရှန်ဖုံက တစ်ချက် စဉ်းစားလိုက်ပြီး ....

“ငါ့ကိုယ်စား တာဝန်ယူမယ့်သူက ဟောဒီက ငါ့တပည့် စင်ယောက်ပဲ .... ”

အားလုံး ခေါင်းညိတ်လိုက်၏။

လက်ခုပ်တီး ဩဘာပေးလိုက်ကြသည်။ စင်ယောက်၏အစွမ်းကို သူတို့ သိပြီးဖြစ်ပါသည်။

ငယ်သားများသည် စင်ယောက်အား လေးစားခင်မင်ပြီး ဖြစ်နေ၏။ စင်ယောက်သည် သူ့ဆရာကြီးကို ပို၍ လေးစားသွား၏။ ဆရာကြီးသည် သူ့ကို နေရာပေးနေသည် မဟုတ်ပါလော။

ထို့အပြင် သူ့အနေဖြင့် ဆရာ့စကားကို ငြင်းပယ်ရန်လည်း ခက်နေပေသည်။

ဤသို့ဖြင့် ဆရာ့အမိန့်အတိုင်း ဟန်ပြခေါင်းဆောင်လုပ်ပေးရန် သဘောတူလိုက်ရလေတော့၏။

စင်ယောက်သည် ကိစ္စတစ်ခုအား သတိရလာသည်။

ထို့ကြောင့် သူက စကားစလိုက်၏။



“ဆရာကြီး .... ဆရာကြီးကို ပြောစရာရှိသေးတယ်”

“ဘာများလဲကွယ့် .... ”

သူသည် မွန်ညီနောင်တို့နှင့် တိုက်ခိုက်ပုံ၊ အနိုင်ရခဲ့ပုံ၊ တရုတ်မြကွဲဒိန် တစ်လ ခြောက်ရက်နေ့၌ ချိန်းဆိုခဲ့ပုံကို ပြန်ပြောလိုက်လေ၏။

ဟူရှန်ဖုံသည် အားရပါးရ ရယ်မောလေတော့၏။

စင်ယောက်၏ ဝခုံးအား တစ်ချက်ပုတ်ကာ အားပါးတရ ချီးကျူးလေတော့သည်။

“သိပ်ကောင်းတယ် ငါ့တပည့် .... မင်းလုပ်ရပ်ဟာ တကယ့် အကွက်ကောင်းပဲ .... ”

စင်ယောက်သည် ဟူရှန်ဖုံ၏ ချီးကျူးမှုကြောင့် သွေးနားထင်ဆောက်သွား၏။

သို့သော် ဘာကောင်းတွေမှန်းတော့ မသိပေ။

“ဆရာ ဘာကောင်းတာလဲ .... ”

“သိပ်ကောင်းတာပေါ့ .... ခါးပြတွေထဲမှာ မင်း နာမည်ကြီးရမယ် .... အဖွဲ့အားလုံးရဲ့ ခေါင်းဆောင်အဖြစ် မင်းပဲ လုပ်ရမယ်၊ သူတို့ကို မင်းအစွမ်းပြရမယ် .... ဒါဟာ ငါ့အဖို့ လူစုပြီးသား ဖြစ်စေတဲ့ ကြံအစည်ပဲ”

စင်ယောက်မှာ မျက်လုံးပြူးသွားပြီး ....

“ဆ .... ဆရာကြီး သူတို့က လူအများကြီး .... ကျွန်တော် ယ်လို အစွမ်းပြရမှာလဲ .... ”

ဟူရှန်ဖုံက ပြုံးလိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် ဘာမှမပူနဲ့ .... အားလုံးက မင်းကို လေးလေးစားစားနဲ့ ဝိုက်းချုပ်အဖြစ် ကျေကျေနပ်နပ် လက်ခံရစေရမယ် .... "

စင်ယောက်သည် သူ့ဆရာကြီးကို ငေးကြည့်နေ၏။

ဟူရှန်ဖုံက ရယ်မောပြီး ပြောသည်။

"မင်းချိန်းခဲ့တာ တစ်လလောက် လိုသေးတယ် ...، ဒီတစ်လအတွင်းမှာ မင်းကို ငါ ပညာထပ်တက်ပေးဦးမှာပေါ့၊ အဲဒီချိန်းဆိုပွဲမှာ မင်းဟာ ကောင်းကောင်းကြီး အစွမ်းပြနိုင်မှာပါ .... မင်းဟာ ငါထင်တာထက် အများကြီး သွက်လက်ဖျတ်လတ်တယ် .... "

စင်ယောက်မှာ ဘာမှ ပြန်မပြောတော့ပါ။ သူ့ဆရာ၏ မျိုးကျ[illegible]သံကို ပီတိဖြစ်စွာ နားထောင်နေတော့သည်။



## အခန်း(၅၉)

## လျှို့ဝှက်အစည်းအဝေးဖိတ်စာ

ယိဖျောင်းရှမ်း ....

ဟန်စုချင် ....

ကျောက်ချွန်လင်နှင့် လုစုတို့သည် စန်တူအော့ ပင်လယ်၏ ဝန်းကျင်အနှံ့ ဟူရှန်ဖုံအား လိုက်လံရှာဖွေနေကြ၏။

သို့သော် ....

ရှာဖွေချိန်တစ်လ ကျော်ခဲ့သော်လည်း ရှာမတွေ့ခဲ့ကြပေ။

ဟူရှန်ဖုံ၏ အရိပ်အယောင်ပင် မတွေ့ရပါ။

အဘယ်မှာလျှင် တွေ့ပါမည်လဲ။

ဟူရှန်ဖုံတို့က ကျွန်းတစ်ကျွန်း၌ ခိုဝင်နေကြသည်ပဲ။

ကံငါသည်များမှာလည်း လိုက်မရှာနိုင်တော့ပါ။

အလုပ်အကိုင်ပျက်နေပြီ ဖြစ်၏။

ထို့ကြောင့် ....

www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးယောက်သာ လိုက်လံရှာဖွေကြရတော့သည်။

သဲလွန်စမရှိဘဲ စမ်းတဝါးဝါး ရှာကြခြင်းဖြစ်၍ သူတို့အားလုံး စိတ်ဓာတ်ကျလာသည်။

သူတို့ရှာဖွေနေစဉ် ဟူရှန်ဖုံတို့သည် ဤပြည်နယ်အတွင်းမှ ထွက်ခွာသွားကြပြီဟု နောက်ဆုံးကောက်ချက်ချရတော့သည်။

ယိဖျောင်းရှမ်းက ကျောက်ချွန်းလင်အား ပြောလိုက်သည်။

"ကျွန်မတို့ ဟူရှန်ဖုံကို လိုက်ရှာတာ တစ်လကျော်သွားပြီး ခုထိ ခြေရာခံလို့ မမိသေးဘူး .... ဒီလိုသာဆိုရင် အလကား အချိန်ကုန်တာပဲ ရှိမယ် ...."

ကျောက်ချွန်းလင်က ခေါင်းညိတ်လိုက်၏။

"အင်း .... ဒါဆိုရင် ကျုပ်တို့ ရှာဖွေနေတာ အပိုပဲ .... လက်လျှော့လိုက်ကြတာပေါ့ .... အချိန်တန်ရင် သူ ထပ်ပေါ်လာဦးမှာပါ"

"ဟုတ်တယ် ...."

ဤသို့ဖြင့် သူတို့က လမ်းခွဲလိုက်ကြသည်။

ယိဖျောင်းရှမ်းနှင့် ဟာန်စုချင်တို့က နင်ပိုမြို့သို့ ပြန်လာခဲ့၏။

ယိဖျောင်းရှမ်း၏ ဖခင် ယိထင်းဟောင်သည် နင်ပိုမြို့ရှိ ယန်ချင်းထန်၏အိမ်၌ လိုက်နေသဖြင့် သူတို့ နင်ပိုမြို့သို့သာ ပြန်လာခဲ့ကြသည်။

ကျောက်ချွန်းလင်၊ လုစုနှင့် တံငါရွာမှ ဟူတန်းသိုင်းပညာ သင်လိုသော ဆက်စုကောင်းတို့သည် ဟူတန်းတောင်သို့ ထွက်ခွာသွားကြ၏။

နောက် ဆယ့်ငါးရက်ခန့် ကြာသောအခါ ....



ယိဖျောင်းရှမ်းနှင့် ဟာန်စုချင်တို့သည် နင်ပိုမြို့ဆီသို့ ရောက်ရှိလာသည်။

ယန်ချင်းထန်တို့အိမ်၌ မောင်စန်းတောင် ဓားသမား ကျုံဖေပါ ရှိနေသေးသည်ကို တွေ့ရသောအခါ ယိဖျောင်းရှမ်းတို့ လွန်စွာအားတက်သွားကြသည်။

သူတို့၏ အတွေ့အကြုံများကို ပြန်ပြောလိုက်တော့သည်။

သူတို့၏ စကားဆုံးသောအခါ လူကြီးအားလုံး အထိတ်တလန့် ဖြစ်ကုန်တော့၏။

အားလုံး၏ရင်ထဲ၌လည်း စိုးရိမ်စိတ်များက ကြီးထွားလာကြသည်။ ကျုံဖေက ညည်းတွားလိုက်၏။

"ဒီလူဟာ ဘယ်လိုအသက်ပြင်းတဲ့လူလဲ မသိဘူး .... သူ ရေထဲ ကျသွားတော့ သေပြီလို့ပဲ အောက်မေ့ခဲ့မိတာ၊ ခု ကြည့်စမ်းပါဦး .... သူက အသက်ပြန်ရှင်နေပြီ .... ကလေးတွေတောင် သူ့လက်ချက်နဲ့ ကံကောင်းလို့ မသေခဲ့တာဘဲ ...."

ယိထင်းဟောင်က ခန့်မှန်းပြောကြား၏။

"ဟူရှန်ဖုံဟာ အသက်ရှင်နေသေးပေမယ့် ပကတိ ပြန်ကောင်းဖို့ နောက်လေးငါးနှစ်တော့ ကြာမယ်ထင်တယ် .... အဲဒီအချိန်ကျမှ သိုင်းလောကထဲ ပြန်ထွက်လာမှာပါ .... အချိန်အများကြီး ရှိဦးမှာပါ"

ကျုံဖေက ခေါင်းကို သွက်သွက်ခါယမ်းလိုက်သည်။

"မဟုတ်ဘူး .... သူ့ အလွန်ဆုံးကုသရရင် ခြောက်လလောက် ကြာမှာ၊ ဘာကြောင့်လဲဆိုတော့ သူက သိပ်အတွင်းအားအဆင့်မြင့်တဲ့ သိုင်းသမားဖြစ်နေလို့ပဲ .... ခု ပြန်ကောင်းလာပြီးတဲ့နောက် အအေး

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးကိုသာ လှေကျင့်အောင်မြင်သွားရင် သူ့ကို ယှဉ်ပြိုင်နိုင်ဖို့ မလွယ်တော့ဘူး .... သူ အရင်ဆုံး လက်စားချေမယ့်လူတွေကတော့ သူ့ဇနီး၊ သူ့သမီးနဲ့ ကျုပ်တို့ပဲ ဖြစ်လိမ့်မယ် .... ”

ကျုံဖေ၏စကားကြောင့် အားလုံး ကြက်သီးထသွားသည်။

ယန်လီကျူက ....

“ဘဘ .... သူက ပြန်ကောင်းလာတာနဲ့ သမီးတို့အားလုံးကို ပြန်ပြီး ဒုက္ခပေးမှာလား .... ”

ကျုံဖေက ခေါင်းညိတ်၏။

“ဗေဒင်မေးစရာမလိုပါဘူး .... သူ ဒုက္ခပေးမှာ အသေအချာပါပဲ .... ”

ယိဖျောင်းရှမ်းက ....

“ဒီလိုဆိုရင် လူထူးလူဆန်း သုံးယောက်ကို ပြန်ခေါ်ကြမလား ဟင် ဘဘ .... ”

ကျုံဖေက ခေါင်းခါလိုက်ပြီး ....

“လောလောဆယ်တော့ ခေါ်ဖို့မလိုသေးပါဘူး .... တကယ်တော့ လူထူးလူဆန်းသုံးယောက်လည်း ဟူရှန်ဖုံကို နိုင်တာမဟုတ်ပါဘူး .... အခုဖြစ်ရတာက သူ့ပညာက သူ့ကို ပြန်ဒုက္ခပေးသွားတာပဲ၊ တကယ် သူ့ကို နိုင်ချင်ရင်တော့ သူ့ဇနီး ဝါယီချန်ကို ရှာမှဖြစ်မယ်”

အားလုံးက ထိုစကားကြောင့် ကြောင်သွားကြ၏။

“ဝါယီချန်တို့သားအမိဟာ ဟူရှန်ဖုံရဲ့ ဇနီးနဲ့သမီးပဲ .... သူ့ သိုင်းပညာလည်း ဟူရှန်ဖုံ သင်ပေးထားတာပဲ .... ဒီသားအမိက ဟူရှန်ဖုံကို ဘယ်လိုဒုက္ခပေးနိုင်မှာလဲ .... ”



ထိုစကားကို နှုတ်မှ ထုတ်ပြောခြင်းမဟုတ်ပါ။

အခန်းထဲရှိ လူကြီးများက ကိုယ်စီတွေးနေကြခြင်း ဖြစ်ပါသည်။

ကျုံဖေသည် လူအများ ထိုသို့တွေးနေကြမည်ကို ကြိုတင်သိထား၏။

ထို့ကြောင့် ဆက်လက်၍ ရှင်းပြသည်။

“ငါ အလကားစကားပြောတာ မဟုတ်ဘူး .... ရန်သူ့သိုင်းကွက်ကိုသိရင် ဒီသိုင်းကွက်ကိုနိုင်မယ့် သိုင်းကွက်လည်း ရှာနိုင်မှာပဲ မဟုတ်လား .... ဟူရှန်ဖုံ ဘယ်လောက်ပဲတော်တော် သူ့မှာ ဟာကွက် ချွတ်ယွင်းချက်တော့ ရှိမှာပဲ .... ဒါကို ဝါယီချန်တို့ သားအမိက အတူနေလာတာကြာတော့ အနည်းနဲ့အများ သိကြမှာပဲ .... ဒီတော့ သူတို့ သားအမိကိုရအောင် ရှာရမယ်၊ သူတို့ကို သိုင်းကွက်ကစားကြည့်ခိုင်းမယ် .... ဒါကိုကြည့်ပြီး ချေဖျက်နိုင်မယ့်သိုင်းကွက်ကို ရှာရမှာပေါ့”

ထိုအခါကျမှ ယိထင်းဟောင်နှင့် ယန်ချင်းထန်တို့ သဘောပေါက်သွားကြသည်။

ယိဖျောင်းရှမ်းက ....

“သူတို့သားအမိက မိစ္ဆာတျွန်းကနေ ထွက်လာပြီးတဲ့နောက် ဇာတ်မြှုပ်နေမယ်လို့ ပြောသွားတာပဲ .... ဘယ်မှာ ဇာတ်မြှုပ်နေမယ်ဆိုတာ မသိဘဲ ဘယ်ကိုလိုက်ရှာကြမှာလဲ”

ကျုံဖေက ရယ်မောလိုက်၏။

“သူတို့သားအမိက အခုလောလောဆယ်မှာ စိတ်ထိခိုက်နေမှာပဲ .... ဒါပေမယ့် သူတို့သွားမယ့်နေရာကိုတော့ အကြမ်းဖျင်း ခန့်မှန်းလို့ရပါတယ် .... တောင်ဘက်နဲ့ အရှေ့ဘက်ပိုင်းမှာပဲ ရှိမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က မိန်းမသားနှစ်ယောက်ဆိုတော့ ဝေးဝေးသွားပြီး ဓာတ်မြုပ် မှာတော့ မဟုတ်ပါဘူး .... ”

ယိထင်းဟောင်က မေးလိုက်၏။

“ခုချက်ချင်းပဲ လုပ်ငန်းစ,တော့မလို့လား .... ”

ကျုံးဖေက ခေါင်းညိတ်၏။

“ဓိရိယဆိုတာ ဘယ်တော့မှ ပိုတယ်မရှိဘူး .... လိုတာချည်းပဲ သိုင်းလောကမှာ အန္တရာယ်အနံ့ရရင် အဲဒီအနံ့ကို ချက်ချင်း ရှင်းရတယ် အကောင်းတွေ့မှ ရှင်းမယ်ဆိုရင် အချိန်နောက်ကျနေပြီသာ မှတ် တော့ .... ယိထင်းဟောင် ခင်ဗျားသမီးဟာ သတ္တိလည်းရှိတယ် .... သိုင်းလောကအတွေ့အကြုံလည်း များပါတယ် .... ကျုပ် ခေါ်သွား တယ် .... ”

ယိထင်းဟောင်က လွန်စွာဝမ်းသာသွားမိ၏။

“ခေါ်ပါဗျာ ခေါ်ပါ .... ခင်ဗျားရဲ့ လက်ကတုံးတောင်ရေ အဖြစ် အသုံးချနိုင်ရင်ပဲ ကျုပ် ကျေနပ်လှပါပြီ .... သိုင်းလောကအကျ ဆောင်တဲ့ကိစ္စဟာ ဂုဏ်ယူစရာလည်း ဖြစ်ပါတယ်”

ဟာန်စုချင်သည် ယိဖျောင်းရှမ်းကို လှမ်းကြည့်လိုက်၏။

ယိဖျောင်းရှမ်းက ကျုံးဖေအား လှမ်းပြော၏။

“ဘဘ .... မမဟာန်စုချင်ကော .... ”

“သူ လိုက်ချင် လိုက်ပါစေ .... ”

ထိုအခါ ....

ယန်ကျင်ကန်နှင့် ယန်လီကျူတို့က နှုတ်ခမ်းစူ ခြေဆော ကြလေတော့၏။



“သမီးတို့ပါ လိုက်မယ် .... သမီးတို့ကိုတော့ သိုင်းပညာ ညံ့ တယ်ဆိုပြီး ထားပစ်ခဲ့တာလား .... ”

ယန်ချင်ထန်က ကျုံးဖေအား တောင်းပန်လေ၏။

“နောင်ကြီးကျုံးဖေ .... ခင်ဗျားရဲ့တူနဲ့ တူမကိုတော့ ထားမပစ် ခဲ့ပါနဲ့ဗျာ .... သူတို့လည်း သိုင်းလောက အတွေ့အကြုံ ရပါစေ .... ယူပါစေဗျာ”

ကျုံးဖေက ....

“ယန်ချင်ထန် ဖြစ်ပြီးခဲ့တဲ့ အဖြစ်အပျက်ကိုပဲ ကြည့် .... သိုင်း လောကအတွေ့အကြုံရဖို့ ပေးရတဲ့တန်ဖိုးက နည်းတာမဟုတ်ဘူးနော်၊ နားလည်တယ် မဟုတ်လား .... ”

ကျုံးဖေပြောသည့် အဓိပ္ပာယ်ကို ယန်ချင်ထန် သိပါသည်။

အသက်နှင့် ရင်းရတတ်သည်ဟု ပြောခြင်း ဖြစ်ပါသည်။

“နောင်ကြီးကျုံးဖေ .... နောင်ကြီး ပြောတာကို ကျုပ် သိပါ တယ်၊ ကိစ္စမရှိပါဘူး .... သူတို့ သတ္တိရှိကြပါတယ် .... ”

“သတ္တိရှိတာကိုတော့ ကျုပ် သိပါတယ် .... သိုင်းလောကမှာ သေးကမ်းနဲ့အမိန့်ကို နာခံပါမယ်ဆိုတဲ့ ကတိပေးရင်တော့ ကျုပ် ခေါ် သွားပါ့မယ် .... ”

ကျုံးဖေသည် ယန်ကျင်ကန်နှင့် ယန်လီကျူတို့ စိတ်ထင်တိုင်း လုပ်တတ်ကြသည့်အဖြစ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ကြိုတင် ကတိတောင်းခြင်း ဖြစ်သည်။

ယန်ကျင်ကန်နှင့် ယန်လီကျူတို့သည် ကျုံးဖေရှေ့၌ ဒူးထောက် လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘဘ .... ကျွန်တော်တို့ ဘဘရဲ့အမိန့်ကို တိတိကျကျ နာခံပါ့မယ် ခင်ဗျာ၊ ကျွန်တော်တို့ ဘဘနဲ့ အတူလိုက်ပါရစေ .... "

ကျုံ့ဖေအနေဖြင့် ယန်ကျင်ကန်နှင့် ယန်လီကျူတို့အား ငြင်းဝယ်၍မရတော့ပေ။

ယန်ချင်ထန်၏ မျက်နှာကိုလည်း ထောက်ထားရမည် မဟုတ်ပါလား။

"ကောင်းပြီ .... အရေးအကြောင်းကြုံတဲ့အခါမှာသာ မင်းတို့ အမိန့်ကို နာခံတတ်ကြပါစေ .... မင်းတို့ဟာ သိုင်းဂိုဏ်းတစ်ခုမှာ စနစ်တကျ သိုင်းပညာသင်ခဲ့တဲ့လူတွေမဟုတ်တော့ အမိန့်ရဲ့ အရေးကြီးပုံကို မသိကြဘူး .... ခေါင်းဆောင်ရဲ့အမိန့်ကို မနာခံတဲ့အတွက် ပျက်စီးသွားခဲ့ရတဲ့ အသင်းအဖွဲ့တွေ .... အုပ်စုတွေ တစ်ပုံတစ်ပင်ကြီး ရှိတယ်၊ အမိန့်ကို လိုက်နာ၊နာခံတတ်ကြပါစေ .... "

"စိတ်ချပါ ဘဘ .... သမီးတို့ ကြိုးစားပါ့မယ်ရှင်"

ဤသို့ဖြင့် ယန်ကျင်ကန်တို့ မောင်နှမသည်လည်း ကျုံ့ဖေ၊ ယီဖျောင်းရှမ်း၊ ဟန်စုချင်တို့နှင့်အတူ လိုက်ပါခွင့်ရသွားကြလေတော့၏။

ယန်ချင်ကန်သည် စိတ်သက်သာရာ ရသွား၏။ ကျုံ့ဖေက သူ့သားနှင့် သမီးကို အတူခေါ်ဆောင်သွားဖို့ သဘောတူလိုက်ပြီ မဟုတ်ပါလော။

ယီထင်းပေါင်က ခေါင်းတညိတ်ညိတ်ဖြင့် ရွှေ့ရွှတ်နေလေ၏။

"အင်း .... ကောင်းပါတယ်ဗျာ၊ ဒါမှလည်း သူတို့အတွက် ဗဟုသုတ တိုးလာတာပေါ့ .... သိုင်းလောကအတွေ့အကြုံဆိုတာ ဘဝမှာ လိုအပ်ပါတယ် .... "



ယန်ကျင်ကန်တို့ မောင်နှမမှာလည်း သူတို့ပါ လိုက်ရမည်ဆိုသောကြောင့် အလွန်ပျော်သွားကြသည်။

ခရီးထွက်ရန်အတွက် ချက်ချင်းထကာ ပြင်ဆင်ကြတော့သည်။

နောက်တစ်နေ့နံနက်တွင် သူတို့လူစု ခရီးထွက်ကြ၏။

ခရီးပိုတွင်ရန် မြင်းများဖြင့် စီးနင်း ခရီးထွက်ကြခြင်းဖြစ်သည်။

ဆာလျှင် ရပ်နား စားသောက်ပြီး နေ့ညမခွဲခြားဘဲ ခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။

လူငယ်များမှာ အတွေ့အကြုံ အတော်အတန် ရှိပြီးဖြစ်၍ ပင်ပန်းသည်ဟု လုံးဝမထင်ကြပေ။

ဤသို့ ခရီးပြင်းနှင်လာရာ ငါးရက်မျှ ကုန်လွန်ပြီးနောက် သားငါးဆန်ရေစပါး ပေါများကြွယ်ဝသော ကျုက်ကျန်းနယ်စပ်သို့ ရောက်ရှိလာလေတော့သည်။

ကျင်ပဟွာမြို့ ....

ကျင်ပဟွာမြို့မှာ ကျုက်ကျန်းနယ်နှင့် ဖူကျင်းပြည်နယ် စပ်ကြားရှိမြို့ကလေးဖြစ်၏။ ဝက်ပေါင်ခြောက်ဖြင့် နာမည်ကြီးသော မြို့ကလေးဖြစ်ပါသည်။

ကျုံ့ဖေတို့လူစုမှာ ကျင်ပဟွာမြို့ကလေးဆီသို့ ရောက်လာ၏။ ထိုမြို့တွင် ခေတ္တနားခိုပြီး သတင်းများကို စနည်းနာစုံစမ်း၏။

ညနေစောင်းမှာ ကျင်ပဟွာမြို့ကလေးမှ ထွက်လာကြသည်။

ကျင်ပဟွာမြို့ကလေးမှ ထွက်လာခဲ့ပြီး နောက်ထပ်၍ လူသွားလူလာ ဟူ၍ သိပ်မတွေ့ရတော့ချေ။ ခရီးသွားများ ပါးသွားလေ၏။

သူတို့လူစုကမူ စကားတပြောပြောနှင့် ခရီးဆက်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက်ပါ။

တောင်ကုန်းကလေးတစ်ခုဆီသို့ ရောက်လာခဲ့လေသည်။

ရှေ့ဆုံးမှ ဦးဆောင်သွားနေသော ကျူးဖေ၏ မြင်းသည် ဘုံ့ခနဲ ရပ်သွား၏။ တစ်စုံတစ်ရာကို မြင်တွေ့ခြင်းကြောင့် ရပ်တန့်ခြင်း ဖြစ်ကြောင်း ရိပ်မိကြသဖြင့် ကျူးဖေ၏အနီးပတ်ဝန်းကျင်၌ ဝိုင်းရပ်လိုက်ကြသည်။

ကျူးဖေ၏ အမူအရာ ထူးခြားနေကြောင်း ယိဖျောင်းရှမ်း ရိပ်မိလိုက်၏။

"ဘာဘ ဘာတွေ့လို့လဲ .... ရှေ့မှာ ဓားပြတွေ ရှိနေလို့လား"

ကျူးဖေက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်သေးပါဘူး .... "

"ဒါဖြင့်ရင် ဘာများလဲ ဘာဘ .... "

"ဟောဟိုရှေ့က သစ်ပင်ကိုကြည့်စမ်း .... သင်္ကေတတွေ တွေ့နေရတယ် .... "

သူသည် ကြီးမားသောသစ်ပင်တစ်ပင်ကို လက်ညှိုးထိုးပြသည်။

ယိဖျောင်းရှမ်းတို့အားလုံး ကျူးဖေ လက်ညှိုးထိုးပြသော သစ်ပင်ကို သွားရောက်ကြည့်ရှုကြသည်။

သစ်ပင်မှာ လူနှစ်ဖက်စာမျှမက ကြီး၏။

သစ်ပင်၏ ပင်စည်၌ နှစ်ပေခန့် အခေါက်ကို ခွာထားပြီး ခွာထားသောနေရာ၌ အင်းကွက်ပုံသဏ္ဌာန် စာအချို့ရေးသားထားသည်ကို တွေ့လိုက်ရသည်။

ယိဖျောင်းရှမ်းက သိလိုက်၏။



ထိုသင်္ကေတမှာ သိုင်းလောက အဖွဲ့အစည်းတစ်ခု၏ လျှို့ဝှက်ဆွေးနွေးပွဲလုပ်ရန် ချိန်းဆိုသော အမှတ်အသားဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

သို့သော် ....

အချိန် နေရာ နေ့ရက်ကိုမူ သူမက မဖော်တတ်ချေ။ မဖတ်တတ်ချေ။

သိုင်းလောက အဖွဲ့အစည်းများ၏ ဖိတ်ကြားစာများကို အခြားနည်းလမ်းဖြင့် ခန့်ခန့်ညားညား ဖိတ်ကြားတတ်ကြသကဲ့သို့ ဤလိုလျှို့ဝှက်အမှတ်အသားများနှင့်လည်း ဖိတ်ကြားတတ်ပါသည်။

ယိဖျောင်းရှမ်းက ....

"ဘာဘ .... အစည်းအဝေးဖိတ်တဲ့ အမှတ်အသား ဆိုတာတော့ သိပါတယ်၊ အချိန်နဲ့နေရာကိုတော့ မသိဘူး .... "

ကျူးဖေက ....

"ဒီနေ့ည အုန်းမောင်းသုံးချက်မှာ ဒီအနီးအနားက ကွက်လပ်မှာ တွေ့ဆုံဖို့ ချိန်းထားတဲ့စာပဲ .... "

ယန်လီကျူက ....

"ဘာဘ ဘယ်လိုလုပ် သိသလဲ .... "

ကျူးဖေ မပြောမီ ဟန်စုချင်က ကြားဖြတ်ပြောလိုက်၏။

"သူတို့ဟာ သူတို့ ချိန်းတာ .... ကိုယ်နဲ့ မဆိုင်ဘူး၊ စပ်စုမနေဘာပဲ ကောင်းမယ်နဲ့တူတယ် .... ကိုယ့်လမ်း ကိုယ်ဆက်ကြတာပေါ့နော် ဘာဘ .... "

ကျူးဖေက ခေါင်းယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း မဟုတ်သေးဘူး .... တို့ ဒီတစ်ခါ ထွက်လာတာ သတင်းစုံစမ်းဖို့ပဲ မဟုတ်လား .... ဒီတော့ ဘယ်ကသတင်းကြားရမလဲ ဆိုတာ စုံစမ်းနေရမှာပဲ၊ အခုလည်း ဒီလူတွေရဲ့ ချိန်းပွဲကနေပြီးတော့ တို့အတွက် အကျိုးရှိမယ့်စကားလည်း ကြားချင်ကြားရမှာပေါ့ .... ဒါက သက်သက်စပ်စုတဲ့သဘောမှ မဟုတ်တာ .... ဒါကြောင့် ဒီအစည်း အဝေးကို စောင့်ကြည့်သင့်တယ် .... "

ကျုံဖေကား သူတို့၏ ခေါင်းဆောင်ပင်။ သိုင်းလောကအတွေ့ အကြုံလည်း သူတို့ထက် များပြား၏။

တို့ကြောင့် ငြိမ်သက်တိတ်ဆိတ် သွားကြသည်။

ကျုံဖေက စောင့်ကြည့်သင့်သည်ဆိုလျှင် သူတို့ စောင့်ကြည့်ကြ ရုံသာ။

ကျုံဖေသည် ထိုပတ်ဝန်းကျင်တစ်ဝိုက်ကို လှည့်လည်ကြည့်ရှု လိုက်၏။

"တို့ငါးယောက်စလုံး အတူတူပုန်းလို့မဖြစ်ဘူး .... တစ်နေရာ ရာ လုံခြုံရာရှာပြီး ခွဲပုန်းရမယ် .... အလင်းရောင်ကလေးရှိတုန်း အား လုံး ကိုယ်ပုန်းဖို့နေရာ ကိုယ်ရှာပြီး ပုန်းကြ .... အားလုံး သေသေဝပ် ဝပ် ရှိကြပါစေ .... "

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်မှာ တစ်တွဲတွက်ကာ တောင်ကုန်း ခါးလယ် မြေကွက်လပ်အပေါ်ကို စီး၍မြင်ရသည့် နေရာ၌ ပုန်းသည်။

ယန်ကျင်ကန်နှင့် ယန်လီကျူတို့ မောင်နှမနှစ်ယောက်မှာ ကွက်လပ်နှင့် မနီးမဝေး ချုံကွယ်အောက်၌ ကျင်းတူး၍ ဝပ်နေကြ သည်။



ထိုနေရာများကို ကျုံဖေကိုယ်တိုင် စစ်ဆေး၏။

"မင်းတို့အားလုံး ဘာသံမှ မပြုကြနဲ့နော် .... အသံကြားရင် တော့ ပြဿနာဖြစ်မှာပဲ .... "

လူငယ်များက သတိထားမည်ဖြစ်ကြောင်း ကတိပေးကြ၏။

ကျုံဖေသည် အခြေအနေအရပ်ရပ်ကို စစ်ဆေးပြီးနောက် သူ ကိုယ်တိုင် ပုန်းအောင်းရန် ထွက်ခွာသွားတော့၏။

www.burmeseclassic.com



အခန်း(၆၀)

## အကြံ့စည်းဝေးသူများ

နေလုံးကြီးသည် လုံးဝ ငုပ်လျှိုးပျောက်ကွယ်သွားခဲ့လေပြီ။ ထို့ကြောင့် လောကဓာတ်ကြီး တစ်ခုလုံး မှောင်မိုက်လာတော့၏။

အမှောင်ထု ကြီးစိုးလာပြီးနောက် ပိုးပရစ်သံများ စိုးစိုးစီစီ မြည်လာသည်။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် စိတ်မောစွာ စောင့်နေကြ၏။

အချိန်သည် စောင့်သူအဖို့ ကုန်ခဲလှသည်။

ယန်ကျင်ကန်တို့မောင်နှမဆိုလျှင် သူတို့ထက်ပင် စိတ်မောနေကြလိမ့်မည်ဟု ယိဖျောင်းရှမ်း တွေးတောမိယေသည်။

ညဥ့်သည် တဖြည်းဖြည်း နက်သည်ထက် နက်လာ၏။

ထိုစဉ် ....

အဝေးမှ မီးအလင်းရောင် ကွက်တိကွက်ကျား ပေါ်လာသည်။

ယိဖျောင်းရှမ်းမှာ ကြက်သီးထသွား၏။



သူမက တီးတိုးပြောသည်။

“ဒါ လူလား တောမီးပဲလား မမ .... ”

အလွန်တရာ သတ္တိရှိသော ယိဖျောင်းရှမ်းတစ်ယောက်ထံမှ အကြောက်စကားကို ကြားလိုက်ရသောအခါ ဟန်စုချင်က ခစ်ခစ် ရယ်မိ၏။

ယိဖျောင်းရှမ်းက ရှက်ရှက်နှင့် ဆက်ပြောသည်။

“တောမီးဆိုလည်း ကောင်းတာပဲ၊ တောမီးက လူကို ရန်မပြုနိုင်ဘူးနော် .... ”

ထိုစဉ် မီးတုတ်များမှာ တဖြည်းဖြည်းနှင့် နီးလာသည်။ တောမီး မဟုတ်ပေ။

အစည်းအဝေး တက်ရောက်မည့်သူများ မီးတုတ်ကိုယ်စီနှင့် ရောက်ရှိလာကြခြင်းပေတည်း။

မြေကွက်လပ်၌ မီးများ လင်းထိန်လာ၏။ လူများ မြေကွက်လပ်ထဲ၌ စုရုံးမိကြလေပြီ။

မီးရောင်ကြောင့် ထိုလူများကို ကောင်းစွာ မြင်တွေ့ခွင့်ရသည်။

ယိဖျောင်းရှမ်းက သေချာစွာ ကြည့်လိုက်၏။

လူစင်စစ်ပင် ဖြစ်၏။

တော မဟုတ်ပါ။

ထိုလူများသည် ပတ်ဝန်းကျင်အနှံ့အပြား မီးတုတ်များနှင့် လှိုက်လံရှာဖွေကြသည်။

ယိဖျောင်းရှမ်းတို့ သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ အစည်းအဝေးမလုပ်မီ ရန်သူများ ရောက်မရောက် ကြိုတင်စစ်ဆေးခြင်း ဖြစ်ကြောင်းပင်တည်း။

ထိုလူအားလုံး အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားကြ၏။ မျက်နှာကိုလည်း ဖုံးကွယ်ထားကြပြန်သည်။

အမှောင်ထဲ၌ပင် ကာကွယ်ရေးလုပ်လာကြသည်။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် တစ်ဦးကိုတစ်ဦး လက်တို့ပြီး မြေကျင်းထဲ၌ ဝပ်နေကြရ၏။

အသက်ပင် ပြင်းပြင်းမရှုရဲကြချေ။

အတန်ကြာမှ ထိုလူများ ပြန်ထွက်သွားကြ၏။

"မသင်္ကာစရာ ဘာမှ မတွေ့ရဘူး .... အချက်ပေးလိုက်တော့"

ထိုအခါ ....

မျက်နှာဖုံးစွပ်တစ်ယောက်က ခရာတစ်ခုကို ထုတ်ကာ မှုတ်လိုက်၏။

"တူ .... တူ .... တူ .... "

ခရာသံသည် တိတ်ဆိတ်နေသော ညဥ့်ယံကို ဖောက်ထွင်းကာ ထွက်ပေါ်လာ၏။

ထိုအခါ အရပ်လေးမျက်နှာမှ မီးတုတ်အလင်းရောင်များ ကွက်တိကွက်ကျား ပေါ်လာသည်။

အချို့သည် တောင်ကုန်းကလေးကို ကျော်တက်လာ၏။

ယိဖျောင်းရှမ်းတို့ ပုန်းနေသည့်နေရာနှင့် မနီးမဝေးမှပင် ဖြတ်ကျော်သွားကြသည်။



အားလုံး လေးဆယ်ကျော် ငါးဆယ်နီးပါး ရှိမည်ဟု ခန့်မှန်းကြရသည်။

ထိုလူစု၏ရှေ့မှ တစ်ယောက်က အလံတစ်ခုကို ကိုင်ဆောင်လာ၏။

အလံပေါ်၌ အစိမ်းရောင်ငှက်တစ်ကောင်ပုံကို ရေးဆွဲထားသည်။

တောင်ကုန်းကို ဖြတ်ကျော်လာသူများသည် ထိုအစိမ်းရောင်ငှက်အဖွဲ့သားများ ဖြစ်ပုံရသည်။

မကြာမီ ....

ထိုလူများမှာ ကွက်လပ်ဆီသို့ ဆိုက်ရောက်သွားလေ၏။

အခြားအုပ်စုများလည်း တစ်အုပ်စုဆီ ကွက်လပ်ထဲ၌ စုရုံးသွားမိကြသည်။

ထိုအုပ်စုများသည် နေရာတကျ ထိုင်ကြသော်လည်း တစ်အုပ်စုနှင့် တစ်အုပ်စု စကားပြောခြင်း မရှိပေ။

သူတို့၏ ပုံသဏ္ဌာန်အရ တစ်စုံတစ်ဦးအား စောင့်မျှော်နေဟန်ရှိကြောင်း ခန့်မှန်း၍ ရပေသည်။

သူတို့ အကြာကြီး မစောင့်ရပါ။

မကြာမီပင် အဝေးမှ မီးရောင်များ တလှက်လက်ထွက်ပေါ်လာပြန်သည်။

ကွက်လပ်ထဲမှ အသံတစ်သံ ထွက်ပေါ်လာ၏။

"အင်း .... ကျားဝါညီနောင်တော့ လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဦးထုတ်ဆိုင်းထားသော လူတစ်စုသည် ကွက်လပ်ထဲသို့ ဝင်လာကြသည်။

ယိမ်းဖျောင်းရှမ်းမှာ သိုင်းလောကသို့ ဝင်သည်မှာ မကြာသေးပါ။

သို့သော် ....

သူမအဖို့ သိုင်းလောကရှိ အဖွဲ့အစည်းအသီးသီး အကြောင်းကိုမူ ငယ်စဉ်ကတည်းက ဖခင် ပြောပြသဖြင့် သိရှိထား၏။

သို့သော် အစိမ်းရောင်ငှက်အဖွဲ့နှင့် ကျားဝါညီနောင်ဟူသော အဖွဲ့အစည်းများ အကြောင်းကို မကြားဘူးချေ။

သူမ မကြားသည်မှာလည်း အဆိုးမဆိုသာပါ။

ဤအဖွဲ့များသည် သာမန်ဓားပြဂိုဏ်းသာသာ အဖွဲ့များ ဖြစ်နေသောကြောင့်ပါတည်း။

သူ ကြားဖူးထားသည့် ဂိုဏ်းကြီးများမှာ ရှောင်လင်၊ ဟူတာန်၊ ခွန်းလွန်၊ ခုံးတုံ၊ ဝါမေ အစရှိသည့် ဂိုဏ်းကြီးများသာ ဖြစ်ပါသည်။

ထိုစဉ် ....

အစိမ်းရောင်ငှက်အဖွဲ့မှ လူတစ်ယောက်က ထရပ်လိုက်၏။

ထိုလူမှာ ခန္ဓာကိုယ်ထွားကျိုင်းသည်။ ကြမ်းတမ်းသော ရုပ်ရည်လည်းရှိသည်။

ထိုလူက ကျားဝါညီနောင်ဘက်မှ လူများကို တစ်ချက်ကြည့်လိုက်ပြီးနောက် မေးလိုက်၏။

"ခင်ဗျားတို့ ခေါင်းဆောင်ကော .... "

ကျားဝါဂိုဏ်းဘက်မှ လူတစ်ယောက်ထွက်လာ၏။



ထိုလူမှာ အသားအရေ မည်း၏။ သူလည်း ခန့်ညားသောရုပ်ရည် မရှိချေ။

ထိုသူ၏အမည်မှာ စန်ထင်ပ ဖြစ်၏။

သူသည် ....

ကျက်ကျန်းပင်လယ်ပြင်မှ ကျားဝါဓားပြဂိုဏ်း၏ ခေါင်းဆောင် ဖြစ်ပါသည်။

အစိမ်းရောင်ငှက် ဂိုဏ်းမှာလည်း .... ပင်လယ်ဓားပြဂိုဏ်း တစ်ဂိုဏ်းပင် ဖြစ်ပါသည်။

အစိမ်းရောင်ငှက်ဂိုဏ်းမှ ထရပ်သူမှာ စုံကျွန်းချွေ အမည်ရှိ၏။

သူလည်း ခေါင်းဆောင်ပင်တည်း။

သူ၏ သိုင်းပညာမှာ မဆိုးပါ။

လှံနှစ်ချောင်းဖြင့် နာမည်ရလာသူ တစ်ယောက်ပင် ဖြစ်ပါသည်။

စန်ထင်ပက ....

"ကျုပ်က ကျားဝါအဖွဲ့ခေါင်းဆောင် စန်ထင်ပပါ .... "

စုံကျွန်းချွေက ....

"ဪ .... ခင်ဗျားကခေါင်းဆောင်ကိုး၊ ကျုပ်ကတော့ အစိမ်းရောင်ငှက်ရိုးရဲ့ ခေါင်းဆောင်ပါ .... ကျုပ်နာမည်က စုံကျွန်းချွေ"

စန်ထင်ပက ဦးညွှတ်ဂါရဝပြုပြီး ....

"တွေ့ရတာ ဝမ်းသာပါတယ် .... ဒါထက် ခင်ဗျားကော မှုန်ရောင်ရဲ့ဖိတ်စာ ရပါသလား"

စုံကျွန်းချွေ ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ခေါင်းဆောင်ကြီးတစ်ယောက်ကို တွေ့ထားသတဲ့ အဖွဲ့အားလုံးကို ခေါင်းဆောင်ဖို့ပေါ့ဗျာ .... ဂိုဏ်းချုပ်ကြီး သဘောမျိုး ပါတဲ့ .... ဒါ ထားပါဦး၊ ခင်ဗျားကော အဲဒီခေါင်းဆောင်ကြီးကို တွေ့ ဖူးသလား .... "

စန်ထင်ပက ....

"မတွေ့ဖူးဘူး .... ဒါပေမယ့် ဒီလူဟာ သိုင်းပညာ သိပ်တော် တာလို့တော့ ကြားတယ်၊ ပြီးတော့ ဒီလူရဲ့ အသားအရေဟာ ပြာနှမ်း နေတယ်တဲ့ .... ဒီလိုသိုင်းပညာမျိုး ခင်ဗျား ကြားဖူးသလား .... ကျုပ် တော့ မကြားဖူးဘူးဗျာ .... "

"မှန်ညီနောင်က လိမ်ပြောတာလားမှ မသိတာ .... သူတို့ကို အရမ်းယုံလို့တော့ မရဘူး .... "

ယိဖျောင်းရှမ်းတို့သည် စုံကျွန်းခွေနှင့် စန်ထင်ပတို့၏ စကား ကို သဲတွဲစွာ ကြားနေကြရသည်။

တစ်ကိုယ်လုံး ပြာနှမ်းနေသော လူဆိုသည်မှာ မည်သူနည်း။ လောကဌ် ပြာနှမ်းနေသောလူ တကယ်ရှိပါသလား။

အသားမည်းသူကိုသာ ပြာနှမ်းနှမ်း ဖြစ်နေသည်ဟု ပြောတာ ကြသည့် မဟုတ်ပါလား။

သူတို့ စဉ်းစားမရ ဖြစ်နေကြ၏။

ထိုစဉ် စကားသံက ထွက်ပေါ်လာသဖြင့် နားပြန်စွင့်ရပြန်သည်။

စန်ထင်ပက ....

"မှန်ညီနောင်ဟာ လိမ်ပြောမယ့်လူတော့ မဟုတ်ဘူး .... သူ



တို့ပြောတာက ဒီလူထူးလူဆန်းဟာ အသက်နှစ်ဆယ်ပတ်ဝန်းကျင်ပဲ ရှိမယ်တဲ့ .... သူ လေ့ကျင့်တဲ့ပညာက ဘာမှန်းတော့ မသိဘူးတဲ့ .... ဒီလူရဲ့ အပြောတော့ သူ့ရဲ့အသက်က တစ်ရာသုံးဆယ့်နှစ်နှစ် ရှိပြီလို့ ပြောတယ်တဲ့ .... "

ယိဖျောင်းရှမ်းမှာ ထိုစကားကြောင့် စဉ်းစားမရ ဝိုကျုပ်သွား ၏။ မို၍ နားမလည်နိုင်ဘဲ ဖြစ်နေ၏။

ဤစကားအရ ပုံရှုန်ဖုံ မဟုတ်နိုင်တော့သည်မှာ သေချာနေ လေပြီ။

ဤသို့ဆိုလျှင် မည်သူနည်း။

ဤစန်တူအော့ ပင်လယ်ပြင်တွင် အမှန်တကယ် လူထူးလူဆန်း ပေါ်နေပြီလော။

စန်ထင်ပက ဆက်ပြောပြန်သည်။

"ဒီ လူထူးလူဆန်းဟာ တို့ပင်လယ်ဓားပြတွေရဲ့ ခေါင်းဆောင် လုပ်မယ်လို့ပြောတယ် .... အားလုံး အဖွဲ့အသီးသီးကိုလည်း စန်တူ အော့ ပင်လယ်သစ်ဆိပ်ကမ်းခြေမှာ စုရုံးဖို့ပဲ ခေါ်ထားတယ်တဲ့"

စုံကျွန်းခွေက ....

"ဟုတ်တယ် .... ဒါကြောင့် ခင်ဗျားကို ဖိတ်ခေါ်ပြီး ဆွေးနွေး ရတာပဲ .... "

စန်ထင်ပက ....

"ခင်ဗျားသဘောက ဘယ်လိုရှိလို့လဲ .... "

"ကျုပ်က ဒီလူရဲ့သိုင်းပညာကို စမ်းကြည့်ချင်တယ်"

ထိုစဉ် အော်သံတစ်ခုက ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရန်သူ ရန်သူ .... "

ထိုအသံကြောင့် စန်ထင်ပနင့် စုကျွန်းခွေတို့ လူများမှာ လှုပ်ရှားသွား၏။

လက်နက်ကိုယ်စီလည်း ဆွဲတုတ်ကြသည်။

ယိဖျောင်းရှမ်းမှာ ရင်ထိတ်သွား၏။

မည်သည့်အတွက် ဤသို့ ဖြစ်သည်ကို သူတို့ မသိကြပေ။

ထို့ကြောင့် ရင်တထိတ်ထိတ်နှင့် အရိပ်အခြည်ကို စောင့်ကြည့်နေကြရတော့သည်။

ဤပြဿနာကို ယန်ကျင် ကန်တို့မောင်နှမက စ,ကြခြင်းပေတည်း။

ယန်ကျင်ကန်တို့သည် ချုံကွယ်အောက်မှ ကျင်းထဲ၌ ပုန်းနေ၏။

သူတို့ ပုန်းအောင်းသည့်နေရာမှာ ယိဖျောင်းရှမ်းတို့လောက် မနီးပေ။ ကျုံဖေက တမင် ဝေးဝေးချထားခြင်း ဖြစ်သည်။

သူတို့သည် အတွေ့အကြုံနည်းသူများဖြစ်၍ ရန်သူများကြား၌ ကိုယ်ဖျောက်သံဖျောက် မလုပ်နိုင်ကြောင်း ကျုံဖေ သိသည်။

ထို့ကြောင့် ဝေးဝေး၌ နေရာချထားပေးခြင်းဖြစ်သည်။ ယန်ကျင်ကန်တို့မောင်နှမသည် ထိုအုပ်စုများ ပြောနေသည့်စကားများကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသဖြင့် အားမလိုအားမရဖြစ်ကာ ချုံကြားမြေကျင်းထဲမှထွက်ပြီး ရှေ့သို့ တိုးလာကြ၏။

ထိုအသံကို ဓားပြများ ကြားသွားပြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားခြင်းပေတည်း။



ဓားပြများက အော်ဟစ်ကြတော့၏။

"သူလျှို သူလျှို .... ဒီအထဲမှာ မလွတ်စေနဲ့"

ယန်မောင်နှမသည် မတတ်သာတော့သဖြင့် ဓားထုတ်ကာမှ ခုခံတိုက်ခိုက်ရတော့သည်။

ပင်လယ်ဓားပြများမှာ လူများလှသည်။

ယန်မောင်နှမ မခံနိုင်တော့ပေ။

ထိုအခါ ယန်လီကျူက စူးစူးရှရှ အော်ဟစ်အကူအညီတောင်းတော့သည်။

"ဘဘ .... ကျွန်တော်တို့ကို ကယ်ကြပါဦး .... "

ဓားပြများမှာ ထိုစကားကြောင့် ဆုတ်ခွာသွား၏။

ရန်သူများမှာ .... နောက်ထပ် ရှိနေသေးကြောင်း သိရသောကြောင့် ဖြစ်သည်။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့မှာလည်း မနေသာတော့ပါ။

ကျင်းပေါ် ခုန်တက်လိုက်ပြီး ရန်သူများအကြားသို့ သံလုံးများနှင့် ပစ်ခတ်ကြတော့သည်။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့၏ တိုက်ခိုက်မှုကြောင့် ပင်လယ်ဓားပြအတော်များများမှာ သံလုံးကြောင့်လည်းကောင်း၊ လက်နက်ပုန်းအပ်ကြောင့်လည်းကောင်း လဲကျကုန်၏။

ထိုအခါ ပင်လယ်ဓားပြများ ထိတ်လန့်ကုန်တော့သည်။

ရှေ့မတိုးရဲဘဲ နောက်ဆုတ်ကုန်သည်။

ယိဖျောင်းရှမ်းမှာ သူမ၏ သံလုံးလက်နက်ကြောင့် ဓားပြများ

www.burmeseclassic.com

www.burmeseclassic.com



ဖရိုဖရဲ နောက်ဆုတ်သွားသည်ကို တွေ့ရသောအခါ လွန်စွာသဘောကျ သွားသည်။

သို့သော် ....

ချက်ချင်းလိုလို သူမ၏ရယ်သံ ရပ်သွားသည်။

အဘယ်ကြောင့်ဆိုသော် .... သူတို့ရှေ့သို့ အစိမ်းရောင်ငှက် ပင်လယ်ဂိုဏ်း၏ခေါင်းဆောင် စုံကျွန်းခွေ ရောက်ရှိလာသောကြောင့် ပေတည်း။

စုံကျွန်းခွေသည် ဘာစကားမျှမပြောဘဲ လှံရှည်ဖြင့် တိုက်ခိုက် လာ၏။

စုံကျွန်းခွေ၏ လှံရှည်ပညာမှာ အတော်အဆင့်မြင့်၏။

ထို့ကြောင့် ယိဖျောင်းရှမ်း မပေါ့ဆရဲချေ။

ဟန်စုချင်ကမူ ပင်လယ်ဓားပြများ ရှေ့မတက်ရဲအောင် လက်နက်ပုန်းများနှင့် ဟန့်တားနေရသည်။

ထိုကြားထဲမှ ကျားဝါဂိုဏ်းခေါင်းဆောင် စန်ထင်ပသည် ရှေ့သို့ တိုးဖောက်ထွက်လာနိုင်၏။

ထိုအခါ ဟန်စုချင်က ဆီးကြို၍တိုက်ခိုက်ရတော့သည်။

ထိုအခါ ယိဖျောင်းရှမ်း၊ ဟန်စုချင်၊ ယန်ကျင်ကနီနှင့် ယန်လီကျူတို့လေးယောက်နှင့် ပင်လယ်ဓားပြတို့၏ တိုက်ပွဲကြီးသည် မီးတုတ်များ၏ အလင်းရောက်အောက်၌ ပြင်းထန်စွာ ဆင်နွှဲနေကြလေ တော့၏။

ယိဖျောင်းရှမ်းသည် အခြေအနေကိုကြည့်ပြီး စိုးရိမ်ပူပန်လာသည်။



သူတို့၏ သိုင်းပညာမှာ ပင်လယ်ဓားပြများထက် သာလွန်သည်မှာ အမှန်ဖြစ်၏။

သို့သော် မည်မျှကြာကြာ တိုက်ခိုက်နိုင်ပါမည်နည်း။

ရာနှင့်ချီ၍ ရှိနေသော ပင်လယ်ဓားပြများအား မည်သို့အပိုင် တိုက်ခိုက်ရပါမည်နည်း။

အခြေအနေမှာ မကောင်းတော့ချေ။

ဘာဘာကျူဖေ အဘယ်သို့ ရောက်နေပါသနည်း။

ဤအဖြစ်အပျက်ကို ဘာဘာကျူဖေ မသိဘဲ ရှိမည်မဟုတ်။

ထိုစဉ် ....

ယန်လီကျူထံမှ အော်သံတစ်ချက် ထွက်လာသည်။

သူမမှာ တိုက်ခိုက်ရင်း ခြေထောက်ကို အရိုက်ခံလိုက်ရသဖြင့် လဲကျသွားခြင်းဖြစ်သည်။

ယန်ကျင်ကန်မှာ သူ၏ညီမ လဲကျသွားသည်ကို တွေ့သော အခါ စိတ်ပူသွား၏။

ချက်ချင်း ကယ်တင်ရန် ကြိုးစားလိုက်၏။

သို့သော် ....

သူ မရောက်မီမှာပင် ယန်လီကျူအနီးသို့ လူတစ်ယောက် ရောက်ရှိလာ၏။

ထိုသူ၏ ခန္ဓာကိုယ်ပုံစံအရ သူ သိကျွမ်းဖူးသော လူဖြစ်ကြောင်း ယန်ကျင်ကန် ရိပ်မိလိုက်၏။

ထိုလူကား ကျူဖေတည်း။

ကျူဖေသည် ထိုပတ်ဝန်းကျင်တစ်ခုလုံးကို လက်နက်ပုန်းများ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တရစပ်ပစ်ခတ်တော့၏။ ဝိုင်းထားသူများ ပြိုလဲကုန်သည်။ အ
နောက်ဆုတ်ပြေးကုန်သည်။

သူက ယန်လီကျူအား ဖေးကူထူမ ပေးလိုက်၏။

ယိဖျောင်းရှမ်းသည် စုံကျွန်းချွေနှင့် တိုက်ခိုက်နေရာ အသာစီး
ရနေသည်။

ယန်စုချင်မှာလည်း စန်ထင်ပအား အသာစီးမှ တိုက်ခိုက်နေ
နိုင်သည်။

ထိုစဉ် ကျုံဖေက အော်ဟစ်လိုက်၏။

"ဟေ့ .... ဘာလုပ်နေကြတာလဲ၊ ဆုတ်ခဲ့ပါတော့လား"

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် တိုက်ပွဲစည်းအတွင်းမှ ခု
ထွက်လာကြ၏။

ကျုံဖေ၊ ယန်ကျင်ကန်နှင့် ယန်လီကျူတို့ ပြေးထွက်သွားရာသို့
တရကြမ်း ပြေးလိုက်တော့သည်။

ဓားပြများသည် ရန်သူများ၏ သိုင်းပညာနှင့် လက်နက်ပုန်း
ပညာများကြောင့် ဆက်မတိုက်ရဲကြပေ။ ညာသံပေး အော်ဟစ်ရုံသာ
ပြုနိုင်ကြသည်။

ကျုံဖေ မျက်နှာပဝါစည်းရသည်မှာ အကြောင်းရှိသည်။

ဤနေရာသည် ပင်လယ်ဓားပြများ၏ နေရာဖြစ်၏။

ယခု သူတို့ ဝင်ရောက်နှောင့်ယှက်ခဲ့ပြီ ဖြစ်၏။

ထို့ကြောင့် သူတို့အား မှတ်မိသွားလျှင် လမ်းခရီး၌ သွားရော
လွယ်ကူမည် မဟုတ်တော့ပါ။



ထို့ကြောင့် မျက်နှာကို ဖုံးအုပ်ရုပ်ဖျက်ခဲ့ခြင်း ဖြစ်သည်။

ပင်လယ်ဓားပြများကလည်း ဆက်မလိုက်ရဲ။

သူတို့ကလည်း အားသွန်ပြေးကြသဖြင့် အုပ်စုနှစ်စုသည် ပို၍
ပို၍ ဝေးကွာသွားသည်။

ကျုံဖေသည် စိတ်ချလက်ချ ဘေးရန်ကင်းသည့်နေရာ၌ ရပ်
တန့်လိုက်လေတော့၏။

www.burmeseclassic.com



## အခန်း(၆၀)

## စွမ်းရည်ပြိုင်ပွဲ

ကျူးဖေတို့သည် မိုးသောက်ရောင်နီ ပေါ်လာသည်အထိ ပင်လယ်ဓားပြများ လိုက်မလာနိုင်သည့်ဘက်သို့ ဦးတည်လျှောက်ခဲ့ကြသည်။

ကြီးမားသော သစ်ပင်ကြီးတစ်ပင်ကို တွေ့သောအခါမှ ရပ်နားသည်။

ကျူးဖေက တည်ကြည်သောလေသံဖြင့် မေး၏။

"ကဲ .... ပြောကြစမ်း၊ ဘယ်သူ့ကြောင့် ပင်လယ်ဓားပြတွေ သိသွားရတာလဲ"

ယန်ကျင်ကန်နှင့် ယန်လီကျူးတို့ မောင်နှမသည် ခေါင်းငုံ့နေကြလေ၏။ သူတို့၌ အပြစ်ရှိနေသည်ကိုး။

ကျူးဖေကလည်း မည်သူ့ကြောင့် ပင်လယ်ဓားပြများ သိရှိသွားသည်ကို ရိပ်မိနားလည်ပြီး ဖြစ်၏။

"ယန်ကျင်ကန်၊ ယန်လီကျူ မင်းတို့ကြောင့်လား .... "



ယန်မောင်နှမသည် ရှက်ရွံ့စွာဖြင့် ခေါင်းညိတ်၏။

"ဟုတ် .... ဟုတ်ကဲ့၊ ကျွန် .... ကျွန်တော် မှား .... မှားပါတယ် .... "

ယန်လီကျူးကမူ ခေါင်းငုံ့၍သာနေသည်။

"သိုင်းလောကမှာရှိတဲ့ သိုင်းဂိုဏ်းချုပ်ကြီးတွေထဲက ဂိုဏ်းဝင်တွေသာ ဖြစ်မယ်ဆိုရင် မင်းတို့ဟာ ကြီးမားတဲ့အပြစ်ဒဏ်ရဖို့ ရှိတယ်၊ ငါကတော့ မင်းတို့ကို အပြစ်မပေးပါဘူး .... ဒါပေမယ့် ဒီလိုအဖြစ်မျိုး ဒီတစ်ခါပဲ ရှိပါစေတော့ .... နောက်တစ်ကြိမ်ဆိုရင်တော့ မင်းတို့မောင်နှမ အိမ်ပြန်ကြပေတော့ .... "

ယန်ချင်ထန်သည် ကျူးဖေ၏ အလွန်တရာ ရင်းနှီးသော မိတ်ဆွေဖြစ်၍ ကျူးဖေက ဤသို့သာပြောခြင်း ဖြစ်သည်။

ဤစကားသည်ပင် အပြစ်ပေးသလောက် ပြင်းထန်လှသည် ဖြစ်၍ ယန်လီကျူးမှာ တရှုပ်ရှုပ် ငိုနေလေတော့၏။

"ကဲ .... ရှေ့ဆုံးက မှန်းခိုနေတဲ့ ယိဖျောင်းရှမ်းနဲ့ ဟန်စုချင်တို့က ဘာစကားတွေ ကြားခဲ့သလဲ .... "

ယိဖျောင်းရှမ်းက ....

"သူတို့ဟာ စန်တူအော့ ပင်လယ်ကမ်းခြေမှာ စုရုံးပြီး ခေါင်းဆောင်ရွေးမလို့တဲ့ .... သူတို့ရဲ့ခေါင်းဆောင်ဟာ အသက်နှစ်ဆယ်လောက်ရှိတဲ့ လူငယ်တဲ့ .... သူဟာ တစ်ကိုယ်လုံး ပြာနှမ်းတဲ့ ရှူရှူးသူဆန်းလို့ ပြောတယ်"

ကျူးဖေက တစ်ချက်စဉ်းစားလိုက်၏။

"စန်တူအော့ ဟုတ်လား .... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ...."

"စန်တူအေဘှာ ဟူရှန်ဖုံကို တံငါသည်တွေ ဆယ်တင်ခဲ့တဲ့နေရာ မဟုတ်လား ...."

"ဟုတ်ပါတယ် .... ဒါပေမယ့် ပင်လယ်ဓားပြတွေနဲ့ ဘယ်လိုပတ်သက်လို့လဲ ...."

ကျူံဖေက သက်ပြင်းချကာ ....

"ပတ်သက်နိုင်တယ် .... ဟူရှန်ဖုံရဲ့ အအေးလက်ဝါးသိုင်းဟာ ခန္ဓာကိုယ်အသားရေကို ပြာနှမ်းနှမ်းဖြစ်စေနိုင်တယ် ...."

"ဒါဆိုရင် ဒီအချက်ဟာ ဟူရှန်ဖုံကို တွေ့ဖို့ သဲလွန်စပဲပေါ့"

"ဟုတ်တယ် .... ဒါဟာ တို့အတွက် သဲလွန်စတစ်ခုပဲ"

"ဒါဖြင့်ရင် ကျွန်မတို့ စန်တူအေဘှာကို အမြန်ဆုံး သွားကြမယ်လေ ...."

ကျူံဖေက သက်ပြင်းချပြီး ပြော၏။

"ပြောတော့သာ လွယ်တာ .... သူတို့က အစောင့်အကြပ်အများကြီး ချထားမှာသေချာတယ်"

ယိဖျောင်းရှမ်းက ရှင်းပြသည်။

"ဘာဘ .... အဲဒီအတွက်တော့ မပူပါနဲ့၊ ဟူရှန်ဖုံ ဖမ်းသွားတဲ့ စင်ယောက်ဆိုတဲ့ ကောင်လေးရဲ့အဖေ စင်ဆန်ကွေ ဆိုတာဟာ ကျွန်မတို့နဲ့ အတော်ရင်းနှီးခဲ့ပါတယ် .... ကျွန်မတို့က သူ့သားကို လိုက်ရှာပေးခဲ့တာကိုး .... အဲဒီရွာသားတွေနဲ့ ဝင်ပြီးရောနှောထားရင် ကျွန်မတို့ အများကြီး လုပ်ကိုင်နိုင်ခွင့် ပေါ်လာမှာပါ ...."

ကျူံဖေက ဝမ်းသာသွား၏။



"ကောင်းတယ် .... အဲဒီရွာကို သွားကြစို့"

တို့နောက် ငါးယောက်စလုံး စန်တူအေဘှာ ပင်လယ်ကမ်းခြေဆီသို့ ဦးတည်သွားကြလေသည်။

နောက် ရှစ်ရက်ခန့် ကြာသောအခါ ....

ယိဖျောင်းရှမ်းတို့လူစုသည် စန်တူအေဘှာ ပင်လယ်ကမ်းခြေရှိ တံငါရွာကလေးသို့ ရောက်ရှိသွားကြသည်။

စင်ဆန်ကွေသည် ယိဖျောင်းရှမ်းတို့ကို ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်သည်။ ငါးယောက်စလုံး ချောင်ချောင်ချိချိ နေနိုင်မည့် တဲအိမ်တစ်လုံး၌ နေရာချထားပေးသည်။

တံငါသည်များမှာ ဆင်းရဲလှသော်လည်း ဧည့်သည်များအပေါ်အား လွန်စွာ စိတ်စေတနာကောင်းကြလေ၏။

စင်ဆန်ကွေသည် ယိဖျောင်းရှမ်းတို့ ရောက်လာသည့်အတွက် လွန်စွာအားတက်နေသည်။ အကြောင်းကလည်း ရှိနေသည်။

သူ၌ ပြောပြစရာ သတင်းက ရှိနေသည်မဟုတ်ပါလား။

စင်ဆန်ကွေက ....

"မိန်းကလေးတို့ လာတာ အတော်ပဲ .... အခုရက်ပိုင်းအတွင်းမှာ ကျူပ်တို့ဆီမှာ ထူးဆန်းတဲ့ကိစ္စတွေ ပေါ်နေတယ် ...."

ယိဖျောင်းရှမ်းက မျက်မှောင်ကုတ်သွားပြီး ....

"ဘာလဲ .... မိစ္ဆာကောင်တွေ ရွာဝင်ပြီး သောင်းကျန်းနေပြန်ပြီလား ...."

သူမက သူတို့ ဗီယွင်ဖု တံငါရွာကဲ့သို့ အခြေအနေမျိုး ဤရွာ၌ ဖြစ်ပေါ်နေသည်ဟုထင်ပြီး မေးမြန်းလိုက်ခြင်းသာ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စင်ဆန်ကွေက ခေါင်းကို ခါယမ်းလိုက်ပြီး ....

"မဟုတ်ပါဘူး မိန်းကလေး .... "

"ဒါဆို ဘာများလဲ .... "

စင်ဆန်ကွေက သူတို့အားလုံးကို အိမ်နောက်ဘက်သို့ ခေါ်သွား၏။

ထို့နောက် မြေကြီးကိုတူးကာ အထုပ်တစ်ထုပ်ကို ပြသည်။

ယိဖျောင်းရှမ်းကို ကမ်းပေးလိုက်၏။

"ကြည့်ပါ မိန်းကလေး .... ဖွင့်ကြည့်ပါ"

ယိဖျောင်းရှမ်းက ဖွင့်ကြည့်ရာ အထုပ်ထဲ၌ ရွှေတုံးကလေးများကို တွေ့ရ၏။

တံငါသည်များအဖို့ နည်းပါးသော ရွှေမဟုတ်ပါ။

ယိဖျောင်းရှမ်းက အံ့သြသွားပြီး ....

"ရွှေတွေပါလား .... ဒါ ဘယ်ကရလာတာလဲ"

စင်ဆန်ကွေက ....

"အဲဒီသတင်းကို မိန်းကလေးကို ပြောပြချင်လို့ပဲကွယ်၊ တစ်နေ့မှာ ကျုပ်နဲ့ ကျုပ်ရဲ့သားကြီး စင်ဝေါင်တို့ ငါးဖမ်းထွက်ဖို့ အိမ်ရှေ့ထွက်တော့ အိမ်ရှေ့မှာ အထုပ်ကလေးတစ်ထုပ်နဲ့ စာတစ်စောင်ကို တွေ့ရသကွယ် .... "

"အထုပ်က ဒီအထုပ်ပဲ ဆိုပါတော့ .... "

"ဟုတ်ပါတယ်၊ ဒီအထုပ်ပါ .... "

"စာကော .... "

"စာလည်း ရှိပါတယ် .... "



စင်ဆန်ကွေသည် အခန်းထဲ သုတ်သုတ်ဝင်သွားပြီး စာကလေးကို ယူလာပြီးဖြစ်၏။

ယိဖျောင်းရှမ်းက စာရွက်ကို ယူ၍ ဖတ်ကြည့်လိုက်၏။

*နေ့တူအေး တံငါသည်များ ....*

*ဤစာကိုတွေ့သည့်နေ့မှာ ခုနစ်ရက်အတွင်း ရွာမှ ခွဲခွာ ပြောင်းရွှေ့ပါ။ မပြောင်းရွှေ့က အသက်တန့်ပိုး ပေးလျော်ရမည်။*

ဟု ရေးသားထားသည်။

စာ၌ လက်မှတ်ရေးထိုးထားခြင်း မရှိပါ။

အရိုးခေါင်းပုံသာ ဆွဲထား၏။

ထိုအမှတ်အသားမှာ ပင်လယ်ဓားပြတို့၏ အမှတ်အသားပင် ဖြစ်ပါသည်။

ယိဖျောင်းရှမ်းက စာကို ကျုံ့ဖေ၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။

ပင်လယ်ဓားပြများသည် ဤနေရာ၊ ဤဒေသတွင် စုဝေးကြတော့မည်။

ထို့ကြောင့် ဤရွာမှလူများကို နှင်ခြင်းပင် ဖြစ်ပေလိမ့်မည်။

ရွှေများကို ပေးခြင်းမှာ နစ်နာကြေးပေးခြင်းဖြစ်သည်။ သို့မှသာ တံငါသည်များက သက်ဆိုင်ရာ အာဏာပိုင်များကို တိုင်ကြားခြင်းများ ပြုတော့မည် မဟုတ်ပေ။

ထိုမှ နောက်ပိုင်းတွင် ကျုံ့ဖေက ဦးဆောင်မေးမြန်းလေတော့

www.burmeseclassic.com

www.burmeseclassic.com



၏။

"ဒီအနီးအနားမှာ တခြား တံငါရွာတွေ ရှိသေးသလား ....."

စင်ဆန်ကွေက ခေါင်းခါ၏။

"မရှိပါဘူး .... တောင်ဘက်မှာ ကျားဖြူနတ်ကွန်း ဆိုတာပဲ ရှိတယ် .... ထူးခြားတဲ့ နေရာဆိုလို့ ဒါပဲရှိတယ် ဆိုတာကိုသာ ပြောပြတာပါ"

"အင်း .... ဒီအနီးအနားမှာ လူမရှိတဲ့အတွက် .... သူတို့ ဒီမှာ အစည်းအဝေးလုပ်ဖို့ ရွေးချယ်ကြတာပဲ ....."

ဟန်စုချင်က ဝင်ပြောသည်။

"ဒီလူတွေ ငွေကြေးကို တော်တော်အကုန်အကျခံပြီး လျော်ကြေးပေးတာပဲနော် ....."

စင်ဆန်ကွေက ....

"ဟုတ်တယ် .... သူတို့က ငွေကြေးကို အကုန်အကျ အများကြီးခံထားတော့ သူတို့စကား နားမထောင်ရင် တိုက်ခိုက်ခံရမှာ သေချာတယ် .... ဒါကြောင့် ကျုပ်တို့ရွာလည်း သူတို့စာအတိုင်း ပြောင်းဖို့ စီစဉ်ထားတယ် .... တချို့ဆိုရင် ဒီနေ့က စ,ပြောင်းပြီ .... ချိန်းတဲ့ရက်က မနက်ဖြန်ဆိုရင် ပြည့်ပြီမဟုတ်လား ....."

ယိဖျောင်းရှမ်းက ....

"ဒါဆို ဦးလေးတို့ပါ ပြောင်းကြမှာပေါ့နော် ....."

"ဟုတ်တယ် .... ပြောင်းရမယ်၊ မိန်းကလေးတို့လည်း ....."

ယိဖျောင်းရှမ်းက ခေါင်းခါယမ်းလိုက်ပြီး ....

"ဟင့်အင်း .... ကျွန်မတို့ကတော့ မသွားဘူး"



စင်ဆန်ကွေက အံ့အားသင့်သွားပြီး ....

"မသွားဘူး ဟုတ်လား .... မိန်းကလေးတို့ ဒုက္ခဖြစ်မယ်နော်၊ အခုဟာက ပင်လယ်ဓားပြတွေ၊ ဘာမှ တရားရှိတာ မဟုတ်ဘူး .... သူတို့မှာ ဓားပဲရှိတယ် ....."

ယိဖျောင်းရှမ်းက ရှင်းပြလိုက်၏။

"ဟုတ်တယ် .... ကျွန်မတို့က ဒီရွာမှာ ဒီပွဲကို ကြည့်ဖို့ရောက်လာခဲ့တာပဲ ....."

စင်ဆန်ကွေမှာ ပါးစပ် ဟိတ်သွားလေတော့၏။

သူသည် ယိဖျောင်းရှမ်းတို့၏ အစွမ်းအစကို ယုံကြည်ထားပြီးဖြစ်၏။

ယခု ....

ယိဖျောင်းရှမ်းတို့မှာ အင်အားပိုလာခြင်းက ပင်လယ်ဓားပြများကို တစ်နည်းနည်းနှင့် ရင်ဆိုင်ကြတော့မည်ဖြစ်ကြောင်း သိလိုက်သည်။

ကျုံ့ဖေသည် စင်ဆန်ကွေနှင့် ရွာသားများကို မြေအောက်ကျင်း တူးခိုင်းသည်။

စင်ဆန်ကွေတို့၏ အိမ်အောက်၌ တူးခြင်းဖြစ်၏။ ရွာသားများက စိတ်ပါလက်ပါ တူးပေးကြသည်။ ပြီးစီးသောအခါ အပေါ်မှ ...အအုပ်များ လုပ်ပေးသည်။ သောက်ရေနှင့် ရိက္ခာခြောက်များ ထည့်ပေးသည်။ ထိုနေ့တစ်နေ့လုံး တစ်ညလုံးကို အလုပ်ဖြင့် အချိန်ကုန်သွား၏။

နောက်ဆုံးနေ့၌ စင်ဆန်ကွေတို့ သားအဖသည်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ရွာသားများသည်လည်းကောင်း သူတို့၏ ရွာကလေးကို စွန့်ခွာထွက်သွားကြလေတော့၏။

စင်ဆန်ကွေတို့ ထွက်ခွာသွားသည့်နေ့ ....

နေ့ဝက်မျှအကြာ၌ တံငါရွာကလေး၏ ကမ်းခြေဆီသို့ တိုက်လှေဆယ်စင်းခန့် ရောက်ရှိလာကြသည်။ ပင်လယ်ဓားပြများ၏ လှေများသာတည်း။

ထို့နောက် ကမ်းခြေ၌ တန်းစီကာ ကျောက်ချလိုက်ကြ၏။

ယန်ကျင်ကန်မှာ စိတ်တက်ကြွလာ၏။

ထို့ကြောင့် ကျူဖေအား ....

"ဘာ .... ရန်သူတွေတော့ ရောက်လာပြီ၊ ကျွန်တော်တို့ ထွက်ပြီး တိုက်ခိုက်ကြတော့မလား ...."

"ဝလိုသေးဘူး .... တို့က တိုက်ဖို့စောင့်တာမှ မဟုတ်ဘဲ — သူတို့ ဘာတွေစည်းဝေးမလဲဆိုတာ စောင့်ကြည့်တာ .... တို့လူငါးယောက်တည်းနဲ့ တိုက်လို့လည်း မရဘူး .... အားလုံး သေကုန်မှာပေါ့၊ ငါ့ဆီက ဘာအမိန့်မှမရဘဲနဲ့တော့ မတိုက်ကြပါနဲ့လို့ ငါ ကြိုတင်ပြောထားပါရစေ ...."

ယန်ကျင်ကန် ပါးစပ်ပိတ်သွားလေတော့၏။

ပင်လယ်ဓားပြများမှာ ရွာထဲသို့ တချို့တစ်ဝက်ပင် ဝင်လာကြသည်။

ထို့နောက် အိမ်များသို့ ဝင်ရောက်ကာ လူသူရှိမရှိ စစ်ဆေးကြသည်။

အတန်ကြာ တစ်အိမ်တက်ဆင်း ရှာဖွေပြီးနောက် သဲသောင်



ပြင်သို့ ပြန်ဆင်းသွားကြလေတော့သည်။

သူတို့ အစည်းအဝေးကို သဲသောင်ပြင်၌ ကျင်းပမည်ဖြစ်သည်။ ရွာသားများကို နှင်ထုတ်ခြင်းမှာ ထိုအစည်းအဝေးအကြောင်း .... လုံးဝ သတင်းမပေါက်ကြားလိုသောကြောင့် ဖြစ်သည်။

ဝူယန်ချင်နှင့် ဝူယန်ကျူးတို့သည် သဲသောင်ပြင်၌ စင်မြင့်တစ်ခုကို ဆောက်လုပ်နေ၏။ အစည်းအဝေးစင်မြင့်ပေတည်း။

အင်အားသုံးပြီးတည်ဆောက်သဖြင့် စင်မြင့်သည် အလျှင်အမြန်ပြီးစီးသွားသည်။

စင်ဆောက်ပြီးစီးသွားသောအခါ ကမ်းစပ်၌ ဆိုက်ကပ်ထားသော လှေပေါ်မှ လူဆယ်ယောက် ဆင်းလာကြသည်။

ထိုလူများအလယ်၌ အနီရောင်ဖဲအကျႌကို ဝတ်ဆင်ထားသော လူငယ်တစ်ယောက်က လိုက်ပါလာ၏။

ထိုသူကား စင်ယောက်ပေတည်း။

ပင်လယ်ဓားပြများသည်လည်း အစုလိုက် အစုလိုက် ဆင်းသက်လာကြ၏။

စင်ယောက် အမှူးပြုသော လူဆယ်ယောက်သည် စင်မြင့်ပေါ်သို့ တက်ပြီးထိုင်နေကြရာ 'စင်အောက်သဲသောင်ပြင်ရှိ ပင်လယ်ဓားပြများက စင်ပေါ်မှလူများကို သေချာစွာ အကဲခတ်နေကြလေသတည်း။

စင်ပေါ်ရှိ စုံကျွန်းခွေနှင့် စန်ထင်ပတို့သည် စင်ယောက်ကို သေသေချာချာ ကြည့်ကြသည်။

စင်ယောက်သည် အဖိုးတန်ဖဲအကျႌကို ဝတ်ဆင်ထားသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရုပ်ရည်ကမူ ခန့်ညားခြင်းမရှိပါ။ ဆင်းရဲသား တံငါသည်သား တစ်ယောက်မှာ အဘယ်မှာလျှင် ခန့်ညားသောရုပ်ရည် ရှိပါမည်လဲ

ထို့ကြောင့် စုံကျွန်းခွေက ....

"ဟာ .... ငါတို့ကို ကလေးများ ထင်နေသလား မသိဘူး — တောသား မအူမလည်တစ်ယောက်ကို ဓားပြဂိုဏ်းအားလုံးရဲ့ ခေါင်းဆောင်ကြီးအဖြစ် တင်မြှောက်ရမယ်ဆိုတာကတော့ အတော်ရယ်စရာ ကောင်းတဲ့ ကိစ္စပဲ .... ဟား ဟား ဟား .... "

စင်ယောက်သည် .... စုံကျွန်းခွေ၏စကားကို ကြားလိုက်ရ... အဘယ်မှာလျှင် မကြားဘဲ ရှိပါအံ့နည်း။

စင်မြင့်ပေါ်၌ ထိုင်နေသူများမှာ တစ်ဦးနှင့်တစ်ဦး ဆယ်လံ... ထိုင်နေသူများ မဟုတ်ကြပေ။

စင်ယောက်သည် ထိုင်နေရင်းပင် အအေးလက်ဝါးသိုင်းပညာ... အခြေခံအတွင်းအားကို တဖြည်းဖြည်း စုစည်းလိုက်၏။

သူ၏ ကိုယ်ခန္ဓာမှာ တစ်ကိုယ်လုံး ပြာနှမ်းလာတော့သည်

ပင်လယ်ဓားပြများသည် သူတို့ရှေ့၌ ထူးထူးခြားခြား ပြာနှ... လာသည့် စင်ယောက်အား တွေ့ကြရသောအခါ မအံ့ဩဘဲ မနေ... ကြတော့ပေ။ ဟင် .... ဟယ် .... ဟာ အစရှိသော အော်သံများ ... ညံသွားတော့သည်။

"အပြာရောင် လူထူးလူဆန်းဟေ့ .... "

"တကယ်ပဲ ပြာနှမ်းနှမ်း ဖြစ်လာတာကိုး .... "

စုံကျွန်းခွေက နှာခေါင်းရှုံ့ကာ ....

"လူပြာတာ ဘာဆန်းသလဲ ဆေးပြာဆိုးလိုက်ပေါ့ .... ...



ဆိုးရင် လူနီတောင် ဖြစ်သွားဦးမယ် .... ငါ သူ့ပညာကို ထပ်ပြီး စစ်ဆေးကြည့်လိုက်ဦးမှပဲ .... "

စင်ယောက်မှာ ငြိမ်မနေသာတော့ပေ။

"ခင်ဗျားက ဘယ်သူလဲ .... "

မွန်ညီနောင်ထဲမှ တစ်ဦးက မိတ်ဆက်ပေး၏။

"သူက အစိမ်းရောင်ငှက်ဂိုဏ်းရဲ့ ခေါင်းဆောင်စုံကျွန်းခွေပါ"

"ဪ .... ခင်ဗျားကလည်း ခေါင်းဆောင်တစ်ယောက်ကို ဖြစ်ပါတယ်၊ ပညာစမ်းရင်လည်း ရပါတယ် .... ရှေ့တက်ခဲ့ပါ"

"လာမှာပေါ့လေ .... ကျုပ်နဲ့ မတိုက်ခင် .... ကျုပ်တပည့်နှစ်ယောက်နဲ့ တိုက်ကြည့်ပါဦး"

စန်ထင်ဗက လှူလည်ပင်။ စင်ယောက်၏ သိုင်းပညာအခြေအနေကို သိလိုသဖြင့် တပည့်နှစ်ယောက်နှင့် အရင်လွှတ်ပေးခြင်းဖြစ်၏ တပည့်နှစ်ဦး ရှေ့သို့ထွက်ပြီး စင်ယောက်နှင့် ရင်ဆိုင်၏။

"ကဲ .... လာကြလေ .... "

စင်ယောက်က လက်ယပ်ခေါ်၏။

လူနှစ်ယောက် ပြိုင်တူခုန်ဝင်၏။ တစ်ချိန်တည်းမှာပင် ....

"အား .... "

"အား .... "

သူ၏လူနှစ်ယောက်မှာမူ စင်ပေါ်မှ ပြုတ်ကျသွားကြလေ၏။

အမှန်စင်စစ် ....

စင်ယောက်မှာ မည်သည့်သိုင်းကွက်မျှ မသုံးချေ။

လက်နက်ပုန်းကိုသာ အသုံးပြုခြင်း ဖြစ်၏။ သူသည် .... သိုင်း

www.burmeseclassic.com

www.burmeseclassic.com



လောကသား မဟုတ်ချေ။

လူဆိုးလူယုတ် ဟူရှန်ဖုံ၏တပည့်ဖြစ်၍ တရားသည် မတရားသည်ကို ဂရုမစိုက်ချေ။

သူ၏ လက်နက်ပုန်းမှာ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ တီထွင်ထေားသော သံပြားစကလေးများ ဖြစ်၏။

ထို သံပြားစကလေး လက်သည်းနှင့်ထောက်ကာ ရန်သူ၏ သွေးကြောဆီသို့ ပစ်လွှင့်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူ၏ လှုပ်ရှားမှု လျင်မြန်ခြင်းကြောင့်လည်းကောင်း၊ သူ သင်ယူထားသည့် လက်နက်ပုန်းပစ် ပညာကို ကျွမ်းကျင်ခြင်းကြောင့်လည်းကောင်း၊ မည်သူကမျှ လက်နက်ပုန်းနှင့် ပစ်သည်ဟု မထင်ကြပါ။

စန့်ထင်ပကမူ မကျေနပ်သေးချေ။

စင်ယောက်ကို စမ်းသပ်ချင်သေး၏။

ထို့ကြောင့် သူ့ရှေ့သို့ ခုန်ဝင်လိုက်သည်။

သူသည် စင်ယောက်နှင့် သေချာစွာ မျက်နှာချင်းဆိုင်လိုက်၏။

"မင်း ဘာသိုင်းပညာ သုံးတာလဲ ...."

"ဘာပညာ သုံးသလဲဆိုတာတောင် မသိတဲ့လူကို ငါက ဘာ ပြန်ပြောရမှာလဲ ...."

"အောင်မာ .... မင်းက ကြီးကျယ်လှချည်လား"

"မင်းက ဘာကောင်လဲ .... မင်းကိုယ်မင်း ဘာထင်လို့လဲ — မင်းစိတ်ကြိုက် စမ်းသပ်ချင်သလောက် စမ်း .... မင်းလူတွေ ထပ်ခေါ်ချင်ခေါ် ...."

"မင်းကိုယ်မင်း သိပ်အထင်ကြီးနေသလား ...."



"ငါ့ကိုယ်ငါ အထင်ကြီးတယ် .... မင်းကိုတော့ အထင်မကြီးဘူး ...."

"တောက် .... မင်းလောက် အပြောကြီးတဲ့လူ တို့ပင်လယ်ဓားပြတွေထဲမှာ တစ်ယောက်မှမရှိဘူး ...."

"ဟော့ .... ဘာတွေပြောနေတာလဲ .... မြန်မြန်လာစမ်း၊ မင်းက ဓားကိုင်ပြီး အလှကြည့်ရုံ ကြည့်နေတာလား"

စန့်ထင်ပမှာ စိတ်မထိန်းနိုင်တော့ချေ။

ဒေါသခြောင်းခြောင်း ထွက်လာလေပြီ။

သူသည် စင်ယောက်ဆီသို့ ပြေးဝင်သွား၏။

"အား ...."

စန့်ထင်ပမှာ သံစ ခေါင်းကို ထိမှန်ပြီး လဲကျသွားလေတော့သည်။

အစိမ်းရောင်ငှက်ဂိုဏ်းမှ ပင်လယ်ဓားပြနှစ်ယောက်နှင့် ကျားဝါဂိုဏ်းမှ စန့်ထင်ပတို့ လဲကျခဲ့ရပြီ။ ဓားပြဂိုဏ်းများ၏ ခေါင်းဆောင် အလောင်းအလျာ စင်ယောက်ကို တော်ရုံတန်ရုံလူ မနိုင်နိုင်တော့ချေ။

ကျားဝါဂိုဏ်းခေါင်းဆောင် စန့်ထင်ပ ရှုံးသွားပြီဖြစ်၍ အစိမ်းရောင်ငှက် ခေါင်းဆောင် စုံကျွန်းခွေမှာလည်း ထပ်မံမယှဉ်ပြိုင်ရဲတော့ချေ။

ဝူယန်ချင်သည် စင်ယောက်ကို ယှဉ်နိုင်သူ၊ ယှဉ်ရဲသူ မရှိတော့ကြောင်း ရိပ်မိလိုက်၏။ အားလုံးကြားအောင် အော်ဟစ်လိုက်သည်။

"အားလုံး နားထောင်ပါ .... ကျုပ်တို့ခေါင်းဆောင်ကြီးရဲ့ပညာကို စမ်းသပ်ချင်သေးတဲ့လူများ ရှိသေးသလား ...."

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ မလှုပ်ကြပါချေ။

ငြိမ်နေကြသည်။

ဝူယန်ချင်က ထပ်၍ အော်လိုက်ပြန်၏။

"ကောင်းပြီ .... ဒါဆိုရင် ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီး စင်ယောက်ကို ဓားပြဂိုဏ်းအားလုံးရဲ့ ဂိုဏ်းချုပ် ခေါင်းဆောင်အဖြစ် သဘောတူတယ်ပေါ့ ...."

အားလုံးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

ခေါင်းညိတ်သူက ညိတ်ပြီး သဘောတူကြောင်း အော်ပြောဆြည်ပြုလိုက်ကြ၏။

ထိုစဉ်မှာပင် အချက်ပေး ခရာသံများ ကြားလိုက်ရသဖြင့် ပင်လယ်ဓားပြအားလုံးမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေတော့သည်။

ထိုစဉ် ....

ဝုန်းခနဲ ဝုန်းခနဲ အမြောက်ပစ်သံများ ထပ်မံပေါ်လာပြန်ရာ ပင်လယ်ဓားပြအားလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်လေ၏။

အမြောက်ကို သာမန် ပင်လယ်ဓားပြများ မကိုင်နိုင်ချေ။

မွန်ဂိုရေတပ်မှ အမြောက်သံဟုသာ ထင်မှတ်မိကြသည် —

အမြောက်ကို မွန်ဂိုရေတပ်ကသာ သုံးစွဲခဲ့ကြသောကြောင့်ဖြစ်ပေသည်။

ထို့ကြောင့် အားလုံး ဆောက်တည်ရာမရ ဖြစ်သွားကြရသည်။

စုံကျွန်းခွေက ....

"မွန်ဂိုတွေ လာပြီ .... တို့အားလုံး ပြန်ပြီး ခုခံဖို့ပြင်"

ဟု အော်ဟစ်သတိပေးလိုက်၏။



သူ၏ သတိပေးသံကြောင့် အားလုံးသတိဝင်ပြီး ကိုယ့်ကိုက်လှေဆီသို့ လှေငယ်များဖြင့် လှော်ခတ်သွားကြရတော့သည်။

သို့မဟုတ်ပါက မွန်ဂိုရေတပ်က ကမ်းစပ်၌ ဟန်းစီရပ်ထားသော သူတို့၏လှေများကို မွှန်မွှန်ညက်ညက်ချေပြီး ဖျက်ဆီးပစ်လိုက်နိုင်သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆၂)

## ဂျပန်ပင်လယ်ဓားပြများ

တိုက်လှေအစင်းသုံးဆယ်ခန့်သည် အစည်းအဝေးပြုလုပ် ကမ်းခြေဆီသို့ ဦးတည်လာကြပြီး ယခင်က ဆိုက်ကပ်ထားသော လယ်ဓားပြတိုက်လှေများ၏ မနီးမဝေးနေရာ၌ ဆိုက်ကပ်ရပ်နား ကြလေ၏။

ထိုတိုက်လှေကြီးများ၌ အဝါရောင် ရွက်ထည်ကြီးများနှင့် ရောင်အလံများ တပ်ဆင်ထားကြောင်း တွေ့ရ၏။ ထိုအလံ၌ မွန် ကောင်ပုံ ရေးဆွဲထားသည်။

ထိုအရာများကို တွေ့သောအခါမှ မွန်ဂိုရေတပ် မဟုတ်ကြော သူတို့ သိရှိခွင့်ရကြသည်။ အားလုံး စိတ်သက်သာရာ ရသွားကြ

သို့သော် ....

မွန်ဂိုရေတပ် မဟုတ်လျှင် မည်သည့်ရေတပ်ဖြစ်မည်နည်း

ထိုလှေများမှာ အမြောက်ကို အသုံးပြုနိုင်သောကြောင့် ကမ္ဘာ အထင်မသေးဝံ့ကြချေ။

မည်သည့် ပင်လယ်ဓားပြအဖွဲ့ဖြစ်သနည်း။

သူတို့ မသိပါချေ။ အများစုက မသိကြချေ။

ထိုစဉ် ထိုရွက်လှေများမှ လှေငယ်ကလေးများဖြင့် လှေသား များ ဆင်းလာသည်ကို တွေ့ရ၏။

ထိုအခါ မွန်လူလုံ သိရှိသွား၏။

"ဒါ ဂျပန်ပင်လယ်ဓားပြတွေပဲ .... "

စုံကျွန်းခွေက ....

"ဂျပန်တွေ ဟုတ်လား .... "

"ဟုတ်တယ် .... ဒါဟာ ဂျပန်ပင်လယ်ဓားပြတွေ၊ သိပ်ဆိုးတဲ့ ကောင်တွေ၊ အမြောက်ပါရှိနေတာ သိမ်အံ့ဩစရာကောင်းတယ်"

မွန်လူလုံ၏ စကားကြောင့် တရုတ်ပင်လယ်ဓားပြများမှာ လန့် သွားကြ၏။

ထိုဂျပန်များ အဘယ့်ကြောင့် ဤနေရာသို့ ရောက်လာရပါ သနည်း။

ဤမေးခွန်း၏ အဖြေမှာ သူတို့ကိုယ်တိုင်သာ သိမည်မဟုတ် ပါလော။

ပင်လယ်ဓားပြများမှာ အဖွဲ့မနည်းပါ။

သို့သော် နယ်နိမိတ်ကိုမူ သတ်မှတ်ထားကြသည်။

သူ့နယ်မြေအား ကိုယ်မကျော်သလို ကိုယ့်နယ်မြေကိုလည်း ကျော်လာခြင်း ယခင်က မရှိခဲ့ချေ။

ယခု ဂျပန်ပင်လယ်ဓားပြများသည် အဘယ့်ကြောင့် သူတို့ပိုင်

www.burmeseclassic.com



နက်အတွင်းသို့ ကျူးကျော်လာကြသနည်း။

ဂျပန်ပင်လယ်ဓားပြများ ကျော်ကြားခြင်းမှာ စွဲရှိခြင်း၊ တိုက်ရည်ခိုက်ရည် ကျွမ်းကျင်ခြင်း၊ ကြမ်းတမ်းခြင်းတို့ကြောင့် ဖြစ်သည်။

သူတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်လျှင် အနိုင်ရကောင်း ရနိုင်သော်လည်း သေချာခြင်းတော့ မရှိချေ။

ဂျပန်ပင်လယ်ဓားပြများသည် အဖြူရောင်ခေါင်းစည်းကို အားလုံး စည်းနှောင်ထားကြသည်။

ထိုဓားပြများ၏ ခါး၌မူ ဓားရှည်များ ကိုယ်စီချိတ်ထားကြသည်။

သူတို့က ဆင်းလာပြီးနောက် သုံးတန်း တန်းစီကာ ရပ်လိုက်ကြလေသည်။

သူတို့ရှေ့မှ ဂျပန်သုံးယောက်ကား သဲသောင်ပြင်ရှေ့သို့ တိုးထွက်လာကြ၏။ သူတို့၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ရုံဖြင့် ခေါင်းဆောင်များဖြစ်ကြောင်း သိသာ၏။

ထိုသုံးယောက်အနက် မုတ်ဆိတ်ရှည်နှင့်ဂျပန်က တရုတ်လို လှမ်းပြောသည်။

"အားလုံး နားထောင်ပါ .... ငါတို့ဟာ ဂျပန်ရွှေစွန်ပင်လယ်ဓားပြဂိုဏ်းပဲ .... မင်းတို့ တရုတ်ပင်လယ်ဓားပြတွေကြားမှာ ခေါင်းဆောင်သစ်ရွေးမယ်လို့ ကြားတာနဲ့ ငါတို့ ဒီကို ခရီးထွက်လာကြတာ မင်းတို့ရဲ့ ခေါင်းဆောင်သစ် ဘယ်သူလဲ .... ထွက်လာခဲ့ပါ"

ထိုစကားမှာ ချိုသာသယောင်ရှိ၏။

စင်စစ်တွင်မူ စိန်ခေါ်သည့် စကားပင် ဖြစ်သည်။



ဝူယန်ချင်းသည် ဘေးပန်းရန်သူများ ဝင်လာသဖြင့် တရုတ်ပင်လယ်ဓားပြများကို ကောင်းစွာ စည်းရုံးနိုင်ပြီဟု ယူဆလိုက်၏။

"အားလုံး နားထောင်ပါ .... အခု ရန်သူတွေ ရောက်လာနေပြီ၊ တို့တစ်တွေ အားလုံးစည်းရုံးမှဖြစ်မယ် .... အခု ခေါင်းဆောင်ကြီး စင်ယောက်ကို အားလုံးရဲ့ဂိုဏ်းချုပ် ခေါင်းဆောင်ကြီးအဖြစ် လက်ခံမယ် .... လက်မခံဘူးဆိုတာ အရင်ဆုံးဖြတ်ကြပါ .... "

ထိုအခါ မွန်လူလုံက ....

"ဒါက အရေးမကြီးပါဘူး .... အခု ခေါင်းဆောင်သစ်က ဒီဂျပန်တွေကို ယှဉ်ပြိုင်နိုင်မယ် မယှဉ်ပြိုင်နိုင်ဘူး ဆိုတာသာ အရေးကြီးတာပါ .... "

ဝူယန်ချင်းက ....

"ဟာ .... ယှဉ်ပြိုင်နိုင်တာပေါ့ဗျ .... သူ့အစွမ်းက သေးတာမှ မဟုတ်တာ .... "

"သူသာ ဂျပန်တွေကို ယှဉ်ပြိုင်နိုင်ရင်တော့ ကျုပ်တို့က ဘာငြင်းဖို့ လိုတော့မလဲ .... တခြားအုပ်စုတွေလည်း လက်ခံမှာ သေချာပါတယ် .... "

အားလုံးက ထိုစကားကို လက်ခံလိုက်ကြလေသည်။

စင်ယောက်က ရယ်မောလိုက်ပြီး ....

"ကဲ .... ဒါဆို အားလုံး သဲသောင်ကိုသာ ထွက်လာခဲ့ကြပါ ကျုပ် သူတို့ကို ဆုံးမပြပါ့မယ် .... "

စင်ယောက်သည် ဂူညီအစ်ကိုအပြင် မျက်နှာ၌ ပေါ်တစ်ခြမ်း

www.burmeseclassic.com

www.burmeseclassic.com



အုပ်ထားသည့် လှူတစ်ယောက်နှင့်အတူ သဲသောင်ပြင်ပေါ်သို့ ဆင်းလာ၏။

ထိုလူကား အခြားသူ မဟုတ်ပေ။

ဟူရှန်ဖုံပင် ဖြစ်လေတော့၏။

ဟူရှန်ဖုံသည် ရုပ်ဖျက်ပြီး စင်ယောက်၏နောက်မှကပ်လိုက်နေသည်။

အရေးအကြောင်း ကြုံပါက စင်ယောက်အား ကယ်တင်နိုင်ရန်ဖြစ်သည်။

ဟူရှန်ဖုံနည်းတူ ပင်လယ်ဓားပြများကဲ့သို့ ဝတ်စားပြီး ရုပ်ဖျက်လာသူ သုံးဦးလည်း ရှိ၏။

ထိုသူတို့ကား ကျူဖေ၊ ဟန်စုချင်နှင့် ယိဖျောင်းရှမ်းတို့ ဖြစ်သည်။ စင်ဆန်ကွေ၏ တဲအိမ်အောက်ဘက်ရှိ မြေကျင်း၌မူ ယန်ကျင်ဟန်နှင့် ယန်လီကျူတို့မောင်နှမတို့ကို အစောင့်ထားခဲ့၏။

ပင်လယ်ဓားပြများသည် အုပ်စုများစွာ ရောနှောရောက်နေကြခြင်းဖြစ်၍ ကျူဖေတို့ကို ထူးထူးခြားခြား ဂရုမစိုက်မိကြချေ။ တခြားတစ်ဖွဲ့မှ ပင်လယ်ဓားပြများဟုသာ ထင်နေကြသည်။

ငွယန်ချင်က အော်ပြောလိုက်၏။

"ကျုပ်တို့ ခေါင်းဆောင်ကြီးထွက်လာပြီ .... ကျုပ်တို့ ခေါင်းဆောင်ကြီးနဲ့ မတွေ့ခင် ခင်ဗျားတို့ရဲ့ စွမ်းရည်တစ်ခုခုကို ပြသပြီးမှ ကျုပ်တို့ခေါင်းဆောင်ကြီးက ခင်ဗျားတို့ ပညာပြိုင်ဖို့ စဉ်းစားပါမယ် ...."



မှတ်ဆိတ်ရှည်နှင့် ဂျပန်ဓားပြက တဟားဟား ရယ်သည်။

"ကောင်းပြီလေ .... နောက်ပြီးမှ မင်းတို့ ကတိကိုမဖျက်ပါနဲ့ကွဲ .... အခု မင်းတို့ တောင်းဆိုတာကို ငါတို့ လုပ်ပြပါ့မယ် ...."

သူသည် စကားဆုံးသည်နှင့် လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

လူငါးယောက်က ထွက်လာသည်။

သူတို့က သဲသောင်ပေါ်၌ တုတ်ငါးချောင်း စိုက်လိုက်၏။

ထို့နောက် တုတ်ချောင်းများပေါ်၌ ပန်းသီးငါးလုံးကို တင်ထားလိုက်သည်။

ထို့နောက် နောက်သို့ ပြန်ဆုတ်သွားသည်။

မှတ်ဆိတ်နှင့် ဂျပန်က ထို တုတ်ချောင်းငါးချောင်းအလယ်၌ ဝင်၍ ရပ်လိုက်လေသည်။

ထို့နောက် ဓားကို ဆွဲထုတ်ပြီး ပန်းသီးတစ်လုံးစီကို လှစ်ခနဲ လှစ်ခနဲ ခုတ်ချပညာပြလေတော့၏။

ပန်းသီးမှာ ထက်ခြမ်းကွဲသွား၏။

သို့သော် တုတ်ချောင်းကိုမူ ထိခိုက်ခြင်း မရှိချေ။ ပန်းသီးသည် တုတ်ချောင်းပေါ်မှ အောက်သို့ ကျသွားခြင်းလည်း မရှိချေ။

အားလုံးက သဘောကျသွားပြီး လက်ခုပ်တီး၍ အားပေးကြသည်။

ထိုဓားပညာမှာ ကြည့်လျှင် လွယ်လွယ်ကလေးသာ ဖြစ်၏။

သို့သော် လက်တွေ့တွင် မလွယ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အဆ အရေးကြီးသည်။

လက်ဆမ်ကောင်းသူသည် ပန်းသီးကွဲရုံသာ ကွဲစေပြီး အောက်မှ တုတ်ချောင်းကို မထိဘဲနေအောင် ခုတ်နိုင်လိမ့်မည် မဟုတ်ချေ။

မုတ်ဆိတ်နှင့် ဂျပန်က ဆက်တိုက်သုံးလုံးကို ခုတ်ပြလိုက်၏။

ထို့နောက် နောက်ဆုံးတစ်လုံးကိုမူ ဓားဦးနှင့် ဆတ်တင်ကာ ကျန်နှစ်ယောက်ထံသို့ ပစ်တင်ပေးလိုက်သည်။

လွင့်လာသော ပန်းသီးကို ဂျပန်တစ်ယောက်က ဓားနှင့် ဝှီးခနဲ ခုတ်ချလိုက်၏။

ထက်ခြမ်းကွဲသွားသော ပန်းသီးနှစ်ခြမ်းအား ကျန်ဂျပန်က လေးခြမ်းဖြစ်အောင် ခုတ်ပြပြန်သည်။

ပင်လယ်ဓားပြများမှာ သဘောကျသွား၏။ လက်ခုပ်တဖြောင်းဖြောင်းတီးပြီး အားပေးကြသည်။

မုတ်ဆိတ်နှင့် ဂျပန်က ဓားကို ရှုပ်ခနဲ ပြန်ထည့်ကာ ....

"ကျုပ်တို့ရဲ့ ပညာကို တွေ့ပြီလား .... ခင်ဗျားရဲ့ ပညာလည်း တွေ့ပါရစေ .... "

စင်ယောက်က နှာခေါင်းတစ်ချက်ရှုံ့ပြီး ....

"မင်းတို့ပညာက ဘာဟုတ်လို့လဲ .... အလှပြရုံသက်သက်ပါဟာ တို့လူမျိုးတွေအဖို့ သုံးနှစ်သားကလေးတောင် ကစားပြတတ်ပါတယ် .... "

ဂျပန်သုံးယောက်မှာ ဒေါသထွက်သွားကြ၏။

ဂျပန်တစ်ယောက်က ....



"မင်း ကြီးကြီးကျယ်ကျယ် မပြောစမ်းနဲ့ .... တို့နဲ့ တိုက်နိုင်ရင် တိုက်စမ်း .... "

စင်ယောက်က ရယ်ရင်း ....

"မင်းတို့ သတ္တိရှိရင် ရှေ့ကို တိုးလာခဲ့ပါ .... ငါက ဖိတ်ခေါ်ပါတယ် .... "

ဂျပန်များ စိတ်မထိန်းနိုင်တော့ချေ။

ဓားကိုယ်စီ ဆွဲထုတ်ကာ ကိုယ်စီကိုယ်စီ ခုန်ဝင်လိုက်၏။

ထိုအချိန်၌ ....

ဟွာရှန်ဖုံသည် စင်ယောက်၏ ကျောပြင်သို့ သူ၏ လက်ဖဝါးတစ်ဖက်ကို ပူးကပ်ထားပြီး ခပ်တိုးတိုး ပြောလိုက်၏။

"စင်ယောက် .... အတွင်းအားကို စုစည်း .... စင်ယော်တောင်ဖြန့်သိုင်းကွက်နဲ့ ရိုက်ထုတ်လိုက် .... "

စင်ယောက်သည် သူ့ဆရာကြီး၏ အမိန့်အတိုင်း အတွင်းအားထုတ်ကာ ရိုက်ထုတ်သည်။

"ဝုန်း .... ဝုန်း .... ဝုန်း .... "

ဂျပန်သုံးယောက်မှာ ရင်ဝသို့ သံတူနှင့် အထုခံလိုက်ရသကဲ့သို့ဖြစ်သွားပြီး သဲသောင်ပြင်ပေါ်သို့ တလိမ့်ခေါက်ကွေး လွင့်စဉ်သွားတော့သည်။

ဂျပန်ဓားပြများသည် မျက်လုံးပြူးသွား၏။

သို့သော် သူတို့၏ ဒေါသများက သူတို့၏ခြေလှမ်းများကို ထပ်မံတိုးစေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ် .... ဝှစ် .... ဝှစ် .... "

ခရုခွံသုံးခုသည် လေထုကို ဖြတ်သန်းပြီး ပြေးထွက်သွားေ
သည်။

ဂျပန်ဓားပြများ၏ ဓားကိုင်လက်ကို ထိမှန်သွားသည်။

ထိုအခါ ဂျပန်များမှာ ဓားကို ကောင်းစွာမကိုင်နိုင်ကြတေ
ချေ။

လက်တစ်ခုလုံး ထုံကျဉ်သွားပြီဖြစ်၍ ဓားကို လွှတ်ချလိုက်
ရတော့သည်။

အရှုံးအနိုင်မှာ ကွဲပြားသွားပြီ ဖြစ်ပါသည်။ သူတို့ ရှုံးသွားပြီ

ဂျပန်ဓားပြများ ငြိမ်သက်သွား၏။ ဝေါခနဲ ကောင်းချီးပေးလို
သော တရုတ်ပင်လယ်ဓားပြများ၏ သြဘာသံမှာ ကောင်းကင်
ထိုးတက်သွားလေတော့သည်။

ယီဖျောင်းရှမ်းမှာ မြင်ကွင်းအားလုံးကို တွေ့မြင်ခဲ့၏။

သူမအနေနှင့် မယုံနိုင်ပါ။

ထို့နောက် ကျူဖေဘက် လှည့်လိုက်ပြီး တိုးတိုးပြောသည်

"ဘဘ .... ဟူရှန်ဖုံဟာ ကြောက်စရာပဲ .... စင်ယောက်
သူနဲ့ နှစ်လကျော်ကျော်လောက်ပဲ အတူနေရတယ် သိုင်းပညာ
လောက် အဆင့်မြင့်သွားပြီလား .... ကျွန်မတို့ မလွယ်တော့ဘ
တူတယ် .... "

ကျူဖေက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း တိုးတိုးပြန်
သည်။



"သမီးက ဒါတွေကို စင်ယောက်လုပ်တယ်လို့ ထင်နေသလား"

"စင်ယောက် လုပ်နေတာပဲလေ .... ဘဘလည်း အမြင်ပဲဥစ္စာ"

"စင်ယောက် မလုပ်ပါဘူး .... သူ့နောက်မှာ ကပ်နေတဲ့ မျက်
နှာကို ခပ်အုပ်အုပ်ဖုံးထားတဲ့ လူက လုပ်တာပါ .... "

"ဟင် .... "

"မဟင်နဲ့ .... ခရုနဲ့ပစ်တာ စင်ယောက် မဟုတ်ဘူး .... စင်
ယောက်က ဟန်ပြပစ်ပြတယ် .... နောက်ကလူက တကယ်ပစ်တာ၊
ဒါဟာ ဟူရှန်ဖုံရဲ့ ပညာတွေထဲက တစ်ကွက်ပဲ၊ အကောင်းဆုံး ပညာ
တွေ မဟုတ်သေးပါဘူး .... "

ဂျပန်သုံးယောက်မှာ မျက်နှာနီရဲနေသည်။

သူတို့ပုံစံမှာ ဒေါသလည်း အလွန်အမင်း ထွက်နေပုံပေါ်၏။

သူတို့ ရှုံးသွားသည်မှာ မှန်သော်လည်း ထိုအရှုံးကို လက်ခံနိုင်
ခြင်းမရှိချေ။

လက်နက်ပုန်းနှင့် ပစ်ခတ်ခြင်းသည် လူကြောက်တို့၏လုပ်ရပ်၊
သူရဲဘောကြောင်သူတို့၏ လုပ်ရပ်ဟု သူတို့ ယူဆထားသောကြောင့်
ဖြစ်ပါသည်။

မှတ်ဆိတ်နှင့် ဂျပန်က မကျေမနပ်နှင့် ပြော၏။

"မင်း ဒီလိုမတိုက်ခိုက်သင့်ဘူး .... ရင်ဆိုင်ယှဉ်ပြိုင်သင့်တယ်၊
ဒါကို အရှုံးလို့ တို့ မသတ်မှတ်ဘူး"

စင်ယောက်က ရယ်ပြီး ပြော၏။

"ကိုယ့်အသက်ကို ကာကွယ်နိုင်တဲ့ ဓားကို လွှတ်ချအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီးတဲ့နောက် မင်းတို့က ဘာစောဒက တက်ချင်နေရတာလဲ"

မုတ်ဆိတ်နှင့်ဂျပန်က ဓားကို ပြန်တောင်းပြီး အသင့်ပြင်လိုက်၏။

"မင်းရဲ့ သိုင်းပညာက ဘာလဲ .... အလစ်တိုက်လို့သာ တိုက်နိုင်တာပါ .... ဒါကို ဂုဏ်ယူမနေစမ်းပါနဲ့"

စင်ယောက်က ရယ်မောသည်။

"မင်းတို့က စမ်းချင်သေးလို့လား .... မင်းတို့ ဓားပညာဟာ သိုင်းပညာလို့ မခေါ်ထိုက်သေးဘူး .... ပဲပြားလှီးဖို့ပဲ ရမယ် .... ယောက်ဟား ...."

စင်ယောက်၏ စကားကြောင့် တရုတ်ပင်လယ်ဓားပြများ အားလုံး တဟားဟား ရယ်မောမိကြလေတော့၏။

မုတ်ဆိတ်နှင့် ဂျပန်မှာ စင်ယောက်အား စိုက်ကြည့်လိုက်၏။

"မင်း တကယ်သတ္တိရှိသလား .... ငါတို့သုံးယောက်နဲ့ ယှဉ်ရဲသလား ...."

စင်ယောက် ရယ်လေတော့၏။

"မင်းတို့သုံးယောက်ပေါင်းလို့ကော ငါက ကြောက်ရမယ်ထင်သလား .... မကျေနပ်သေးရင် မင်းတို့ ကြိုက်သလို တိုက်ခိုက်တယ်"

ဂျပန်သုံးယောက်သည် စောစောက ပုံစံအတိုင်း ခုန်ဝင်တိုက်ခိုက်ကြပြန်၏။

ယိဖျောင်းရှမ်းသည် ဒီတစ်ချီတော့ စင်ယောက် ဒုက္ခရောက်ပြီဟု တွေးလိုက်၏။



သို့သော် ...."

ဂျပန်သုံးယောက်သာ ဒလိမ့်ခေါက်ကွေး လွင့်စဉ်သွားရပြန်သည်။

ဒီတစ်ချီ၌ ဂျပန်ဓားပြများ အတော်ဝေးဝေးသို့ လိမ့်သွား၏။ ဓားများလည်း လက်ထဲမှ လွတ်ကျသွားသည်။ အားလုံး လက်ဗလာဖြစ်သွားကြသည်။

ဂျပန်များသည် သူတို့ဓားများ လွတ်ကျအောင် လက်ကွန်ကျင်မှု အတိုက်ခံရခြင်းမဟုတ်ကြောင်း သေချာစွာ သိရှိသွားကြလေပြီ။

စင်ယောက်က အေးစက်စွာ ပြောလေ၏။

"ကဲ .... တက်ခဲ့ကြဦး၊ မင်းတို့ ကျေကျေနပ်နပ် အရှုံးပေးတဲ့ထိ ငါ တိုက်ခိုက်မယ် ...."

ဂျပန်များ တဖြည်းဖြည်း နောက်ဆုတ်သွား၏။

သူတို့နောက်၌ရပ်နေသော ဂျပန်သုံးဆယ်လည်း တဖြည်းဖြည်း နောက်ဆုတ်သွားသည်။

စင်ယောက်က ပင်လယ်ပြင်သို့ လက်ညှိုးညွှန်လိုက်ပြီး အေးစက်မာကျောသောလေသံဖြင့် ငေါက်ငန်းလိုက်သည်။

"သွားကြစမ်း ပေါ့တွေ .... ပြေးကြစမ်း ပင်လယ်ထဲ .... မင်းတို့ အဆက်နေတာကို ငါ မကြည့်ချင်ဘူး .... နောက်တစ်ခါ မင်းတို့ကို ထပ်တွေ့ရင် လေ့အစီးသုံးဆယ်စလုံး ရေအောက်ရောက်အောင် ငါ ဖျက်ပစ်မယ် ...."

ဂျပန်ပင်လယ်ဓားပြများမှာ ကြက်သီးဖြန်းဖြန်း ထသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးဝင် ကသုတ်ကယက် လှေငယ်များဆီသို့ ဆင်းပြေးသွား၏။

ထိုလှေငယ်များဖြင့် တိုက်လှေများဆီသို့ ပြန်ကြသည်။

မကြာမီ ထိုလှေအစီးသုံးဆယ်သည် စန်တူအော့ ပင်လယ်ကွေ့ထဲမှ တရွေ့ရွေ့ ထွက်ခွာသွားလေတော့၏။

ဤသည်မှ နောက်ပိုင်းတွင် ဂျပန်ပင်လယ်ဓားပြတို့၏ တိုက်လှေများသည် အရှေ့ဘက်ပင်လယ်ပြင်သို့ လုံးဝ လာရောက်ခြင်း မရှိတော့ပေ။



အခန်း(၆၃)

## စောင့်ကြည့်သူများ၏ဒုက္ခ

ဝူယန်ချင်းနှင့် ဝူယန်ကျိုးတို့ ညီအစ်ကိုသည် စင်ယောက်ကျပန်များအား အနိုင်ယူတိုက်ခိုက်ပြီး တိုက်လှေများ ပြန်ဆုတ်ခွာသွားစေနိုင်သည်ကို တွေ့ရသောအခါ လွန်စွာ ဝမ်းသာသွားသည်။

စင်ယောက်သည်လည်း စိတ်ဓာတ် တက်ကြွသွားသည်မှာ အမှန်ပင်ဖြစ်တော့သည်။

ဝူယန်ချင်းသည် ရှေ့သို့ ထွက်လာပြီး ဆူညံစွာ အော်ဟစ်နေသော ပင်လယ်ဓားပြများ ငြိမ်သက်ကြပါရန် အချက်ပြလိုက်၏။

ငြိမ်သွားသောအခါမှ အောင်မြင်သောအသံနှင့် အော်ပြောလိုက်သည်။

"ကဲ .... ပင်လယ်သူရဲကောင်းအပေါင်းတို့ ကျုပ်တို့ ခေါင်းဆောင်ကြီးရဲ့အစွမ်းကို မြင်ကြပြီမဟုတ်ပါလား .... ပင်လယ်ဓားပြအားလုံးရဲ့ ခေါင်းဆောင်ကြီးအဖြစ် သဘောတူ တင်မြှောက်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် .... ညာဘက်လက်မြှောက်ပြီး သဘောတူကြောင်း ထောက်ခံကြေညာပေးကြပါ ခင်ဗျာ .... ”

ထိုအခါ တူတယ်၊ တူတယ်၊ တူတယ် ဟူသော အသံကြီးသည် မုန်တိုင်းကြောင့် ဆူပွက်ထလာသော လှိုင်းသံကြီးနှယ် ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာလေတော့သည်။

ဝူယန်ချင်က ပြုံးရွှင်သွား၏။ ငြိမ်သက်ကြရန် ထပ်မံအချက်ပြရပြန်၏။

“အခု ကျုပ်တို့ ဒီနေရာမှာ ခေါင်းဆောင်ဂိုဏ်းချုပ်သစ် တင်မြှောက်နိုင်ပါပြီ .... ဒီတော့ ကျုပ်တို့ ဂုဏ်ပြုပွဲတစ်ခု လုပ်သင့်တယ် မဟုတ်လား .... ”

“ဟုတ်ပါတယ် .... ဟုတ်ပါတယ် .... ဟုတ်ပါတယ်”

ဝူယန်ချင်းက ....

“ဒါဆိုရင် ဒီသဲသောင်ပြင်မှာပဲ စားသောက်ပွဲ ကျင်းပမယ် .... အားလုံး ပျော်ပျော်ရွှင်ရွှင် စားသောက်ပွဲ ကျင်းပကြပါစို့”

ဝူယန်ချင်း၏ စကားဆုံးသည်နှင့် ပင်လယ်ဓားပြအားလုံးက လက်ခုပ်တီး ဩဘာပေးကြတော့သည်။

လက်ခုပ်ဩဘာသံများမှာ ပင်လယ်ပြင်သို့ပင် လျှံထွက်သွားသည်ဟု ထင်မှတ်ရပေသည်။

ထို့မှ .... နောက်ပိုင်းတွင် လှေများပေါ် ပြန်တက်ကာ စားသောက်ဖွယ်ရာများ စီစဉ်ကြတော့၏။ သဲသောင်ပြင်ပေါ်၌ စားပွဲသောက်ပွဲ ပြင်ဆင်ကြသည်။



ထိုအချိန်မှာပင် ကျုံဖေ၊ ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် မသိမသာ နောက်ဆုတ်ထွက်ခဲ့ကြလေတော့၏။

ပင်လယ်ဓားပြများသည် စားသောက်ပွဲအတွက် အာရုံစိုက်နေကြသဖြင့် မသိမသာ ထွက်ခွာသွားကြသော ကျုံဖေတို့ကို လုံးဝဂရုမပြုမိကြပေ။

လမ်း၌ ကျုံဖေအား ယိဖျောင်းရှမ်းက မေးလိုက်၏။

“ဘာဘာ .... ကျွန်မတို့ အခု ဟူရှန်ဖုံရှိတဲ့နေရာကို ခြေရာခံမိပြီ၊ ဘယ်လိုလုပ်ကြမလဲ .... ”

ကျုံဖေက စဉ်းစဉ်းစားစား ပြော၏။

“အဲဒါကို သေသေချာချာ စဉ်းစားကြရမှာပဲ .... အခုအချိန်မှာတော့ ဘာမှမလုပ်နိုင်သေးပါဘူးကွယ် .... ”

ယိဖျောင်းရှမ်းက ....

“ကျွန်မတို့ ခုလို ရုပ်ဖျက်ပြီး ဟူရှန်ဖုံအနား ကပ်မယ် .... ပြီးမှ အနီးကပ်လုပ်ကြရင်ကော မဖြစ်နိုင်ဘူးလား .... ”

ကျုံဖေက ခေါင်းခါယမ်းလိုက်၏။

“ဟင့်အင်း .... မဖြစ်နိုင်ပါဘူးကွယ်၊ တို့သုံးယောက်နဲ့ ဟူရှန်ဖုံတစ်ယောက်ကို နိုင်ဖို့မလွယ်ပါဘူး .... ပြီးတော့ သူတို့မှာ ဓားပြအင်အားပဲ နှစ်ထောင်နီးပါး ရှိတယ်၊ တို့ ဒီလူတွေကို ဘယ်လိုရင်ဆိုင်မလဲ .... ရမ်းပြီး လုပ်လို့မရဘူး .... အရမ်းဝင်တိုက်ခိုက်မယ်ဆိုရင် တို့ပဲ သေကုန်မယ် .... စဉ်းစားပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ သိရမှာပဲ .... လူထူးလူဆန်းသုံးယောက် ပါလာရင်တော့ အခြေအနေတစ်မျိုးပေါ့ .... ”

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းနှင့် ဟန်စုချင်မှာ ပါးစပ်ပိတ်သွားတော့သည်။

ထို့နောက် သူတို့ စကားမပြောဖြစ်ကြတော့ဘဲ စင်ဆန်ကွေ၏ အိမ်ဆီသို့ ပြန်လာခဲ့ကြတော့သည်။

အိမ်သို့ရောက်ခါနီးတွင် သုံးဦးစလုံး၏စိတ်ထဲ၌ စနောင့်စနင်း ခံစားကြရတော့၏။

ကျုံဖေက တီးတိုးခေါ်လိုက်သည်။

"ယန်လီကျူ .... ယန်လီကျူ .... "

ပြန်လည်ထူးသံ မကြားရချေ။

ယိဖျောင်းရှမ်းက အိမ်အတွင်း ကြည့်လိုက်၏။

ယန်ကျင်ကန်နှင့် ယန်လီကျူအား မတွေ့ရချေ။

ယိဖျောင်းရှမ်းမှာ ရင်ထိတ်သွား၏။

ချက်ချင်း မြေတွင်းထဲသို့ ဆင်းကြည့်တော့၏။

မြေတွင်းထဲ၌လည်း မည်သူမျှ မရှိတော့ချေ။

ယိဖျောင်းရှမ်းမှာ လွန်စွာစိတ်ပူသွား၏။ ယန်မောင်နှမသည် သူမနှင့် မောင်နှမဝမ်းကွဲ တော်စပ်သူများ မဟုတ်ပါလား။

ယန်ကျင်ကန်တို့ မောင်နှမအား ပင်လယ်ဓားပြများ ဖမ်းသွားပြီဟု သူ ထင်မိသည်။

ထို့ကြောင့် သူမက စိုးရိမ်ပူပန်စွာ မေးလိုက်၏။

"ဘဘ .... ယန်ကျင်ကန်တို့ မောင်နှမကို ဓားပြတွေ ဖမ်းမိသွားပြီလား မသိဘူး .... "

ကျုံဖေ တစ်ချက် စဉ်းစားလိုက်၏။



အိမ်တွင်းကို တစ်ချက်အကဲခတ်ကြည့်လိုက်၏။ မြေတွင်းကို သေချာစွာ စစ်ဆေး၏။

ပြီးမှ ခေါင်းခါယမ်းကာ ....

"မဖြစ်နိုင်ပါဘူးကွယ် .... ဘယ်လိုမှ မဖြစ်နိုင်ပါဘူးကွယ်"

"ဘာကြောင့်လဲ ဘဘ .... ဘာသက်သေ အထောက်အထား ရှိလို့လဲ .... "

ကျုံဖေက ....

"အိမ်ထဲကို သေသေချာချာကြည့် သပ်သပ်ရပ်ရပ်ပဲ .... ပြတင်းပေါက်လည်း မပွင့်ဘူး .... ဘာမှ ပျက်စီးယိုယွင်းနေတာလည်း မရှိဘူး .... "

ဟန်စုချင်က ....

"အဲဒါနဲ့ ဘာဆိုင်လို့လဲ ဘဘရယ် .... "

"ဆိုင်တာပေါ့ကွယ် .... ဒီလို သပ်သပ်ရပ်ရပ် ရှိနေတဲ့အတွက် ရန်သူ ရောက်မလာဘူးဆိုတာ သေချာတာပေါ့ .... "

ယိဖျောင်းရှမ်းက အံ့ဩစွာ မေးသည်။

"ဒါဆို ဘယ်ရောက်သွားသလဲ .... "

ကျုံဖေက လေးနက်စွာ ပြန်မေး၏။

"ကဲ .... သူတို့ရဲ့ လက်နက်တွေကော တွေ့ရဲ့လား"

ယိဖျောင်းရှမ်း အရေးတကြီး ရှာဖွေတော့သည်။ ယန်မောင်နှမ၏ လက်နက်တစ်စုံတစ်ရာကိုမျှ ရှာမတွေ့ပါချေ။

ယိဖျောင်းရှမ်း နားလည်လိုက်ချေပြီ။

ထိုမောင်နှမနှစ်ယောက်သည် အိမ်တွင်း၌ ငြိမ်ငြိမ်မနေနိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ၊ အပြင်သို့ထွက်ပြီး စပ်စုပြီဖြစ်ကြောင်း နားလည်လိုက်ရပါလေပြီ။

ထို့ကြောင့် ....

"ဒီမောင်နှမ တယ်ခက်တာပဲ .... အပြင်ထွက်ပြီး စပ်စုတာတော့ သေချာပြီ ...."

ဟု မကျေမနပ်နှင့် ပြောလိုက်ပါလေတော့၏။

ကျူးဖေက ခေါင်းညိတ်ကာ ....

"ဟုတ်တယ် .... တို့တစ်တွေ ထွက်စုံစမ်းပြီး သူတို့ကို ဒီမှာ အစောင့်ချ ချန်ပစ်ခဲ့တာကို သူတို့ သည်းမခံနိုင်ဖြစ်ပုံ ရကြတယ် .... သူတို့ကိုယ်တိုင် ထွက်စုံစမ်းတာ သေချာသလောက်ပါပဲကွယ်"

"ဒါဆို ဘယ်လိုလုပ်ကြမလဲဟင် ဘဘ ...."

ယိဖျောင်းရှမ်းက ကျူးဖေအား မေးသည်။

ကျူးဖေက သက်ပြင်းရှည်ကြီးချပြီး ပြော၏။ ကျူးဖေ၏ လေသံ၌ စိတ်ပျက်သံများ ပါနေသည်။

"တို့ .... သူတို့ကို ချက်ချင်းရှာမှ ဖြစ်မယ် .... သူတို့ သိုင်းပညာက သိပ်ပြီး နုသေးတယ် .... ရန်သူနဲ့တွေ့ရင် ခံရမှာပဲ .... သူတို့ ခံရတာက အကြောင်းမဟုတ် .... တို့အကြံအစည်တွေ ပျက်စီးကုန်မှာကို ပိုပြီး ကြောက်ရတယ်၊ တို့ ပျက်စီးရင် သိုင်းလောကကြီး ပျက်စီးတာနဲ့ အတူတူပဲ ...."

ယိဖျောင်းရှမ်းတို့သည် တံငါရွာထဲ၌ လှည့်ပတ်ရှာဖွေကြ၏။

ရှာဖွေရင်း တဖြည်းဖြည်း မိုးချုပ်လာသည်။

ရွာထဲ၌ မီးရောင်ဟူ၍ စိုးစဉ်းမျှ မရှိပါ။

တစ်ရွာလုံး မှောင်လာသည်။



သို့သော် ....

သူတို့က လက်မလျှော့ကြပါ။ ဆက်လက်ရှာဖွေကြပါသည်။

ထို့နောက် ပင်လယ်ကမ်းစပ်မှ ဓားပြများ မရိပ်မိစေရန် သူတို့ လှုစုခွဲလိုက်ကြသည်။

တစ်ဦးချင်းတစ်ယောက်ချင်း လိုက်လံရှာဖွေကြတော့သည်။

သူတို့က ရွာထဲ၌ ရှာဖွေကောင်းနေသောအချိန်၌ သဲသောင်ပြင်ရှိ ပင်လယ်ဓားပြများ၏ စားသောက်ပွဲမှာ ပြီးဆုံးချိန်သို့ ရောက်ရှိလာလေပြီ။

အချို့ဓားပြများမှာ အမူးလွန်ကာ သဲသောင်ပြင်၌ပင် အိပ်ပျော်နေကြတော့သည်။

အချို့မှာမူ လှေပေါ်သို့ ပြန်တက်သွားကြ၏။

အချို့ကမူ ရွာထဲသို့ ဝင်လာကြသည်။

ထို့ကြောင့် ယိဖျောင်းရှမ်းတို့၏ လှုပ်ရှားမှုမှာ ပို၍ ခက်ခဲလာလေတော့၏။

ဟန်စုချင်သည် ရွာထဲ၌ ရှာဖွေနေရင်း မူးနေသော ပင်လယ်ဓားပြများနှင့် ပက်ပင်းတိုးမိမတတ် ဖြစ်သွားလေ၏။

ထို့ကြောင့် ချက်ချင်း ပုန်းခိုလိုက်ရသည်။

ထိုစဉ် ....

သူမက အတွေးတစ်ခုပေါ်လာ၏။

သူတို့က ရှာဖွေနေသော အချိန်၌ ယန်ကျင်ကန်တို့မောင်နှမကို ဓားပြများက ဖမ်းဆီးထားလျှင် မည်သို့ရှိမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေရသည်သာ အချိန်ကုန်မည် ဖြစ်၏။

ပင်လယ်ဓားပြတစ်ယောက်ယောက်ကို ဖမ်းဆီးစစ်ဆေးပါက ရှာဖွေရချိန် သက်သာမည်ဟု သူမ တွေးမိခြင်း ဖြစ်သည်။

ထို့နောက် ....

သူမက အကြံအစည်ကို အကောင်အထည်ဖော်လိုက်လေတော့သည်။

ဓားပြတစ်ယောက်မှာ မူးပြီး ရှာလမ်းအတိုင်း လျှောက်လာ၏။

ဟန်စုချင်က နောက်မှ နောက်ယောင်ခံကာ လိုက်သွား၏။

လမ်းချိုးကွေ့အရောက်၌ ဟန်စုချင်က ထိုလူ၏ လည်ပင်းကို နောက်မှနေ၍ ဖမ်းဆုပ်လိုက်၏။

ထို့နောက် ခြိမ်းခြောက်လိုက်သည်။

"မအော်နဲ့ .... အော်တာနဲ့ သတ်ပစ်မယ် .... "

ထိုအခါကျမှ ပင်လယ်ဓားပြများသည် ကြောက်ရလန့်ရမှန်း သိတော့သည်။

သည်တစ်ခါ ကျောချသူက ဓားပြမဟုတ် .... ။

ဓားပြက ကျောအချခံရသူတည်း။

ထို့ပြင် ....

သူ့အဖို့ မြေကြီးနှင့်မျက်နှာ ကပ်နေရသဖြင့် ရန်သူ မည်သူမည်ဝါ ဆိုသည်ကို မတွေ့ရချေ။

ဓားပြက တုန်ယင်သောလေသံဖြင့် ....

"ကျုပ် .... ကျုပ်အသက်ကို ချမ်းသာပေးပါ .... "

ဟန်စုချင်က ....



"ငါမေးတာကို မှန်မှန်ပြောမလား .... "

"ပြော .... ပြော .... ပြောပါ့မယ်၊ အသက်ကို ချမ်းသာပေးပါ"

"ငါမေးတာ မှန်မှန်ပြော၊ လိမ်ညာပြောရင်တော့ အသေပဲ .... "

"ခင်ဗျားက ဘာကို သိချင်လို့လဲ .... မေးချင်တာ မေးပါ၊ ကျုပ်သိတာကို အကုန်ဖြေပါ့မယ် .... "

"မင်းတို့ ဒီကနေ့ လူငယ်နှစ်ယောက်ကို ဖမ်းမိကြသေးသလား၊ ယောက်ျားတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်လေ .... "

"ကျုပ်တို့ ဒီနေ့ ရန်သူဖမ်းမိတယ်ဆိုကဲ့သတင်း မကြားမိပါဘူး ခင်ဗျာ .... ဒီကောင်လေးနဲ့ ကောင်မလေးကကော ဘယ်သူတွေမို့လဲ .... "

သူကပင် ပြန်၍ မေးခွန်းထုတ်နေသေး၏။

ဟန်စုချင်သည် ထိုစကားကြောင့် စိတ်သက်သာရာ ရသွားသည်။

သူက ဓားပြအား လွှတ်ပေးရန် စဉ်းစားလိုက်၏။

သို့သော် ....

တကယ် ပြန်စဉ်းစားကြည့်သောအခါ လွှတ်ပေးရန် မဖြစ်နိုင်တော့ပါ။

ထိုဓားပြသည် လွှတ်သည်နှင့် အထက်သို့ အကြောင်းကြားပြီး တစ်ရွာလုံးမွှေနှောက်ရှာဖွေနေကြတော့မည်မှာ သေချာနေပါသည်။

ထို့ကြောင့် ....

သူမက သက်ပြင်းတစ်ချက် ချလိုက်ပြီး ဓားပြ၏ နောက်ကျောသို့ ဓားကို ထိုးသွင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အား ...."

ဓားပြမှာ နာကျင်စွာ အော်လိုက်၏။

သူ၏အသံမှာ သိပ်မကျယ်ပါ။

သို့သော် ....

တိတ်ဆိတ်နေသော ညဉ့်ယံဖြစ်နေခြင်းကြောင့် အတော်ကျယ်လောင်သလို ဖြစ်သွားသည်။

"ဟေ့ ဘယ်သူလဲ .... ဘယ်ကောင် အော်တာလဲဟေ့"

မေးမြန်းရင်း ပြေးလာသည့် ခြေသံများကြောင့် ဟန်စုချင်ထိတ်လန့်သွားမိတော့သည်။

"ဟာ .... ဒုက္ခပါပဲ၊ အလောင်းသာ တွေ့သွားရင်တော့ ငါတို့မလွယ်ဘူး .... "

သူမက ညည်းညူလိုက်ပါသည်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိတော့ပေ။

သို့သော် ....

ဤအလောင်းကို အမြန်ဆုံး ဖျောက်ဖျက်ပစ်ရမည် ဆိုသောအသိကမူ သူ၏ဦးခေါင်းထဲသို့ လျင်မြန်စွာ ဝင်ရောက်လာ၏။

ထို့နောက် ....

သူမသည် အလောင်းကို မနီးမဝေးရှိ ရေတွင်းထဲသို့ ပစ်ချလိုက်လေတော့၏။

အလောင်းကြီး သူမလက်ထဲမှ လွတ်သွားသည့်အခါမှ ဟန်စုချင် စိတ်သက်သာရာ ရသွား၏။



သူမကိုယ်တိုင်လည်း ခေါင်းမိုးပေါ် ခုန်ဘက် ပုန်းအောင်းနိုင်လိုက်သည်။

ပင်လယ်ဓားပြ ဆယ်ယောက်ခန့်သည် အော်သံထွက်ပေါ်ရာနေရာသို့ ရောက်ရှိလာကြ၏။

သို့သော် ....

သူတို့ရောက်လာသောအခါ မည်သူ့ကိုမျှ မတွေ့ရချေ။

ဓားပြတစ်ယောက်က ....

"စောစောကပဲ ဒီဘက်က လူအော်သံကြားတာပဲ .... အခုဘယ်ရောက်သွားပြီလဲ .... "

နောက် ဓားပြတစ်ယောက်က မြည်တွန်တောက်တီးလိုက်၏။

"မင်း အမူးလွန်နေပြီထင်တယ် .... ကြားချင်တာတွေ ကြားပြီး အလကား ငါတို့ကိုပါ မောအောင် လုပ်တာပဲ .... တော်တော်ဆိုးတဲ့အကောင် .... "

ပထမ ဓားပြက ....

"ငါတစ်ယောက်တည်း ကြားတာမဟုတ်ပါဘူးကွ .... မယုံရင် မေးကြည့်ပါလား .... "

ကျန် ဓားပြနှစ်ယောက်က ဝန်ခံကြ၏။

"ဟုတ်တယ် .... ငါတို့လည်း ကြားမိတယ်ကွ .... "

"လူသံကြားရင် ရှိရမှာပေါ့ကွ .... အခု ရှိမှမရှိဘဲ"

အခြားတစ်ယောက်က တီးတိုးပြော၏။

"ဒါဆိုရင် လူအော်သံမဖြစ်နိုင်ဘူး .... "

www.burmeseclassic.com

www.burmeseclassic.com



"လူ့အော်သံ မဖြစ်လို့ ဝက်အော်သံ ဖြစ်ရမှာလား ...."

"ဟ .... မိစ္ဆာအော်သံကော မဖြစ်နိုင်ဘူးလား ...."

ပင်လယ်ဓားပြအားလုံး တုန်လှုပ်သွားကြ၏။

"ပြန်ကြစို့ .... ပြန်ကြစို့၊ သဲသောင်ပြင်ကို ပြန်ကြစို့ ...."

အားလုံးပင် သဲသောင်ပြင်ဆီသို့ ခပ်သုတ်သုတ် ပြန်လှည့်သွားကြတော့သည်။



## အခန်း(၆၄)

## စစ်တုလိုက်လာသူများ

ဟန်စုချင်မှာ ရယ်ချင်နေ၏။

သူတစ်ပါးထံမှ ပစ္စည်းများကို ခိုးဆိုးလုယက် တိုက်ခိုက်ရဲကြသော ပင်လယ်ဓားပြများသည် မိစ္ဆာတွေကိုတော့ ကြောက်လန့်နေကြသည် မဟုတ်ပါလော။

ထိုစဉ် သူ၏ပခုံးသို့ တစ်စုံတစ်ယောက်က ပုတ်လိုက်သည်ကို ခံစားလိုက်ရလေ၏။

ဟန်စုချင် ထိတ်လန့်သွား၏။ လှည့်ကြည့်လိုက်သည်။

ယိဖျောင်းရှမ်းပေတည်း။

"လန့်လိုက်တာ ညီမလေး .... အသံမပေး ဘာမပေးနဲ့"

"မမလုပ်တာတွေ ညီမလေး အကုန်မြင်နေတယ် .... ဓားပြတွေသေလို့ ဘာမှမဖြစ်ပါဘူး .... သူတို့က ဆန်ကိုမြေလေးတွေပဲ၊ ချောင်ကန်တို့သတင်းလည်း မေးလို့မရဘူး မဟုတ်လား .... "

www.burmeseclassic.com

www.burmeseclassic.com



"မရှာဘူး ညီမလေး ...."

ထိုစဉ် အသံတစ်သံက ထွက်ပေါ်လာလေ၏။

"ကဲ ကဲ .... စကားကို ဒီမှာပြောနေလို့ မကောင်းဘူး .... ပြန်ကြစို့ ...."

သူတို့နှစ်ယောက်လုံး လှည့်ကြည့်လိုက်၏။

သူတို့နောက်ဘက် ခေါင်မိုး၌ ကျုံဖေ ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ကျုံဖေသည် သူတို့နှစ်ဦးစလုံး၏ လှုပ်ရှားမှုကို စောင့်ကြည့်နေပုံရ၏။

ယိဖျောင်းရှမ်းက ....

"ဘဘ .... ယန်ကျင်ကန်တို့မောင်နှမကို ရှာလို့တွေ့သလား"

"မတွေ့ပါဘူး .... ဒါပေမယ့် ဓားပြတွေလက်ထဲတော့ မကျသေးတာ အမှန်ပဲ၊ သူတို့ ဘယ်ရောက်နေသလဲဆိုတာ စဉ်းစားလို့မရဘူး ...."

ယိဖျောင်းရှမ်း ငိုင်သွားသည်။

ယန်ကျင်ကန်နှင့် ယန်လီကျူတို့မှာ မောင်နှမများပင် ဖြစ်ပါသည်။

ထိုမောင်နှမသာ တစ်စုံတစ်ခု ဖြစ်မည်ဆိုပါက သူ၏ဦးလေး ဖြစ်သူအား မည်သို့ ရှင်းပြရမည်နည်း။

သူမှာ တာဝန်ရှိနေသည် မဟုတ်ပါလော။

ထို့ကြောင့် သူမက ညည်းလိုက်၏။

"ဒုက္ခပဲ .... သူတို့ကို ရှာလို့တွေ့မှ ဖြစ်မယ် .... သူတို့ တစ်ခုခုဖြစ်ရင် မကောင်းဘူး — ဦးလေးကို ကျွန်မ ဘယ်လိုမျက်နှာပြရတော့မလဲ ...."



ကျုံဖေက အေးအေးဆေးဆေးပင် ပြောသည်။

"အို .... သိပ်ပြီး စိတ်မပူပါနဲ့လေ၊ သမီး မျက်နှာပူရသလို ငါလည်း မျက်နှာပူရမှာပဲ .... ယန်ချင်ထန်ဟာ ငါ့သူငယ်ချင်းပဲဥစ္စာ၊ သူက ငါ့ကိုယုံလို့ သူ့သမီးနဲ့ သားကို ထည့်လိုက်တာ မဟုတ်လား၊ သမီးထက်တောင် ဘဘက ပိုပြီး ပူပန်ရလိမ့်ဦးမယ် ...."

သူတို့သုံးယောက်သည် စင်ဆန်ကွေ၏ အိမ်ကလေးဆီသို့ ပြန်လာခဲ့ကြ၏။

တဲအပေါ်တွင် ထိုင်မည်အပြု၌ ရွာထဲသို့ ဓားပြတစ်စု ဝင်လာသောအသံ ကြားရပြန်သဖြင့် သုံးယောက်စလုံး အိမ်တံခါးကိုဖွင့်ကာ မြေတွင်းထဲသို့ ဝင်ကြရတော့သည်။

သူတို့ ပုန်းအောင်းလိုက်သည်မှာ အချိန်မီပင် ဖြစ်တော့၏။ အဘယ်ကြောင့်ဆိုသော် ထိုပင်လယ်ဓားပြများသည် စင်ဆန်ကွေ၏ တဲထဲသို့ စိုက်စိုက်မတ်မတ် ဝင်လာကြသောကြောင့်တည်း။

အားလုံး ရင်ထိတ်သွားကြသည်။

သို့သော် ပင်လယ်ဓားပြများသည် သူတို့ကို ဝင်ရှာကြသူများ မဟုတ်ပေ။

စိတ်ကူးတည့်ရာ အိမ်ပေါ်တက်ထိုင်ပြီး စကားဝိုင်းဖွဲ့ကြခြင်းသာ ဖြစ်သည်။

ထိုအခါကျမှ ကျုံဖေမှာ သက်ပြင်းရှည်ကြီး ချနိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဓားပြများ ဘာအကြောင်း ပြောသည်ကို နားစွင့်လိုက်ကြသည်။

ဓားပြများသည် ရောက်တတ်ရာရာ ပြောနေကြ၏။ ဦးတည်ချက်မရှိဘဲ ပြောနေကြခြင်း ဖြစ်သည်။ ဓားပြတစ်ယောက်က ....

“ဩော် .... ဒါနဲ့ ထူးဆန်းတဲ့အကြောင်းတစ်ခု ပြောဦးမယ်၊ မင်းတို့ ကြားပြီးပြီလား .... ”

“ဘာသတင်းလဲကွ .... ”

“ညက လှေပေါ်မှာ ဖြစ်တဲ့သတင်းလေ .... ”

“ဟေ .... လှေပေါ်မှာ ဘာဖြစ်လို့လဲ”

ပထမ ဓားပြက ....

“ညက လှေပေါ်မှာ အရက်လေးလုံးနဲ့ စားစရာ အတော်များများ အခိုးခံရတယ်တဲ့ .... ”

ဓားပြများသည် ထိုစကား ကြားသောအခါ အားရပါးရ ရယ်မောမိကြတော့၏။

“ငါတို့က ထူးဆန်းတဲ့အကြောင်းဆိုလို့ ဘာများလဲလို့ .... စားစရာပျောက်တာများ ထူးဆန်းလို့လား .... စားဖို့မူးတွေပဲ ယူတာဖြစ်မှာပေါ့ .... နောက်ပြီး လှေတိုင်းလှေတိုင်းက စားစရာတွေ ယူချေးနေကြတာပဲ .... ဒါ မဆန်းပါဘူး .... ”

ထိုစဉ် သဲသောင်ကမ်းစပ်မှ ကျွဲချိုခရာမှုတ်သံ ထွက်ပေါ်လာ၏။ ပင်လယ်ဓားပြများ အလန့်တကြား ခုန်ရပ်လိုက်ကြပြီး သဲသောင်ကမ်းစပ်သို့ ပြန်လည်ပြေးဆင်းသွားကြတော့သည်။

ကျုံဖေ၊ ဟာန်စုချင်နှင့် ယိဖျောင်းရှမ်းတို့သည် စောစောက



ကြားပြီးခဲ့သော သတင်းကို ပြန်လည်၍ ဆွေးနွေးမိကြ၏။

သူခိုးသည် မည်သူနည်း။

အဘယ့်ကြောင့် စားသောက်ဖွယ်ရာများကို ခိုးရလေသနည်း။

အကြောင်းရင်းကို ရှာဖွေ၍ မရချေ။ ခိုးယူခြင်း မဟုတ်ဘဲ အမှတ်အသားလွဲပြီး ခိုးယူသည်ဟု ထင်ခြင်းလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ ဤမျှများပြားသော ပင်လယ်ဓားပြများ အကြားမှ အရက်နှင့် စားသောက်ဖွယ်ရာများကို ခိုးယူနိုင်စွမ်းရှိသည် ဆိုလျှင် ထိုသူသည် သိုင်းပညာ လွန်စွာထက်မြက်သူ ဖြစ်မည်ကား သေချာလှလေ၏။

ယိဖျောင်းရှမ်းက ....

“အခု ပင်လယ်ဓားပြတွေ အချက်ပေးခရာသံ မှုတ်တယ် .... အခြေအနေ တစ်ခုခုတော့ ထူးခြားပြီနဲ့ တယ်တူယ် ဘာဘ .... ကျွန်မတို့ ထွက်စုံစမ်းရင် မှားမယ် မထင်ဘူး .... ”

ဟာန်စုချင်က ....

“ဟုတ်တယ် .... ယန်ကျင်ကန်တို့ မောင်နှမကို အခုမှ ဖမ်းမိသွားသလား မသိဘူး .... ”

“ဒါဆိုရင် မြန်မြန်သွားမှ ကောင်းမယ်ထင်တယ် ဘဘ”

“အေးပါ .... သွားကြတာပေါ့ .... ဒါပေမယ့် သတိတော့ ရှိပါစေ .... တို့တစ်တွေ ပင်လယ်ဓားပြတွေလက်ထဲ ရောက်သွားရင်တော့ ယန်ကျင်ကန်တို့ မောင်နှမကို ဘယ်တော့မှ ကယ်နိုင်တော့မှာ မဟုတ်ဘူး .... ”

ကျုံဖေတို့အုပ်စုသည် မှောင်ရိပ်ခိုကာ သဲသောင်ကမ်းစပ်သို့

www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာကြ၏။ ဓားပြများ ဒရောသောပါး ပြန်ပြေးသည်မှာ မှန်သည်။

ဓားပြအုပ်စုအားလုံးကို ဝူယန်ချင်းတို့က ပြန်ခေါ်လိုက်သော ကြောင့်ပင်တည်း။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် ချက်နှာများကို ပဝါများ နှင့် ခပ်ကွယ်ကွယ်အုပ်ပြီး ကျူဖေနောက်မှ အသာလိုက်သွားကြသည်။

ဝူယန်ချင်းက ပင်လယ်ဓားပြများ အားလုံးကို စကားပြော သည်။

"ရဲဘော်တို့ ကျုပ်တို့ဟာ ခေါင်းဆောင်ကိုဏ်းချုပ်အသစ် ရွေး ချယ်ပွဲပြီးသွားပါပြီ .... ဂျပန်ပင်လယ်ဓားပြတွေကိုလည်း မောင်းထုတ် နိုင်ခဲ့ပါပြီ .... ဒါဟာ ကျုပ်တို့ အားလုံးအတွက် ဝမ်းသာစရာပါပဲ — ဒါပေမယ့် အခု ကျုပ်တို့ရဲ့ လှေတွေပေါ်မှာ ထူးဆန်းတဲ့ကိစ္စတွေ ဖြစ် ပေါ်နေတယ် .... တချို့လည်း ဒီသတင်းကို ကြားပြီးဖြစ်မှာပဲ — စားသောက်ဖွယ်ရာအချို့ ပျောက်ဆုံးခဲ့တယ် .... ဒါက အရေးမကြီး ပါဘူး .... အရေးကြီးတာကတော့ လှေဆယ်စင်းလောက်က ရွက်ကြိုး တွေဟာ အဖြတ်ခံခဲ့ရပါတယ် .... ဒါဟာ ရန်သူတစ်ယောက်ယောက်ရဲ့ လက်ချက်ပဲ ဖြစ်နိုင်ပါတယ် .... "

ဓားပြအများစုမှာ အံ့သြနေကြသည်။

ဤမျှများပြားသော ဓားပြအုပ်စုများကို စိန်ခေါ်အန်တုရဲသူများ ကား မည်သူပေနည်း။

ဝူယန်ချင်က ဆက်ပြော၏။

"ကျုပ်က ဒီလိုပြောလိုက်တော့ ခင်ဗျားတို့က ဒေါသထွက် ကောင်း ထွက်လိမ့်မယ် .... ဒေါသမထွက်ပါနဲ့ .... ဒါကို ခေါင်းထဲလည်း



မထားပါနဲ့ .... ဒီရန်သူကို ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီးစင်ယောက်က အမိန့်ရှိညွှန်ကြားလိုက်တာကတော့ ပင်လယ်ဓားပြတွေဟာ ကိုယ့် စားကျက်ဆီ ကိုယ်ပြန်ကြဖို့ ဖြစ်ပါတယ် .... ခြောက်လပြည့်တဲ့နေ့မှာ ဒီနေရာမှာ ပြန်ဆုံပြီး နီးနှောတိုင်ပင်ကြမယ်လို့ အဆိုရှိပါတယ် .... မနက်မိုးလင်းတာနဲ့ အားလုံး ဒီကထွက်ခွာကြရပါမယ် .... တကယ်လို့ မွန်ဂိုရေတပ်က ကျုပ်တို့ကို ဝိုင်းမိသွားရင် ကျုပ်တို့အားလုံး အကြီး အကျယ် နစ်နာဆုံးရှုံးသွားနိုင်ပါတယ် .... ကျုပ်ပြောတာ အားလုံး သဘောပေါက်ရဲ့လား .... "

"ပေါက်တယ် .... ပေါက်တယ် ....

ပင်လယ်ဓားပြများ၏ အော်သံသည် ဟိန်းထွက်လာတော့၏။

ကျူဖေတို့သည် ပင်လယ်ဓားပြအုပ်စုထဲမှ အသာခွဲထွက်လာ ကြ၏။ လူရှင်းသောနေရာသို့ရောက်မှ ကျူဖေက တိုးတိုးပြော၏။

"ကဲ .... ငါတို့ ဟူရှန်ဖုံပါနိုင်တဲ့ ရွက်လှေပေါ်ကို အခုကတည်း က ကြိုတက်ထားကြရအောင် .... "

ယိဖျောင်းရှမ်း လန့်သွား၏။

"ဘာဘာ .... မောင်လေးနဲ့ ညီမလေးတို့ ကျန်ရစ်ခဲ့တော့မှာပေါ့၊ သူတို့ကို ဘယ်လိုလုပ်မလဲ .... "

ကျူဖေက ခေါင်းယမ်းလိုက်၏။

"ကျန်ခဲ့ပါစေ .... ဒီမှာ ကျန်ခဲ့လို့ သူတို့ ဘာအန္တရာယ်မှ မဖြစ် ပါဘူး .... တို့ကသာ ဟူရှန်ဖုံကို မျက်ခြည်မပြတ် တက်လိုက်ကြမယ်"

ယိဖျောင်းရှမ်းမှာ ယန်ကျင်ကန်တို့ မောင်နှမအတွက် နောက် ဆံတင်းနေသော်လည်း ကျူဖေ၏ အဆုံးအဖြတ်ကိုမူ မလွန်ဆန်နိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ .... ကျွန်မတို့ ဘယ်လှေပေါ်လိုက်မှာလဲ"

"အကောင်းဆုံး ရွက်လှေပေါ် ကြိုတက်ထားကြတာပေါ့ .... ကမ်းစပ်မှ လှေကလေးတွေ အများကြီးရှိတယ် .... တစ်လှေလှေတက်ပြီး ခပ်တည်တည်နဲ့ လှော်သွားမယ် .... ဟိုကျတော့မှ အကောင်းဆုံး ရွက်လှေပေါ်တက်မယ် .... ဟူရှန်ဖုံနဲ့ စင်ယောက်ဟာ ငွေညီနောင်ရဲ့ လှေနဲ့ လိုက်မှာ သေချာပါတယ် .... "

ကျုံဖေက မိန်းကလေးနှစ်ဦးအား ရှင်းပြလိုက်သည်။ ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့က ခေါင်းညိတ်သဘောတူသည်။ ထို့နောက် လှေကလေးတစ်စင်းကို ခပ်တည်တည်လှော်ခတ်ကာ ထွက်ခဲ့ကြ၏။ မိုးမလင်းသေးသဖြင့် အမှောင်ထု ရှိနေသေးသည်။ သူတို့ကို မည်သူကမျှ မစစ်ဆေးချေ။ စစ်ဆေးမည့်သူလည်းမရှိ။ သူတို့သည် အကောင်းဆုံး ရွက်လှေကြီး ဘေးသို့ ရောက်လာပြီး လျင်မြန်စွာ တွယ်တက်လာကြ၏။ လှေကို စောင့်ရှောက်နေသူ ပင်လယ်ဓားပြဆယ်ယောက်ခန့်မှာ အရက်မူးပြီး အိပ်ပျော်နေကြသဖြင့် ထိုလှေ၏ ဝမ်းဗိုက်အတွင်း၌ လွယ်ကူစွာ ဝင်ပုန်းနိုင်ခဲ့ကြပေသည်။

ဤသို့ဖြင့် တစ်ညတာ ကုန်ဆုံးပြီး မိုးစင်စင်လင်းသွားလေ၏။

"ဝုန်း .... "

ကျုံဖေတို့သည် ပုန်းအောင်းနေရာမှ ထိုအသံကြီးကို ကြားလိုက်၏။ ဘာအသံမှန်းတော့ မသိကြပေ။ အဖြစ်အပျက်အမှန်မှာ ရွက်လှေတစ်စင်း ဖောက်ခွဲဖျက်ဆီးခံရခြင်းသာ ဖြစ်သည်။

ထိုအဖြစ်အပျက်သည် ဟူရှန်ဖုံ၊ စင်ယောက်၊ ငွေညီနောင်နှင့် မွန်ညီနောင်တို့ကို အကြီးအကျယ် ဒေါသထွက်စေသည်။



သို့သော် ဟူရှန်ဖုံက အားလုံးကိုခေါ်ပြီး တီးတိုးပြောလေ၏။ ဟူရှန်ဖုံ၏ အကြံပေးချက်ကို အားလုံးက လက်ခံကြသည်။

ငွေယန်ချင်းသည် ပျက်စီးသွားသော ရွက်လှေပေါ်မှ ပင်လယ်ဓားပြများကို အခြားရွက်လှေများဆီသို့ ပေါင်းတင်ပေးပြီး ကိုယ့်အစုနှင့်ကိုယ် ထွက်ခွာသွားစေသည်။ ယခု သူတို့ ရှောင်ကြရမည့်သူမှာ မွန်ဂိုစစ်တပ်၏ ပိတ်ဆို့မှုကို မည်သည့်နည်းနှင့်မျှ မခံနိုင်ပေ။

ပင်လယ်ဓားပြလှေများသည် ကိုယ့်အစုနှင့်ကိုယ် ထွက်ခွာသွားကြ၏။ ဟူရှန်ဖုံတို့ ရွက်လှေနှင့်အတူ လိုက်ခွင့်ရသော ပင်လယ်ဓားပြ ရွက်လှေမှာ စုံကျွန်းခွေနှင့် စန်ထင်ပတို့ပင် ဖြစ်သည်။ သူတို့၏ အစိမ်းရောင်ငှက်ဂိုဏ်းနှင့် ကျားဝါဂိုဏ်းတို့သည် တစ်ဖွဲ့တည်းအဖြစ် ပေါင်းစည်းပြီး ရွက်လှေတစ်စင်းပေါ် အတူလိုက်ပါလာကြသည်။

ဟူရှန်ဖုံ စဉ်းစားနေသည်။

ယခု အနှောင့်အယှက် ပေးနေသူများမှာ မည်သူနည်း။

ထိုသူသည် ပင်လယ်ဓားပြများအား နှောင့်ယှက်ခြင်းလော။

သို့မဟုတ် မိမိအား နှောင့်ယှက်ခြင်းပေလော။

သူ စဉ်းစား၍ မရချေ။

သို့သော် မိမိတို့ဘက်မှ လှေတစ်စင်း ဆုံးရှုံးခဲ့ပြီးပြီဖြစ်သည်။

ပင်လယ်ဓားပြ ရွက်လှေနှစ်စင်းသည် စန်တူအော့ ပင်လယ်ကမ်းခြေမှ ခွာလာခဲ့၏။

သို့သော် ကမ်းခြေနှင့် ဝေးဝေး မရောက်မီပင် သူတို့၏ ရှေ့ဘက်မှ လှေကလေးတစ်စင်းကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလှေကလေးငယ်သလောက် လျင်မြန်လှ၏။ လှေမည်း ကလေးပမာ လျင်မြန်လှပေသည်။

ထိုလှေကလေးသည် စန့်တူအော့ ပင်လယ်ကမ်းခြေသို့ ဦး တည်လာနေခြင်းဖြစ်ရာ ထွက်ခွာလာသော ရွက်လှေနှစ်စင်းနှင့် မျက် နှာချင်းဆိုင် အနေအထားသို့ ရောက်ရှိလာခဲ့ပေသည်။

လှေနှစ်စင်းအနက် စုံကျွန်းခွေနှင့် စန်ထင်ပတို့၏ လှေမှာ ရှေ့ က ရောက်နေသဖြင့် ထိုလှေကလေးကို စုံကျွန်းခွေက ရပ်တန့်ခိုင်း သည်။

"ဟေ့ .... ဘယ်သူလဲ ရပ်စမ်း .... "

သို့သော် လှေကလေးက ဂရုမစိုက်ပါ။ ရပ်လည်းမရပ်ပါ။ လှေ မြဲလှော်ခတ်နေသည်။

လှေကလေးပေါ်၌ လူနှစ်ယောက်ပါလာ၏။

စုံကျွန်းခွေမှာ စိတ်တိုသူဖြစ်သည်။

, အမိန့်ကို မနာခံသော လှေငယ်ကို ဒေါသထွက်လာပြီး ချက် ချင်းပင် လေးနှင့် ပစ်စေသည်။

"လေးနဲ့ ပစ်ကြစမ်း .... "

လေးသမားများက ထိုလှေကလေးအား ဝိုင်း၍ ပစ်လိုက်ကြ လေသည်။

မြှားများမှာ မိုးရွာသကဲ့သို့ လှေကလေးအပေါ်သို့ ကျရော လာတော့သည်။

သို့သော် လှေပေါ်မှ လူဝကြီးက ချက်ချင်းလှော်တက်ကို ဝိုင်းသဏ္ဌာန် ဝှေ့ယမ်းကာ လာသမျှ မြှားများကို ရိုက်ထုတ်ရာ မြှ



များသည် စက်ဝိုင်းသဖွယ် လည်ပတ်လွင့်ထွက်ကုန်သည်။ လေးသမား များလည်း လန့်ဖျပ်သွားကြသည်။

ထိုလူဝကြီးမှာ အခြားသူ မဟုတ်ပါ။

လက်တစ်ထောင်တာမိုခေါ် လူထူးလူဆန်းသုံးယောက်အနက် တစ်ယောက်ပင်ဖြစ်ပါသည်။

သူ့နောက်မှ လူမှာလည်း အခြားသူ မဟုတ်ပါ။ ဟန်စုချင်၏ ဖခင် ဟန်ဂိုဖြစ်ပါသည်။

တာမိုသည် မိစ္ဆာကျွန်းတိုက်ပွဲအပြီး၌ ဟန်ဂို၏အိမ်သို့ အလည် အပတ်လိုက်ပြီး အနားယူခဲ့သည်။

အေးအေးလူလူ သိုင်းပညာများ လေ့ကျင့်ခဲ့ကြသည်။

သို့သော် ဟန်ဂို၏သမီး ဟန်စုချင်သည် ယိဖျောင်းရှမ်းနှင့် ခရီး ထွက်နေသည်မှာ သုံးလလောက်ရှိသော်လည်း ပြန်မလာသေးသဖြင့် သမီးအတွက် ဟန်ဂို စိတ်ပူလာသည်။

ထို့ကြောင့် ဟန်ဂိုနှင့် တာမိုတို့သည် ယန်ချင်ထန်တို့အိမ်သို့ လိုက်လာခဲ့ကြလေတော့၏။

ယန်ချင်ထန်တို့အိမ်သို့ ရောက်သောအခါ ဟူရှန့်ဖုံ မသေသေး ကြောင်းသတင်းနှင့် ကျူဖေတို့အုပ်စု လိုက်သွားပြီဖြစ်ကြောင်း သိရ တော့သည်။

ထို့ကြောင့် သူတို့ စိတ်ပူသွားပြီး နောက်က လိုက်လာခြင်းဖြစ် သည်။

ရေလမ်းအတိုင်း လိုက်လာရာမှ ယခုလို ပင်လယ်ဓားပြလှေ နှင့် တိုက်တိုက်ဆိုင်ဆိုင် ရင်ဆိုင်တိုးမိခြင်း ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တာမိုနှင့် ဟာန်ဂိုတို့သည် စန်ထင်ပနှင့် စုံကျွန်းခွေတို့၏ အနီးသို့ တိုးကပ်ပြီး လှေပေါ် ခုန်တက်လာကြ၏။ လှေပေါ်မှ ပင်လယ် စားပြမျှားကို တရကြမ်း တိုက်တော့သည်။

"ခွေးကောင်တွေ .... ငါတို့ဆီက လုယက်ချင်လို့လား — အေး .... တို့ဆီက ရွှေငွေမရဘူး .... ဒီဓါးပြားပဲရမယ် .... "

တာမိုသည် သူ၏ ဓါးပြားလက်နက်ဖြင့် တဝှန်းဝှန်း လိုက် တိုက်ခိုက်ရာ စားပြအတော်များများ လဲသူလဲ၊ ကွဲသူကွဲ ဖြစ်ကုန်

နောက်ဆုံး စားပြများမှာ အားလုံး လှေကို စွန့်ခွာပြီး ရေ ခုန်ချပြေးကြလေတော့သည်။

တာမိုနှင့် ဟာန်ဂိုတို့၏ သိုင်းပညာမှာ ပင်လယ်စားပြများထ အစစအရာရာ သာလွန်လှသဖြင့် ဤသို့ ထွက်ပြေးကြရခြင်း ဖြစ် သည်။

ဟူရှန်ဖုံတို့၏ လှေသည် သူတို့၏ ရှေ့ပြေးလှေ တိုက်ခိုက် သည်ဟူသည့် စကားကို ကြားသောအခါ ဒေါသခြောင်းခြောင်း ထွ သွား၏။ ရေထဲမျောလာသူများကို ကယ်ဆယ်ပြီး တာမိုတို့ လှေ တိုးကပ်လာ၏။ ထိုအခါ တာမိုနှင့် ဟာန်ဂိုတို့သည် ဟူရှန်ဖုံနှင့် မျက် ချင်းဆိုင်မိကြလေတော့၏။

ဟာန်ဂိုက ရင်ထိတ်သွားပြီး တာမိုကို သတိပေး၏။

"နံပါတ်နှစ် .... သတိထား .... ဟိုလှေပေါ်မှာ ဟူရှန်ဖုံ ပါ တယ် .... "

ဟူရှန်ဖုံ ရုပ်မဖျက်ထားပါ။



သူ၏ ဆိုးရွားလှသော နဂိုရုပ်ရည်အတိုင်းပင် တာမိုတို့နှင့် ရင် ဆိုင်ပါသည်။

တာမိုက ရင်ထိတ်သွား၏။

သို့သော် ရှောင်လွှဲ၍ မရတော့ပါ။ ထို့ကြောင့် သူကပင် စိန် ခေါ်လိုက်လေသည်။

"ဟူရှန်ဖုံ .... မင်းက မိစ္ဆာကျွန်းမှာတုန်းက မသေသေးဘဲ ပြန်ရှင်လာသေးတာကိုး .... အေး .... အခု ဒီတစ်ခါတော့ တကယ် သေစေရမယ် .... "

ဟူရှန်ဖုံမှာ ဒေါသထွက်သွား၏။

သူ၏အခြေအနေမှာ မူလအတိုင်း မဟုတ်သော်လည်း အသင့် အတင့်တော့ ပြန်ကောင်းနေပေပြီ။ ယခု သူတွေ့နေရသည်မှာလည်း သုံးယောက်မဟုတ်။ နှစ်ယောက်တည်းသာဖြစ်၍ သိပ်မစိုးရိမ်ချေ။

ထို့ကြောင့် လှူဟူးလှူဆန်းနှစ်ယောက်နှင့် အပြင်းအထန် တိုက် ခိုက်လေတော့သည်။

တာမိုသည် ဟူရှန်ဖုံ ခုန်ဝင်လာသောအခါ ဓါးပြားနှင့် ခါး လယ်မှ ရိုက်ချလိုက်၏။ သူက အတွင်းအားကို အပြည့်အဝသုံးကာ ရိုက်ချလိုက်ခြင်းပင် ဖြစ်ပါသည်။

သူ့အဖို့ကား ဟူရှန်ဖုံနှင့် ရင်ဆိုင်ခဲ့ဖူးသည်။ ထို့ကြောင့် ပေါ့ပေါ့ တန်တန် သဘောမထားဝံ့ပါ။ အားကုန်တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါ သည်။

ဟူရှန်ဖုံက တစ်ပတ်ကျွမ်းထိုးကာ ရှောင်တိမ်းသွား၏။ တာမို

www.burmeseclassic.com

www.burmeseclassic.com



က နှောင့်နှေးမနေပါ။ ချက်ချင်းပင် နောက်ထပ်ဂေါ်ပြားတစ်ချက်ကို ရိုက်ချပြန်သည်။

တာမို၏ လှုပ်ရှားမှုမှာ လျင်မြန်လှသဖြင့် ဟူရှန်ဖုံ ရှောင်တိမ်းရန် အချိန်မရတော့ချေ။

ထို့ကြောင့် တာမိုရိုက်ချလာသော ဂေါ်ပြားကို လက်နှင့် ဖမ်းလိုက်ရလေ၏။

ဂေါ်ပြားမှာ ဟူရှန်ဖုံ၏ လက်ထဲ၌ ဆုပ်မိခံလိုက်ရလေ၏။

တာမိုမှာ ရင်ထိတ်သွားသည်။ ချက်ချင်းပင် ဂေါ်ပြားအား ပြန်ဆွဲလိုက်၏။ သို့သော် ဟူရှန်ဖုံ လက်ထဲမှ ပြန်ထွက်မလာပါချေ။

သူတို့နှစ်ယောက်က တစ်ယောက်တစ်ဘက် အားကုန်ဆွဲနေကြသည်။ ဟန်ဂိုမှာ မနေနိုင်တော့ချေ။ သူဝင်တိုက်သောအခါမှ ဟူရှန်ဖုံက တာမို၏ ဂေါ်ပြားကို လွှတ်ပေးသည်။

စင်ယောက် မျက်လုံးပြူးနေသည်။

သူ၏ဆရာ အခြေအနေမကောင်းတော့ကြောင်း နားလည်လိုက်၏။

သူ့ အကူအညီ ပေးချင်ပါ၏။

သို့သော် သူ ကိုယ်ဖော့ပညာ မတတ်ပါ။ ထူးထူးဆန်းဆန်း နှစ်ယောက်၏ သိုင်းပညာကို မမီမှန်းလည်း သိသည်။

ထို့ကြောင့် အံ့သြခြင်း၊ ထိတ်လန့်ခြင်းတို့ဖြင့်သာ ငေး ကြည့်နေမိတော့သည်။



အခန်း(၆၅)

## သူရဲကောင်း၏လုပ်ရပ်

ကျုံဖေ၊ ဟန်စုချင်နှင့် ယိဖျောင်းရှမ်းတို့သည် လှေဝမ်းထဲ၌ ငြိမ်းအောင်းလိုက်ပါခဲ့ကြ၏။

ရှက်လှေထွက်ခွာလာပြီး မကြာမီအချိန်အတွင်းမှာပင် ဆူဆူညံညံအသံများနှင့် တိုက်ပွဲဖြစ်သံ အသံများကို ကြားလိုက်ရတော့သည်။

ကြားရသည့် အသံများအရ တာမိုနှင့် ဟန်ဂို ဖြစ်နိုင်ကြောင်း ကျုံဖေက တွက်ဆ၏။ ဟန်စုချင်ကလည်း သူ့အဖေအသံဖြစ်ကြောင်း အတည်ပြုပြောဆိုလေ၏။

ယိဖျောင်းရှမ်း ဝမ်းသာသွား၏။ ခါးမှဓားကို ရုတ်တရက် ဆွဲထုတ်လိုက်ပြီး ကျုံဖေဘက်သို့လှည့်ကာ အားတက်သရော ပြောလိုက်သည်။

"ဘဘ .... ကျွန်မတို့ အပြင်ထွက်ပြီး သူတို့ကို ကူညီရအောင်"

"တို့ကူညီမယ်ဆိုရင် ဒီလှေပေါ်မှာရှိတဲ့ ဓားပြတွေကို အရင်ရှင်းမယ် .... ကဲ .... သတိနဲ့ တက်တော့ ...."

www.burmeseclassic.com

www.burmeseclassic.com



ကျူးဖေ၏စကားဆုံးသည်နှင့် သုံးယောက်စလုံး လှေဝမ်းထဲမှ ထွက်လာကြသည်။

လှေကုန်းပတ်ပေါ်သို့ ရောက်သည်နှင့် တိုက်ပွဲမြင်ကွင်းကို ကောင်းစွာ တွေ့ကြရသည်။

ဓားပြများသည် လူထူးလူဆန်းနှစ်ယောက်နှင့် ဟူရှန်ဖုံတို့၏ တိုက်ခိုက်မှုကို ငေးမောကြည့်နေကြကြောင်း သူတို့ တွေ့ကြရသည်။ လှေဝမ်းအက်သို့ တစ်ချက်ကလေးမျှ လှည့်မကြည့်မိကြချေ။ ကြည့်သည်နှင့် လှေဝမ်းထဲမှ တက်လာသော ကျူးဖေတို့ကို တွေ့မြင်မိကြပေမှာ သေချာသည်။

ယခုမူ ဆူဆူညံညံအခြေအနေကြောင့် သူတို့သည် လှေဝမ်းထဲမှ လွတ်မြောက်ရရ ထွက်လာနိုင်ခဲ့ကြသည်။

ဟူရှန်ဖုံနှင့် တာမိုတို့ကား တိုက်ခိုက်နေကြဆဲပင်။

"ဘဘ .... ဒီရွက်လှေကြီးကို ကျွန်မတို့ ထိန်းသိမ်းနိုင်ပါ့မလား"

"အယ်ထိန်းသိမ်းနိုင်မလဲ .... ဒီလိုရွက်လှေမျိုးဟာ သင်္ဘောသား လှေသားငါးဆယ်လောက် မထိန်းသိမ်းဘဲ ရွက်လွှင့်နိုင်တာမျိုး မဟုတ်ဘူး .... တစ်ခုပဲရှိတယ် .... တတ်နိုင်ရင် ဒီပင်လယ်ဓားပြလှေကိုဖမ်းပြီး ပြန်စေခိုင်းရမယ် .... "

ကျူးဖေနှင့် ယိဖျောင်းရှမ်းတို့ အမြန်အလှန် တီးတိုးပြောပြီး တက်လာကြသည်။ ဟန်စုချင်လည်း ထက်ကြပ်မကွာ ပါလာသည်။

သို့သော် သူတို့အတွက် စိတ်ထင်တိုင်း မသွားနိုင်ပါချေ။

စင်ယောက်သည် ရုတ်တရက် လှည့်ကြည့်လိုက်ရာမှ၍ ကျူးဖေတို့အား တွေ့သွားလေတော့၏။



"ဟာ .... လူစိမ်းတွေ .... လူစိမ်းတွေ .... "

စင်ယောက်သည် ခေါင်းဆောင်လုပ်ရသည်မှာ မကြာမြင့်လှသေးသဖြင့် ရန်သူအား တွေ့လျှင်တွေ့ချင်း တိုက်ခိုက်မိန့်ပေးရန် အကျင့်မရသေးဘဲ ဖြစ်နေသည်။

ထို့ကြောင့် ကျူးဖေအား တွေ့သည်နှင့် တိုက်ခိုက်သင့်ပါသော်လည်း မတိုက်ခိုက်ဖြစ်ဘဲ တအံ့တဩသာ ရေရွတ်နေမိတော့သည်။

"မင်းတို့လား ပင်လယ်ဓားပြတွေ .... "

ကျူးဖေ၏ အော်သံကြောင့် ပင်လယ်ဓားပြအတော်များများ လှည့်ကြည့်မိကြ၏။ ထို့နောက် ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

ထိုအခါ တာမို၊ ဟန်ဝို့နှင့် ဟူရှန်ဖုံတို့ကတစ်တွဲ၊ ကျူးဖေတို့အုပ်စုနှင့် ပင်လယ်ဓားပြများကတစ်တွဲ အော်ဟစ်ဆူညံစွာ တိုက်ခိုက်နေကြလေတော့၏။

ထိုရွက်တိုက်လှေကြီး၏ ဘေးဘက်နှင့် အနောက်ဘက်တို့တွင် ဘမ်းခြေသို့ ကပ်ပါက လွန်းမျှသယ်ဆောင်နိုင်မည့် လှေငယ်ကလေးများ ပါရှိပေသည်။

တာမိုနှင့် ဟန်ဝို့တို့ပင်လျှင် သူတို့၏ လှေကလေးကို စန့်ထင်ပကျွန်းခွေတို့၏ ရွက်လှေကြီးဘေး၌ တွဲချည်ထားခဲ့ကြသည်။ တာမိုနှင့် ဟူရှန်ဖုံတို့သည် တစ်ဦးနှင့်တစ်ဦး ချုပ်ကိုင်ရန် ကြိုးစားကြရင်း ရွက်လှေကြီးပေါ်မှ ထိုလှေကလေးပေါ်သို့ ခုန်ချသွားသည်။ ထိုလှေကလေးပေါ်၌ နှစ်ယောက်သား သဲကြီးမဲကြီး ယှဉ်ပြိုင်နေကြပြန်သည်။

ထိုလှေကလေးမှာ နှစ်ယောက်စီးလှေမြန်ကလေးသာဖြစ်၍ သူတို့နှစ်ယောက် တိုက်ခိုက်နေသည်နှင့်ပင် အခြေအနေအတော်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ဟန်ဂိုကိုယ်တိုင် ခုန်ချလိုက်ပါသွားသော်လည်း တာမိုအား ထိထိရောက်ရောက် အကူအညီမပေးနိုင်ဘဲ ဖြစ်နေ၏။

ဟူရှန်ဖုံအနေဖြင့် တာမိုတို့ကဲ့သို့သော သိုင်းသမားမျိုးကို ယခင် ယခင်ကဆိုလျှင် လွယ်လွယ်ကူကူ အနိုင်ယူနိုင်ပေသည်။ ယခုမူ သူ သည် နဂိုပုံမှန်အခြေအနေရောက်အောင် ဆေးကုသနေရဆဲ ဖြစ်သဖြင့် တာမိုနှင့် တန်းတူရည်တူကဲ့သို့ဖြစ်ပြီး အကြိတ်အနယ် တိုက်ခိုက်နေရ ခြင်း ဖြစ်သည်။

"တာမို .... မင်းကို ငါ အသေသတ်မယ်ကွ .... "

ဟူရှန်ဖုံက ကြိမ်းလိုက်၏။

"ကြည့်စမ်းပါဦးလေ .... ဘယ်သူက ဘယ်သူ့ကို အသေသတ် မယ်ဆိုတာ စောင့်ကြည့်စမ်းပါဦး .... "

ဟူရှန်ဖုံက လှေမြန်ကလေး၏ ကြမ်းပြင်ကို ဖနောင့်နှင့် တစ် ချက်ပေါက်လိုက်ရာ ရေများ ဝေါခနဲ ဝင်လာတော့၏။ တာမိုမှာ ရေ ဝင်လာသည်ကို ဂရုမစိုက်နိုင်အားဘဲ ဟူရှန်ဖုံ၏ လည်ကုပ်ကို ဖမ်းဆွဲ ရန် ကြိုးစားနေရသည်။

ဟန်ဂိုမှာ အကူအညီပေးရန် ဗိုခက်သွား၏။

"နံပါတ်နှစ် .... လှေကလေး အခြေအနေဆိုးနေပြီ .... ရှောင် လိုက်တော့ .... ရွက်လှေကြီးပေါ် ပြန်တက်တော့ .... "

ဟန်ဂိုက မည်မျှသတိပေးသော်လည်း တာမိုသည် လုံး၀ အလျှော့မပေးဘဲ ဟူရှန်ဖုံနှင့် တိုက်ခိုက်နေသည်။ နောက်ဆုံး၌ ဟန်ဂို မှာ ရွက်လှေကြီး၏ ကုန်းပတ်ပေါ်သို့ ခုန်တက်သွားရလေတော့၏။

တာမိုသည် မကြာခင် လှေနစ်တော့မည်ဖြစ်ကြောင်း သိ



လည်သဘောပေါက်သည်။ သို့သော် သူက မမှုပါ။ ဟူရှန်ဖုံနှင့် သူ ဆက်လက်တိုက်ခိုက်နေပါက သူလည်းသေမည်၊ ဟူရှန်ဖုံလည်း သေ ညေပ်ဟု တွက်ချက်၏။ သူ့အသက်တစ်ချောင်း အဆုံးခံပြီး ဤလူမိစ္ဆာ ၏ အသက်ကို ဆုံးရှုံးအောင် လုပ်နိုင်လျှင် သိုင်းလောကအတွက် အကျိုးရှိမည်ဟု ယူဆပြီး သူ အသေခံတိုက်ခိုက်နေခြင်းသာ ဖြစ်သည်။

"နောင်ကြီး ကျုံဖေ .... တာမိုကို မြန်မြန်ကယ်ပါ .... "

ကျုံဖေတို့သည် ပင်လယ်ဓားပြအတော်များများကို တိုက်ခိုက် သုတ်သင်ပြီးနေလေပြီ။ ဟန်ဂိုစည် ရွက်လှေပေါ် ခုန်တက်လာရင်း ကျုံ ဖေအား တွေ့မိသည်နှင့် ထိုသို့ အကူအညီတောင်းလိုက်ခြင်းသာ ဖြစ် သည်။

သို့သော် ကျုံဖေလည်း ဘာမျှ မတတ်နိုင်ပါ။ ရန်သူတော်ကြီး နှစ်ဦးသည် သဲကြီးမဲကြီး သတ်ပုတ်ရင်း ရေထဲသို့ နစ်မြုပ်သွားကြလေ တော့သည်။ ကျုံဖေက ဝမ်းနည်းစွာ မှတ်ချက်ချလိုက်၏။

"အင်း .... ဒီအတိုင်းဆို သူတို့ သေဖို့များတယ် .... "

ဟန်ဂိုမှာ ဘာမျှ စောဒကမတတ်တော့ပါ။ သူငယ်ချင်းဖြစ်သူ အတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်ကာ မျက်ရည်များစီးကျလာလေ တော့သည်။

ထို့နောက် ဒေါသဖြင့် တောက်တစ်ချက် ခေါက်လိုက်ပြီး ....

"ဟူရှန်ဖုံလို လူမျိုးတစ်ယောက်ရဲ့ အသက်က တန်ဖိုးမရှိပါဘူး၊ သေမယ့် တာမိုရဲ့ အသက်ကတော့ ဟူရှန်ဖုံထက် ဆယ်ဆလောက် တန်ဖိုးရှိတယ် .... ဟူရှန်ဖုံက လူယုတ်မာ .... တာမိုက သူရဲကောင်း"

သူ့စကားသံက ဒေါသဖြင့် ပြောလိုက်ခြင်း ဖြစ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဆွေးမြည့်ကြေကွဲခြင်းများ ရောစွက်နေသည်။

ကျော်ဖေက နှမြောတသစွာ ပြောသည်။

"နောင်ကြီးတာမိုဟာ သိုင်းလောကအတွက် သူ့အသက်ကို စွန့်သွားတာပဲ .... ဟူရှန်ဖုံဟာ သိုင်းလောကသားတွေရဲ့ အသက်ကို ခြွေမယ့်လူ၊ အခု နောင်ကြီးတာမိုရဲ့ သူ့ရဲကောင်းလုပ်ရပ်ကြောင့် သိုင်းလောကကြီး အေးချမ်းရပါပြီ .... "

ထိုအချိန်တွင် ယိဖျောင်းရှမ်းနှင့် ဟာန်စုချင်တို့က ဝူယန်ချင်း ဝူယန်ကျိုး၊ စင်ယောက်တို့နှင့် တိုက်ခိုက်နေရသည်။ ဝူယန်ချင်းတို့သည် မိန်းကလေးနှစ်ဦးအား အထင်သေးမိကြသော်လည်း နောက်ဆုံး၌ လျှင်မြန်သွက်လက်လှသော ယိဖျောင်းရှမ်း၏ ဓားချက်ကြောင့် ချက်ချင်းပင် နောက်ဆုတ်သွားကြရသည်။

ဝူယန်ချင်းသည် မိမိတို့ အခြေအနေမကောင်းတော့ကြောင်း နားလည်လိုက်သဖြင့် စင်ယောက်အား အကူအညီတောင်းရတော့သည်။

"ခေါင်းဆောင်ကြီး .... ကျွန်တော်တို့ လူတွေ အခြေအနေ မကောင်းတော့ဘူး .... "

စင်ယောက်မှာ ရယ်ရမလို ငိုရမလို ဖြစ်နေ၏။ သူကိုယ်တိုင်လည်း စွမ်းဆောင်နိုင်မှုမရှိဘဲ ဖြစ်နေရသည် မဟုတ်ပါလော။

ထိုစဉ် ဟာန်ဂိုသည် ထိုတိုက်ပွဲအတွင်းသို့ ဝင်ရောက်လာတော့၏။

ဝူယန်ချင်းနှင့် ဝူယန်ကျိုးတို့သည် သတ္တိရှိကြသည်။ အနိုင်မခံ အရှုံးမပေးဘဲ ကာကွယ်ကြသည်။



ဟာန်ဂိုက အေးစက်မာကျောစွာ ငေါက်ငမ်းလိုက်၏။

"မင်းတို့က သေချင်လို့လား .... ဖယ်စမ်း .... "

ဝူယန်ချင်းက ဘာမျှပြန်မပြောပါ။ မဖယ်ပါ။

သူ၏ ကျာပွတ်နှင့် ဟာန်ဂိုကို ရိုက်ချလိုက်သည်။

ဟာန်ဂိုက ရိုက်ချလာသော ကျာပွတ်အား လက်နှစ်ဖက်နှင့် ဖမ်းဆုပ်လိုက်၏။

ထို့နောက် ဆောင့်ဆွဲလိုက်ရာ ဝူယန်ချင်းမှာ ရှေ့သို့ ငိုက်စိုက် ငိုက်စိုက်နှင့် ပါလာ၏။ ဟာန်ဂိုက သူ့ထံပါလာသော ဝူယန်ချင်းအား ဓားနှင့် ထိုးချလိုက်လေသည်။

"အား .... "

ဝူယန်ကျိုး မျက်နှာပျက်သွား၏။

သူ၏အစ်ကိုမှာ ရန်သူအား တစ်ကွက်တည်းနှင့်ပင် ရှုံးနိမ့်သွားရလေပြီ။ သူ့အနေနှင့် မည်သို့မျှ မယှဉ်နိုင်ကြောင်း သဘောပေါက်သွား၏။

သို့သော် ရန်သူအား အသက်အသေခံကာ တိုက်ခိုက်ရန် ဆုံးဖြတ်ကာ ဟာန်ဂိုအား တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်လေတော့၏။ သူ့တိုက်ကွက်များက ရေထဲသို့ ခဲနှင့် ပေါက်သည့်အလား ရှိတော့၏။ တိုက်ကွက်မှန်သမျှသည် ဟာန်ဂိုအား မည်သို့မျှ တိုးမပေါက်နိုင်ခဲ့။ နောက်ဆုံးတွင် သူလည်း သူ့အစ်ကိုနောက်သို့ လိုက်ပါသွားရသော အဖြစ်တင်တော့သည်။

စင်ယောက်မှာ ထိတ်လန့်သွား၏။ ဝူယန်ချင်းတို့ ညီအစ်ကိုနှစ်ယောက်လည်း ကျဆုံးသွားခဲ့ပြီ။ သူ့တွင်လည်း အားကိုးစရာဟူ၍ မရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့။ သူ့အနေဖြင့် ဟန်ဂိုအား မည်သို့မျှ မယုံသာမှန်း သိလိုက်၏။

သို့သော် မတတ်သာတော့ချေ။ သူကိုယ်တိုင် တိုက်ခိုက်မှသာ သူ့အသက် လုံခြုံမှုရှိတော့မည် မဟုတ်ပါလား။ မိမိကိုယ်သာ ကိုးကွယ်ရာ မဟုတ်ပါလား။

ဟန်စုချင်သည် စင်ယောက်ကိုကြည့်ပြီး ဟန်ဂိုအား အော်ဟစ်တားမြစ်လိုက်၏။

"ဖေဖေ .... မလုပ်နဲ့ .... သူဟာ ဟူရှန်ဖုံရဲ့တပည့်ပဲ .... သူ့ကို အသေမသတ်နဲ့ .... အရှင်ရအောင်ဖမ်းပါ .... သူ့ဆီမှာ သတင်းတွေ ရစရာရှိတယ် ...."

ဟန်ဂိုက ခေါင်းညိတ်လိုက်ပြီး စင်ယောက်အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သွား၏။ စင်ယောက်အနီး ရောက်သည်နှင့် အေးစက်သော အငွေ့အသက်ကို ခံစားလိုက်ရသည်။

ဟန်ဂိုမှာ အံ့သြသွားသည်။ ဤသည်မှာ အအေးလက်ဝါးသိုင်း၏ နိမိတ်လက္ခဏာများပင် မဟုတ်ပါလား။

စင်ယောက်မှာ သွေးရူးသွေးတန်း ကြောက်လန့်နေပြီဖြစ်၍ တရကြမ်း တိုက်ခိုက်တော့သည်။

ဟန်ဂိုသည် စင်ယောက်တိုက်ခိုက်ပုံကို တွေ့သောအခါ ရယ်မိသည်။

စင်ယောက်သည် အအေးအတွင်းအား အခြေခံကို တတ်မြောက်ထားသော်လည်း သိုင်းပညာခြင်းမှု အဆင့်နိမ့်လှကြောင်း ရိပ်စားမိသောကြောင့် ဖြစ်သည်။

သူသည် စင်ယောက်၏တိုက်ကွက်ကို လွယ်လွယ်ကူကူပင် ရှောင်တိမ်းလိုက်ပြီး စင်ယောက်၏ သွေးကြောကို လှမ်းထောက်လိုက်သည်။

စင်ယောက်မှာ ထိတ်လန့်တကြား ရှောင်တိမ်းရန် ဟန်ပြင်၏။

သို့သော် မရှောင်နိုင်ဘဲ ဟန်ဂို၏ ဖမ်းဆီးခြင်းကို ခံလိုက်ရလေတော့သည်။ ထိုအခါ တိုက်လှေများပေါ်မှ ခုခံမည့် ပင်လယ်ဓားပြဆို၍ တစ်ယောက်မျှ မရှိတော့ပေ။ အချို့က ရေထဲခုန်ချပြေးသည်၊ အချို့က သေသည်။ ဟန်ဂိုနှင့် ကျူးဖေတို့က တိုက်လှေကြီးနှစ်စင်းကို ဖောက်ခွဲနှစ်မြုပ်ပစ်လိုက်သည်။ သူတို့ကမူ လှေငယ်ကလေးများဖြင့် စန်တူအော့ တံငါရွာကလေးဆီသို့ ပြန်လှည့်ခဲ့ကြတော့သည်။

လှေလှော်သူတို့မှာ ကျူးဖေ၊ ဟန်စုချင်နှင့် ယိဖျောင်းရှမ်းတို့သာ ဖြစ်ကြပါသည်။ ဟန်ဂိုအား ငေးမောနေသည်။

သူ၏ အတွေးထဲ၌ တာမို၏ ရုပ်ပုံလွှာကို မြင်နေရ၏။ ဤခရီးစဉ်မှာ သူနှင့် တာမို နှစ်ဦးတည်းသာ ထွက်လာခဲ့ကြသည် မဟုတ်ပါလား။

ယခု တာမို မရှိတော့ပါ။

အားလုံးအတွက် အသက်စွန့်ကာ ဟူရှန်ဖုံနှင့်အတူ ပင်လယ်တွင်း နစ်မြုပ်သွားပြီ ဖြစ်ပါသည်။

သူသည် တွေးရင်း တွေးရင်း စိတ်မကောင်းဖြစ်နေသည်။ စကားမပြောနိုင်အောင်ဖြစ်ကာ တွေဝေငေးမော နေမိတော့သည်။

ကျူးဖေသည် သူ့စိတ်ခံစားချက်ကို ကောင်းစွာ ရိပ်မိစားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နှစ်သိမ့်စကားပြောကာ စန်တူအော့ တံငါရွာလေးဆီသို့ လှေကို အမြန်လှော်ခတ်လာသည်။

စန်တူအော့ တံငါရွာသို့ ရောက်သောအခါ မိုးပင်ချုပ်နေပြီဖြစ်၏။

ထို့ကြောင့် ရွာကလေးမှာ မှောင်မည်းနေရမည် ဖြစ်သည်။ သို့သော် မီးရောင်ကလေး တလက်လက်ရှိနေသယောင် တွေ့ရသဖြင့် ကျူးဖေတို့မှာ လွန်စွာအံ့အားသင့်သွားရလေတော့သည်။ ကမ်းစပ်သို့ သတိနှင့် ချဉ်းကပ်လာခဲ့ကြသည်။

"အားလုံး သတိရှိကြဟေ့ ...."

ကျူးဖေတို့အားလုံး သတိဝီရိယနှင့် လျှောက်လာကြသည်။

စင်ဆန်ကွေ၏အိမ် တစ်အိမ်တည်းကွက်၍ မီးရောင်ကလေး တလက်လက်ဖြစ်နေကြောင်း တွေ့ရသောအခါ ကျူးဖေတို့မှာ ပို၍ပင် သတိထားလာကြရတော့သည်။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်မှာ စိတ်မြန်သူများဖြစ်၏။ သူတို့သည် ကျူးဖေ၏ သတိပေးစကားကို မေ့လျော့သွားပြီး အိမ်အနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်သွား၏။ ထို့နောက် ထရံပေါက်များမှ ချောင်းကြည့်ပြီး တခစ်ခစ် ရယ်မောမိကြလေတော့၏။

"ဘယ်သူတွေလဲ ...."

အထဲမှ အော်မေးသံနှင့်အတူ လူအချို့ ထွက်လာကြလေသည်။

ထိုလူများကား ယန်ကျင်ကန်တို့ မောင်နှမနှင့် ကျောက်ချွန်းလင်းတို့ ဆရာတပည့်များ ဖြစ်ကြလေသတည်း။

"ဘဘ ...."



"မမ ...."

ယန်ကျင်ကန်နှင့် ယန်လီကျူတို့က ပြိုင်တူလိုလိုပင် နှုတ်ဆက်ကြ၏။ ကျူးဖေသည် ကျောက်ချွန်းလင်းတို့ ဆရာတပည့်နှစ်ဦးကို မသိကျွမ်းချေ။ သို့သော် ယန်မောင်နှမနှင့် ရင်းရင်းနှီးနှီး ရှိနေသဖြင့် ရန်သူ မဟုတ် မိတ်ဆွေများဖြစ်သည် ဟူ၍တော့ ရိပ်မိလေ၏။

ကျောက်ချွန်းလင်းတို့ ဆရာတပည့်မှာမူ ခပ်မဆိတ်ပင်နေကြ၏။ ကျူးဖေဦးဆောင်ပြီး အိမ်ထဲသို့ အားလုံးဝင်လိုက်ကြ၏။

"မင်းတို့နှစ်ယောက်က ဘယ်လျှောက်သွားနေတာလဲ .... ငါတို့ကတော့ ပျောက်သွားလို့ စိတ်ပူပြီး ရှာလိုက်ရတာ .... တစ်ရွာလုံးကို နှံ့နေတာပဲ .... ငါ နောက်ဆုံးစကား ဘာပြောထားခဲ့သလဲ"

ယန်ကျင်ကန်က ဖြေမည်အပြု ကျောက်ချွန်းလင်းက ဝင်ရောက်ဖြေသည်။

"သူတို့ကို အပြစ်မတင်ပါနဲ့ခင်ဗျာ .... ကျွန်တော်က သူတို့ကို ခေါ်ထားလိုက်လို့ပါ ...."

ကျူးဖေက ကျောက်ချွန်းလင်း၏ ပုံသဏ္ဌာန်ကိုကြည့်ရင်း ယိဖျောင်းရှမ်းပြောပြခဲ့သည့် ဟူတန်းဂိုဏ်းမှ လူငယ်ဖြစ်လိမ့်မည်ဟု ခန့်မှန်းလိုက်၏။

ကျူးဖေက မေးလိုက်၏။

"ဓားပြလှေတွေကို အနှောင့်အယှက်ပေးတာ မင်းတို့ပဲ မဟုတ်လား ...."

လူစုက ရယ်မောကာ ဖြေသည်။

"ဟုတ်ကဲ့ .... ကျွန်တော်တို့က ယိဖျောင်းရှမ်းတို့နဲ့ပြီး ဟူ

www.burmeseclassic.com



တန်းကို ပြန်သွားခဲ့ပါတယ် .... ဒါပေမယ့် ဟူရှန်ဖုံကို ဆက်ပြီးရှာချင်သေးတာနဲ့ ချက်ချင်းပဲ ပြန်ဆင်းလာပြီး ဒီကိုလာတာ .... ဒီကိုရောက်တော့ သူတို့မောင်နှမနဲ့ တွေ့တယ် .... သူတို့နဲ့အတူ ဓားပြလှေတွေကို သက်သက်ဒုက္ခလိုက်ပေးခဲ့တာ .... ပြီးတော့ သူတို့ရိက္ခာတွေခိုးပြီး ဘာဘတို့ ပြန်အလာကို စောင့်နေခဲ့တာပါ .... ဒီကိစ္စမှာ ယန်မောင်နှမရဲ့ အကြံဉာဏ်မပါပါဘူး .... ကျွန်တော်တို့ ကြံစည်တာပါ .... အပြစ်ရှိရင် ကျွန်တော်တို့ ရှိရမှာပါ .... ”

ကျိုဖေ ဘာမှမပြောတော့ပါ။ ယန်မောင်နှမ သက်သာရာရသွားသည်။ ယိဖျောင်းရှမ်းက မသိကျွမ်းသူများအား တစ်ယောက်ချင်းမေးသည်။ အားလုံးပင် ဂါရဝပြုနှုတ်ဆက်ကြလေသည်။

ဟန်ဂိုက စင်ယောက်အား ကြမ်းပေါ်သို့ ချလိုက်ပြီး စတင်စစ်မေးလေတော့သည်။

“လောကမှာ တရားမျှတတဲ့လူနဲ့ မတရားတဲ့လူ ယှဉ်ပြိုင်ရင် မတရားတဲ့လူဟာ ဆုံးရှုံးရစမြဲပဲ .... မင်းက ဘာကြောင့် ဒုစရိုက်သမား ဟူရှန်ဖုံကို ဆရာတင်ရတာလဲ .... အခု သူလည်းသေပြီ .... ဓားပြတွေလည်း လူကွဲကုန်ပြီ .... သေတဲ့လူ သေကုန်ပြီ .... မင်း စဉ်းစားပါ .... အမှားဆိုတာ ပြုပြင်ရင် လူကောင်းပြန်ဖြစ်ပါတယ် .... မင်းလည်း အသက်ငယ်ပါသေးတယ် .... ”

စင်ယောက် ဘာမျှ ပြန်မပြောပါ။

ဟန်ဂို၏ စကားကိုသာ မကြားချင်ယောင် ဆောင်နေသည်။

ဟန်ဂိုမှာ .... အတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ လူငယ်တို့၏ သဘောသဘာဝကို နားလည်သည်။



စင်ယောက်သည် ဟူရှန်ဖုံအပေါ် အထင်ကြီးနေမည်မှာ သေချာ၏။

ထို့ကြောင့် သူ၏စကားကို ဥပေက္ခာပြုနေမှန်း ရိပ်မိလေသည်။

ကျိုဖေကလည်း ထိုသဘောကို သိ၏။

စင်ယောက်သည် ဖျောင်းဖျရန် အတော်ကြိုးစားရမည်ဟု ဟန်ဂိုနှင့် ကျိုဖေတို့ တွက်မိကြ၏။ ထို့ကြောင့် ကျိုဖေက ဟူရှန်ဖုံ၏ ရက်စက်ပုံ၊ ယုတ်မာပုံများကို ပုံပြင်သဖွယ် ပြန်လည်ပြောပြရလေတော့သည်။

သို့သော် စင်ယောက်မှာ စိတ်ဝင်စားမှု မရှိချေ။ သူ စိတ်ဝင်စားနေသည်မှာ သူ့ဆရာသာဖြစ်ပါသည်။ သူ့ဆရာ ဟူရှန်ဖုံ မသေစေရန် ဆုတောင်းနေသည်။

ဟူရှန်ဖုံ၏ပညာသာရလျှင် သူသည် သိုင်းလောက၌ လက်မထောင်နိုင်မည် မဟုတ်ပါလား။ ယခုပင်လျှင် အလွန်တရာ ဆိုးသွမ်းသည်ဟု ပြောဆိုကြသော ပင်လယ်ဓားပြများအပေါ် ဆရာလုပ်နိုင်ခဲ့သည် မဟုတ်ပါလော။

ယိဖျောင်းရှမ်း၊ ဟန်စုချင်၊ ကျိုဖေနှင့် ဟန်ဂိုတို့သည် သူ၏ ညီမှန်းချက်များအား ဖျက်ဆီးပစ်သူများဟု ယူဆထားသဖြင့် ကျိုဖေ၏ စကားများကို လေးလေးစားစား နားထောင်ခြင်း မရှိပေ။

သို့သော် ယခုချိန်၌ ကျိုဖေတို့လူစုနှင့် အတိုက်အခံပြော၍ မဖြစ်ကြောင်းကိုတော့ သူ နားလည်သည်။ ကျိုဖေတို့၏ သိုင်းပညာကို သူ မြင်ထားခဲ့သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူက နောင်တရသောလေသံဖြင့် ....

"ကျုပ်က ဟူရှန်ဖုံကို လူကောင်းလား၊ လူဆိုးလား တိတိကျကျ မသိပါဘူး .... ဒါပေမယ့် သူက ကျွန်တော့်အပေါ် ကောင်းတော့ ကျွန်တော်လည်း အရောတင်မိတာပါပဲ .... "

ကျူဖေမှာ ထိုစကားကြားသောအခါ ဝမ်းသာသွားသည်။

စင်ယောက်ကို ပြန်လည်စည်းရုံး သိမ်းသွင်းနိုင်မည်ဟု ယူဆသည်။ သူသည် ဟန်ဂိုဘက်သို့လှည့်ကာ မှတ်ချက်ချလိုက်သည်။

"အင်း .... သူ မဆိုးပါဘူးဗျ .... လူကောင်း ပြန်ဖြစ်နိုင်ပါတယ်"

ဟန်ဂိုက ခေါင်းညိတ်လိုက်၏။

သို့သော် ဟန်ဂို၏ မျက်နှာမှာ မရွှင်မပျပါချေ။ သူသေွးသောက်နောင်တော် တာမို သေဆုံးသွားသည့်အတွက် ဤသို့ဖြစ်နေကြောင်းကို ကျူဖေ သိပါသည်။

ထို့ကြောင့် ....

"သီဖ်လည်း စိတ်သောက ရောက်မနေပါနဲ့ဗျာ .... ကျုပ်တို့တစ်တွေ မနက်ကျတော့ ပင်လယ်ထဲထွက်ပြီး တာမိုကို ရှာကြသေးတာပေါ့ .... သူ အသက်ရှင်ချင်လည်း ရှင်နေနိုင်သေးတာပဲ .... ဟောင်ဖုံတောင် အံ့ဩစရာကောင်းလောက်အောင် သေရွာပြန်ဖြစ်ခဲ့သေးတာပဲ .... "

ဟန်ဂို စိတ်သက်သာရာရစေရန်နှင့် နှစ်သိမ့်စကား ပြောသည်။

ဟန်ဂိုက ကျူဖေအား စိတ်မသက်မသာဖြင့် ခေါင်းခါယမ်းသည်။



"သူ အသက်ရှင်ဖို့က မလွယ်ပါဘူးဗျာ .... ဒါပေမယ့် သူသေရင် အလောင်းတော့ ပြန်ပေါ်မယ်လို့ ထင်တယ် .... သူ့အလောင်းကိုတော့ ကျုပ် ကောင်းကောင်းမွန်မွန် ပြန်မြှုပ်ချင်တယ် .... "

ကျောက်ချွန်းလင်က ထိန်းထိန်းသိမ်းသိမ်းပင် ဝင်ပြောလေ၏။

"ဘဘတို့လည်း ပင်ပန်းနေကြပါပြီ .... ဒီတော့ အနားယူကြပါဦး .... မနက်ကျမှ ရှာကြတာပေါ့ .... "

ဟန်ဂိုရော ကျူဖေပါ နှုတ်ဆိတ်နေလိုက်ကြသည်။

ထို့နောက် အားလုံး အသီးသီးအနားယူလိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆၆)

## ခွင့်လွှတ်လိုက်ခြင်း

နံနက်လင်းသောအခါ သူတို့အားလုံး တာမို၏ အလောင်းအ…
ရှာဖွေရန် ရွာပြင်သို့ ထွက်လာကြ၏။

သူတို့ ရွာပြင်သို့ မရောက်မီပင် စင်ဆန်ကွေတို့လူစုနှင့် တွေ့…
လိုက်ရကြရသဖြင့် အားလုံးဝမ်းသာအားရ ဖြစ်သွားကြလေ၏။

"ဟာ .... စင်ဆန်ကွေ့တို့ပါလား ...."

ကျုံဖေက ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။ စင်ဆန်ကွေ…
သည် ကျုံဖေတို့လူစုထဲ၌ ပျောက်ဆုံးနေသော သူ၏သား စင်ယော…
ကို တွေ့သောအခါ လွန်စွာဝမ်းသာသွားလေ၏။

စင်ဝေါ်းမှာလည်း သူ၏ညီကို တွေ့သောအခါ ဝမ်းသာသွား…
ချက်ချင်းပြေးဖက်ကြသည်။

"ညီလေး .... မင်း ဘယ်ကိုရောက်ခဲ့သလဲ .... ဟူရှန်ဖုံ…
ဒီလူကြီးက လူယုတ်မာကြီးကွ ...."

စင်ဝေါင်းက ညီဖြစ်သူအား ဖက်လှဲတကင်း ဝမ်းသာအားရ…



ဆက်နေသလောက် စင်ယောက်က အေးတိအေးစက်ပင်။ မည်သည့်
စကားမျှ တုံ့ပြန်ပြောဆိုခြင်း မပြုပေ။ စင်ဝေါင်း၏ လက်ကိုလည်း
မနှစ်မြို့ဟန်ဖြင့် ဖယ်ချသည်။

စင်ဝေါင်းမှာ သူ၏ညီ အပြုအမူကို အံ့အားသင့်သွား၏။ သူတို့
ညီအစ်ကိုသည် လွန်စွာချစ်ခင်ကြသည်။

ယခု စင်ယောက်၏ အပြုအမူမှာ လွန်စွာစိမ်းကားနေသည်
မဟုတ်ပါလား။

သူ မစဉ်းစားတတ်ပါချေ။ သူ ငိုင်တွေနေစဉ်မှာပင် ကျုံဖေက
စင်ဆန်ကွေကို လှမ်းမေးလိုက်လေ၏။

"ခင်ဗျားတို့ တစ်လလောက်မှ ပြန်လာရမှာ .... ဘာဖြစ်လို့
ချက်ချင်းပြန်ရောက်လာတာလဲ ...."

"ကျွန်တော့်သဘောအရ ပြန်မလာရဲပါဘူး ခင်ဗျာ .... ဒါပေ
မယ့် ဟောဒီသားကတော့ ဆရာကြီးတို့ကို သိပ်အားကိုးပါတယ် ....
အမြဲအနေ သွားကြည့်ကြရအောင်ဆိုပြီး လောဆော်နေတာနဲ့ လူစုပြီး
ထွက်လာခဲ့ကြတာပါ ...."

"ဒါနဲ့ ပင်လယ်ထဲမှာ အလောင်းတစ်လောင်း မမြင်မိဘူးလား၊
ဦးဝလေ ...."

ဟန်ဝိုတ လှောက်မေးမြန်း၏။

စင်ဆန်ကွေမှာ မျက်မှောင်ကြုတ်ကာ ....

"မတွေ့မိပါဘူး ခင်ဗျာ ...."

"ပင်လယ်ထဲမှာ ဘာအလောင်းမှ မတွေ့ခဲ့ပါဘူး ...."

ကျန်တံငါသည်များကလည်း ဝင်၍ပြောကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဂို စိတ်ပျက်သွားသည်။ တာမိအတွက် မျှော်လင့်ချက်
တော့ပြီကို သူ နားလည်လိုက်သည်။

ဟန်စုချင်သည် သူ့မဖခင်အတွက် အလွန်စိတ်ထိခိုက်နေ
သိလိုက်၏။

"ဖေဖေ .... ဘဘ တာမို တကယ်လို့ သေသွားရင် အလော
ကတော့ ပြန်ပေါ်လာမှာပဲ .... အခု အလောင်းမတွေ့ဘူးဆို
အသက်ရှင်နိုင်သေးတယ် .... သူ့အတွက် မျှော်လင့်ချက်ရှိပါသေးတ
ဖေဖေရယ် .... "

အားလုံးကလည်း ဟန်စုချင်၏စကားကို ထောက်ခံကြလေ
ဟန်ဂိုက ဝမ်းနည်းသောလေသံဖြင့် ....

"အေး .... မင်းတို့ထင်တဲ့အတိုင်း ဖြစ်ပါစေလို့ ဆုတောင်
တော့မှာပေါ့ကွာ .... "

ကျုံးဖေက ....

"သေတယ် .... ရှင်တယ် ကွဲကွဲပြားပြားသိရအောင် ကျွ
တစ်တွေ ပင်လယ်ထဲ ထွက်ရှာကြည့်ကြတာပေါ့ .... အခုလော
ဆယ်ဆယ် ဘာအလုပ်မှ မရှိတာဘဲ .... "

"ဘယ်သူက ဘာဖြစ်လို့လဲ .... "

စင်ဆန်ကွေမှာ ဟန်ဂို၏ ဖြစ်ပုံပျက်ပုံ ဇာတ်လမ်းစုံကို
မထားသဖြင့် ဝင်၍ မေးမြန်းမိသည်။

ယိဖျောင်းရှမ်းက အဖြစ်အပျက်များကို ရှင်းပြလိုက်ရလေ
အကြောင်းစုံ သိသွားသောအခါ စင်ဆန်ကွေက လိုက်လှဲစွာ ပြော
၏။



"ဒါဆိုရင်လည်း ကျွန်တော်တို့ပါ ဝိုင်းကူရှာပေးပါ့မယ်၊ အများ
အတွက် အသက်စွန့်တဲ့ သူ့ရဲကောင်းအတွက် ဘာဖြစ်လို့ ကျွန်တော်
တို့က အချိန်ကုန်မခံနိုင်ရမှာလဲ .... "

တံငါသည်များကလည်း တက်ကြွစွာဖြင့် ....

"ကျုပ်တို့လည်း လိုက်ရှာပေးပါ့မယ် .... ကဲ .... ကမ်းစပ်ကို
သွားကြပါစို့ .... အဲဒီမှာ လှေတချို့ ရှိဦးမှာပေါ့ .... "

စင်ယောက်သည် လိုက်လိုက်လှဲလှဲမရှိလှသော်လည်း သူ့ဖခင်၊
သူ့အစ်ကိုတို့နှင့်အတူ လှေတစ်စင်းတည်း၌ လိုက်ပါစီးနင်းခဲ့လေ၏။

တာမိအား ပင်လယ်ပြင်အနှံ့ လိုက်ရှာသော်လည်း မတွေ့ကြရ
ချေ။

ဤသို့ဖြင့် တစ်ရက်ကုန်ဆုံးသွားသည်။

နောက်တစ်နေ့လည်း အားမလျှော့ဘဲ ထပ်ရှာကြပြန်သည်။

နေ့တစ်ဝက်ကျိုးသွားသည်အထိ ပင်လယ်ပြင်ထဲ၌ လူ့အလောင်း
တစ်လောင်း တွေ့ဖို့ဆိုသည်မှာ ကောက်ရိုးပုံထဲမှ အပ်ကို ရှာရသည်
ထက် ခက်ပေသေးသည်။

ထို့ကြောင့် တံငါလှေများအား ကမ်းခြေဘက်မှ ကပ်ကာ ရှာ
ဖွေရန် စင်ဆန်ကွေက ညွှန်ကြားလေ၏။

ယိဖျောင်းရှမ်းသည် စင်ယောက်တစ်ယောက် တုံ့ကိုဘာဝေ
လုပ်နေသည်ကိုကြည့်ပြီး ကျုံးဖေအား တီးတိုးပြောလေ၏။

"ဘဘ ကျုံးဖေ .... စင်ယောက်ရဲ့ အခြေအနေကို သတိထား
မိလား .... သူ့ကိုကြည့်ရတာ ဟူရှန်ဖုံရဲ့ မှိုင်းမိနေပုံပဲ .... "

"ဘာထူးခြားလို့လဲ .... "

www.burmeseclassic.com

www.burmeseclassic.com



"သူကိုကြည့်လေ .... သူ့အဖေနဲ့ သူ့အစ်ကိုကို ပြန်တွေ့တာတောင် ဟက်ဟက်ပက်ပက် မရှိဘူး .... "

ကျုံ့ဖေက ခေါင်းညိတ်လိုက်ပြီး ....

"ဒါက စိတ်ပြောင်းလဲနေလို့ ဖြစ်ပါလိမ့်မယ် .... "

ထိုစဉ် စင်ဆန်ကွေတို့လှေဘက်မှ အော်သံတစ်သံ ကြားလိုက်ရလေသည်။ သူတို့က လှည့်ကြည့်လိုက်ရာ တံငါသည်တစ်ယောက် လှေပေါ်မှ အောက်သို့ ပြုတ်ကျသွားသည်ကို တွေ့လိုက်ရ၏။ ရိုးရိုး ပြုတ်ကျခြင်း မဟုတ်။ တစ်စုံတစ်ယောက်က တွန်းချလိုက်ခြင်းဖြစ်၏။ တွန်းချသူမှာ စင်ယောက်ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

သူတို့သည် စင်ဆန်ကွေ လှေအနီးသို့ အမြန်ဆုံးလှော်ခတ်သွားကြပြီး စုံစမ်းလိုက်ကြ၏။

"ဘာဖြစ်ကြတာလဲဟေ့ .... "

တံငါသည်တစ်ယောက်က အဖြစ်အပျက်ကို ပြောပြသည်။

ဟူရှန်ဖုံသည် လူဆိုးလူယုတ်မာဆိုတာ တကယ်လားဟု ထို တံငါသည်က မေးသဖြင့် စင်ယောက်က ထိုတံငါသည်ကို လက်ဝါးဖြင့် ရိုက်ချလိုက်ခြင်းဖြစ်ကြောင်း ရှင်းပြကြသည်။

ကျန်တံငါသည်များက ရေထဲကျသွားသော တံငါသည်ကို ဆွဲဆယ်ကာ လှေပေါ်ပြန်တင်လိုက်ကြရသည်။

စင်ဆန်ကွေသည် သူ၏သား စင်ယောက်၏ အပြုအမူကြောင့် ပထမ၌ ကြက်သေ သေသွားသည်။ နောက်ပိုင်း၌ လွန်စွာဒေါသထွက်လာ၏။

"ခွေးတိရစ္ဆာန် .... မင်း ဘာလို့ ဒီလိုလုပ်ရတာလဲ .... "



"အဖေ .... ကျုပ်က ဘာလုပ်လို့လဲ .... "

"တောက် .... "

စင်ဆန်ကွေက ရိုက်ရန် ဟန်ပြင်လိုက်ရာ ကျုံ့ဖေက တားလိုက်၏။

"သူ့ကို မရိုက်နဲ့ .... "

ထိုတံငါသည်မှာ အအေးအတွင်းအားဒဏ် ခံစားနေရကြောင်း အတွေ့အကြုံ ရင့်ကျက်သော လူကြီးများက သိရှိကြသည်။ ဟန်ဂိုမှာ မျက်နှာပျက်သွား၏။ စင်ယောက် အအေးလက်ဝါး အတွင်းအားရရှိနေခြင်းကို မြင်တွေ့လိုက်ရသဖြင့် စိတ်မသက်မသာ ခံစားလိုက်ရခြင်း ဖြစ်ပေသည်။

"မင်းတို့မှာ ဆေးလေးဘာလေးပါရင် သူ့ကို တိုက်လိုက်ပါ"

ဟန်ဂိုက တံငါသည်အား လက်ညှိုးထိုးပြပြီး ကျောက်ချွန်းလင်တို့အား ပြောလိုက်၏။

ကျောက်ချွန်းလင်သည် သူ၏အိတ်ထဲမှ အက်စစ်ဆေးတစ်လုံးဆုတ်ကာ တိုက်ကျွေးလိုက်၏။ တံငါသည်မှာ မျက်နှာဖြူရော်နေရာမှ ကြာမီ သွေးရောင်များ ပြန်လည်လွှမ်းလာလေ၏။

"ဒီတံငါသည်ကို သုံးလေးရက်လောက် အနားပေးထားလိုက်ပါ .... "

ဟန်ဂိုက စင်ဆန်ကွေအား မှာကြားပြီးနောက် စင်ယောက်ဘက်လှည့်ကာ မေးလိုက်သည်။

"ဒီအအေးလက်ဝါးသိုင်းပညာဟာ မင်းကို ဟူရှန်ဖုံ သင်ပေးတာ မဟုတ်လား .... "

www.burmeseclassic.com

www.burmeseclassic.com



စင်ယောက်က ဘာမှ ပြန်မပြော။ သူ့အား မေးမြန်းနေသည်ဟုပင် သဘောမထား။ တစ်ဘက်သို့ မျက်နှာပင်လွှဲလိုက်သည်။

ဟန်ဂိုမှာ သူ့အား အရေးမစိုက်သည့် ပုံသဏ္ဌာန်မျိုး စင်ယောက်လုပ်နေသောအခါ ဒေါသထွက်လာပြီး စင်ယောက်၏ နောက်ကျောကို လှမ်း၍ ကုတ်ဆွဲလိုက်သည်။

ထိုအခါကျမှ စင်ယောက် လန့်သွားတော့သည်။

အအေးလက်ဝါး အတွင်းအားကို တစ်ကိုယ်လုံး စုစည်းလိုက်သည်။ တတ်နိုင်သမျှ ခုခံမည်ဟူသော စိတ်ဖြင့် အတွင်းအားထုတ်လိုက်ခြင်းသာ ဖြစ်သည်။

ထိုအခါ စင်ယောက်၏ ခန္ဓာကိုယ်မှာ ပြာနှမ်းသွားတော့သည်။ ပတ်ဝန်းကျင်၌ အေးစက်သော အငွေ့အသက် အနည်းငယ် လွှမ်းခြုံလာသည်။

စင်ယောက်က ဟန်ဂို၏ ကုတ်ဆွဲဖမ်းဆီးမှုကို ရှောင်သည်။

သို့သော် ဟန်ဂိုက သူ့ထက်ပို၍ လျှင်မြန်သည်။

စင်ယောက်၏ သွေးကြောကို ပိတ်ပိုက်နိုင်သည်။

သူ နှစ်ကြိမ်တိတိ ဟန်ဂိုနှင့် ယှဉ်ပြိုင်ပြီးဖြစ်၏။

နှစ်ကြိမ်စလုံးပင် သိုင်းတစ်ကွက်တည်းနှင့်သာ ရှုံးနိမ့်ခဲ့ရလေသည်။ ဟန်ဂိုသည် ဟူရှန်ဖုံ၏ မှိုင်းမိနေသည့် စင်ယောက်အား တစ်သက်လုံး သိုင်းပညာမသင်နိုင်အောင် ပြုလုပ်ရန် စဉ်းစားလိုက်၏။

ချက်ချင်း စင်ယောက်အား ဆွဲမ့လိုက်လေသည်။

စင်ဝေါင်းသည် ဟန်ဂို၏ အပြုအမူကြောင့် လွန်စွာစိုးရိမ်ထိတ်



လန့်သွားလေ၏။ သူ့ညီသည် ဒုက္ခတစ်ခုခု ခံရတော့မည်ဟု ထင်လိုက်သည်။

ထို့ကြောင့် ဟန်ဂိုရှေ့၌ ဒူးထောက်ကာ ငိုယိုတောင်းပန်တော့သည်။

"ဘဘ ကျွန်တော့ညီလေးအသက်ကို ချမ်းသာပေးပါ .... သူ့ကို ကျွန်တော်တို့ ဆုံးမပါ့မယ် .... "

ဟန်ဂိုမှာ စိတ်ပျော့သွား၏။

"မင်းညီကို ကြိုးချည်ထားလိုက် .... ရှာကို ပြန်ရောက်မှပဲ ဆုံးဖြတ်မယ် .... သူဟာ ဟူရှန်ဖုံရဲ့ လက်သည်း ခြေသည်းဖြစ်နေပြီ .... သူ့ကို လွှတ်ပေးထားလိုက်ရင် သူဟာ ဟူရှန်ဖုံအသစ်တစ်ယောက် မွေးဖွားသလို ဖြစ်လာလိမ့်မယ် .... "

အားလုံးပင် နောင်လာမည့် အန္တရာယ်အတွက် ထိတ်လန့်သွားကြလေ၏။

ပင်လယ်ပြင်မှ ဝင်စပြုနေသော နေရောင်ကြောင့် တောက်ပကာ လှပနေသည်။ ထိုစဉ် လှေဦးမှ ယိဖျောင်းရှမ်း၏အော်သံ ထွက်လာလေတော့၏။

"ဟိုရှေ့က ကျွန်းစပ်သဲပြင်ပေါ်မှာ လူတစ်ယောက် လဲကျနေသလား မသိဘူး .... "

အားလုံးက သူမပြရာသို့ ကြည့်လိုက်၏။

ကျွန်းကလေးကမ်းစပ်၌ လူတစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရလေသည်။ လူလုံးမှာ သဲသဲကွဲကွဲ မမြင်ရပါ။

အားလုံးက တက်ကြွသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပင် ကျွန်းကလေးဆီသို့ လှေများကို လျှင်မြန်စွာ လှော်ခတ်ကြတော့သည်။

တဖြည်းဖြည်းနှင့် ကျွန်းနားသို့ ရောက်လာကြသည်။

ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့သည် ထုံးစံအတိုင်း လှေပေါ်မှ ခုန်ချကာ လဲကျနေသူဆီသို့ ပြေးသွားကြလေတော့၏။

ကျွန်းကလေး၏ သောင်ပြင်ပေါ်၌ လူတစ်ယောက်မှာ လဲကျနေသည်။

သေချာစွာ ကြည့်လိုက်သောအခါ တာမိုဖြစ်ကြောင်း အံ့ဩဖွယ် တွေ့ရှိကြရသည်။ ယိဖျောင်းရှမ်းနှင့် ဟန်စုချင်တို့မှာ ထခုန်မိမတတ် ဖြစ်သွားကြသည်။ ဝမ်းသာအားရ အော်ဟစ်မိကြတော့သည်။

"တွေ့ပြီ .... တွေ့ပြီ .... ဘာဘာတာမိုကိုတွေ့ပြီ .... "

ထိုစကားကြောင့် ဟန်ဂိုနှင့် ကျုံဖေတို့အားလုံး ကူမြန်မဆည်နိုင်တော့ဘဲ ပြေးလွှားလာမိကြတော့၏။

"ဘာဘာတာမို .... ဘာဘာတာမို မသေဘူးနော် .... "

တာမိုမှာ ဟန်စုချင်အား ပြုံးကြည့်လိုက်၏။

ထို့နောက် စကားပြောရန် ဟန်ပြင်လိုက်သော်လည်း အသံထွက်မလာချေ။ ဟန်စုချင် ထိတ်လန့်သွားပြီး ယိဖျောင်းရှမ်းဘက်သို့ လှည့်ကာ ပြော၏။

"ညီမလေး .... ဘာဘာတာမိုကိုကြည့်စမ်း .... ဘာဖြစ်နေတာလဲ မသိဘူး .... "

ထိုအချိန် ဟန်ဂိုနှင့် ကျုံဖေတို့ အနီးသို့ ရောက်ရှိလာကြသည်။

ဟန်ဂိုမှာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များ ကျလာသည်။



ကျုံဖေက တာမို၏ သွေးကြောများကို စမ်းသပ်ကြည့်၏။ ပြီးမှ အေးဆေးသောလေသံဖြင့် ....

"ဘာမှ ကိစ္စမရှိဘူး .... ဒဏ်ရာရတာ မဟုတ်ဘူး .... အားပြတ်ပြီး လဲနေတာပါ .... "

ထိုအခါ အားလုံးပင် စိတ်လက်ပေါ့ပါးသွားကြတော့သည်။

ဟန်ဂိုက ကျောက်ချွန်းလင်ဘက်သို့ လှည့်ကာ ....

"ငါ့တူမှာ အားဆေးများပါလာရင် တစ်လုံးလောက်ပေးပါ"

ကျောက်ချွန်းလင်က ထုတ်ပေး၏။

ဟန်ဂိုသည် တာမိုကို ဆေးတစ်လုံးတိုက်ပြီး ကျုံဖေနှင့် တစ်ဘက်တစ်ချက် ဆွဲယူကာ လမ်းလျှောက်ခိုင်းသည်။ တာမို လမ်းလျှောက်ရင်း ရေများအန်၏။ ရေတော်တော်အန်ပြီးနောက် တာမိုမှာ အသက်ရှူမှန်လာသည်။

"ရပါပြီ .... ငါ့ဘာသာ လျှောက်နိုင်ပါပြီ .... "

ဟန်ဂိုမှာ တာမို စကားပြောလာနိုင်သည်ကို တွေ့သောအခါ မျက်နှာတစ်ပြင်လုံး ဝင်းထိန်သွားသည်။ ကျုံဖေအား အချက်ပြပြီး တာမိုကို လွှတ်ပေးလိုက်သည်။

တာမိုသည် သဲပြင်ပေါ်၌ တင်ပျဉ်ခွေထိုင်ကာ အတွင်းအားလေ့ကျင့်လေတော့၏။ အားလုံးက အလိုက်သိစွာ စိုင်စောင့်ကြသည်။

တစ်နာရီခန့်ကြာသောအခါမှ တာမိုထံမှ သက်ပြင်းချသံကြားရသည်။

"အင်း .... သေတွင်းက တစ်ခါတော့ လွတ်လာပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



တာမို၏ ရေရွတ်သံသည် အားလုံးကို စိတ်ရွှင်လန်းစေခဲ့ပေသည်။

ကျုံဖေက မေးလိုက်၏။

"ခင်ဗျား သက်သာပြီနော် .... "

"ဟုတ်ကဲ့ .... နောက်ထပ်နှစ်ရက်လောက်သာ ကျုပ်ကို ရှာမတွေ့ရင်တော့ ကျုပ် သေမှာအမှန်ပဲ .... ခင်ဗျားတို့အားလုံးကို ကျေးဇူးတင်ပါတယ် .... "

ဟန်ဝိုက စကားစကိုဖြတ်ကာ သူ သိလိုရာကိုသာ ကောက်ကာ ငင်ကာ မေးလိုက်၏။

"ဒါတွေ ထားလိုက်ပါတော့ .... ဟူရှန်ဖုံကော ဘယ်မှာလဲ"

တာမိုက ခေါင်းခါယမ်းကာ ....

"ငါလည်း မသိဘူး .... အခု ငါ အရမ်းဆာနေပြီ .... စားစရာပါရင် ပေးကြစမ်းပါဦး .... "

ဟန်စုချင်က တံငါလှေပေါ်မှ စားသောက်ဖွယ်ရာများကို သယ်ချလာပြီး တာမိုအား ကျွေးမွေးသည်။

တာမို အားရပါးရ စားသောက်သည်။

တာမို စားသောက်နေသည်ကို အားလုံးပင် ထိုင်စောင့်ကြ၏။ စားသောက်ပြီးသောအခါမှ ယိဖျောင်းရှမ်းက မေးသည်။

"ဘာဘာတာမို .... ဒီကျွန်းပေါ် ဘယ်လိုရောက်လာတာလဲ .... ဟူရှန်ဖုံကော သေပြီလား .... "

"နားပါစေဦး .... နောက်မှမေးပါ .... "



ကျုံဖေက မောပန်းနွမ်းနယ်နေမည်စိုးသဖြင့် ဟန့်တားလိုက်၏။

တာမိုက ရယ်မောရင်း ....

"ရပါတယ် .... ကျုပ် သက်သာသွားပါပြီ .... ဟူရှန်ဖုံ သေသေတော့ ငါလည်းမသိဘူး .... ငါတို့နှစ်ယောက် ရေထဲကျသွားတယ် မဟုတ်လား .... ငါက သူ့ကို လွှတ်လိုက်ရင် သူက အပေါ်ရောက်လာပြီး ဟန်ဝိုနဲ့ ကျုံဖေကို တိုက်ခိုက်မှာပဲ .... ဒါမှမဟုတ် ထွက်ပြေးသွားမှာပဲ .... ဒီတစ်ခါတော့ ဘယ်လိုမှ သူ့ကို အလွှတ်မပေးနိုင်တော့ဘူး .... ငါနဲ့အတူတူသေမယ်လို့ ဆုံးဖြတ်လိုက်တယ် .... "

တာမိုက ပြောရင်း မောဟန်နှင့် စကားကို ခေတ္တရပ်လိုက်၏။

ရေတစ်ခွက် သောက်လိုက်ပြီးမှ စကားဆက်သည်။

"ရေထဲကျတော့လည်း နှစ်ယောက်သား အသေအကြေတိုက်ခိုက်ကြတာပဲ .... ဒါပေမယ့် တို့နှစ်ယောက်စလုံး လူသားတွေလေ၊ ဒါမဟုတ်တော့ နောက်ဆုံး ရေမွန်းပြီး သတိလစ်သွားကြတာပဲ .... ပြီ သတိရတော့ ဒီကျွန်းပေါ်က သောင်ပြင်ပေါ် ရောက်နေပြီ .... ကံကောင်းလို့ မင်းတို့နဲ့ ပြန်တွေ့ခဲ့ကြရတာပဲ .... မင်းတို့သာ လိုက်မရှာရင် ငါတော့ ဒုက္ခပေါ့ကွာ .... "

ဟန်ဝိုက ....

"အင်း .... ခင်ဗျား အတော်ကံကောင်းတာပဲ .... ဟူရှန်ဖုံကော အသက်ရှင်နိုင်မယ်လို့ ခင်ဗျား ထင်နေသလား .... "

"သူလည်း အသက်ရှင်ဖို့ မလွယ်ဘူး .... ရေထဲမှာ မွန်းသေတောင် ပင်လယ်ထဲမှာ မျောနေရင် သေမှာပဲ .... ပြီးတော့ ငါးမန်းရန်

www.burmeseclassic.com

www.burmeseclassic.com



က လွှတ်မလွှတ်ဆိုတာလည်း မသိဘူးလေ .... ဒါပေမယ့် ငါ့လိုကံကောင်းရင်တော့ လွှတ်လာနိုင်သေးတာပေါ့လေ .... သူ့ကိုတော့ ပြောလို့မရဘူးကွ .... သူက သေရွာက အကြိမ်ကြိမ်ပြန်လာခဲ့တဲ့လူကွ"

မည်သို့ပင်ဖြစ်စေ အားလုံး စိတ်သက်သာရာ ရသွားသည်။

ယိဖျောင်းရှမ်းတစ်ယောက်သာ စိတ်ထင့်သွားသည်။

တာမိုတောင် လွှတ်မြောက်လာလျှင် ဟူရှန်ဖုံမှာ ပို၍ လွှတ်မြောက်နိုင်၏။ တာမိုထက် ဟူရှန်ဖုံက ပို၍ ခံနိုင်ရည်ရှိသည် မဟုတ်ပါလား။

ကျူဖေက ကောင်းကင်ကို ကြည့်လိုက်သည်။

"မှောင်နေပြီဟေ့ .... သည့်ထက်မှောင်ရင် မကောင်းတော့ဘူး .... ရွာကိုပြန်ကြစို့ .... ရွာရောက်မှ ဆက်ပြောကြတာပေါ့ ...."

မှန်ပါသည်။ လောကဓာတ်တစ်ခွင်လုံး မှောင်နေပါပြီ။ ဤမှောင်အောင် နေပြီးမှ ပြန်ရဲခြင်းမှာလည်း စင်ဆန်ကွေတို့ကဲ့သို့ ထင်လယ်ကိုကျွမ်းကျင်သော တံငါသည်များပါနေသောကြောင့်သာ ဖြစ်သည်။ ထိုညသန်းခေါင်၌ ရွာသို့ပြန်ရောက်ကြသည်။

"တာမို .... ကျုပ်တို့ စင်ယောက်ကိစ္စကို ဘယ်လိုစီစဉ်ကြမလဲ"

အိမ်သို့ပြန်ရောက်သည်နှင့် ကျူဖေက စင်ယောက်၏ ပြဿနာကို အရင်ဆုံးတင်ပြဆွေးနွေးသည်။

ထိုစဉ် ဟန်ဂိုက ဝင်၍ ပြောလာ၏။

"ကျုပ်ကတော့ သူ့ရဲ့ သိုင်းပညာတွေကို ဖျက်ဆီးပစ်လိုက်ချင်တယ် ...."

ယိဖျောင်းရှမ်းက ဝင်၍ ဖျောင်းဖျတောင်းပန်သည်။



"ဒီလောက်အထိတော့ မရက်စက်သင့်ပါဘူး ဘာဘာရယ် .... သူ့ကို ဆုံးမရင် ရပြီးမှာပေါ့ ...."

"ဒါ ရက်စက်တယ်လို့ မဆိုနိုင်ဘူး .... စင်ယောက်ရဲ့ စိတ်က သိပ်ကို ခက်ထန်နေတယ် .... သူလည်း သိုင်းပညာတက်လာပြီး .... သောင်းကျန်းမယ်ဆိုရင် မလွယ်ဘူး၊ ဟူရှန်ဖုံရဲ့ ပညာကိုက ကြောက်စရာကောင်းတယ် ...."

တာမိုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် .... ဟူရှန်ဖုံရဲ့ အဆက်အနွယ်ဆိုတော့ လောကထဲမှာတောင် ထားဖို့မသင့်ဘူး ...."

ကျူဖေမှာ စင်ယောက်အား သနားသွား၏။

သို့သော် စင်ယောက်သည် ဟူရှန်ဖုံနှင့် အတူတူနေသည့် သုံးလေးလမျှ ကာလအတွင်းမှာပင် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့သဖြင့် ခွင့်လွှတ်ရန်လည်း ခက်သည်။ စိတ်ကြမ်းမာန်တက်ကာ မတရားမှုကို ခုံမင်ချင်လာသည်။

"စင်ယောက်ဟာ ဒုတိယဟူရှန်ဖုံ ဖြစ်မလာဘူးလို့ ဘယ်သူမှ ပြောနိုင်ပါဘူး .... သူဟာ ဖခင်နဲ့ အစ်ကိုကို ပြန်ဆုံစည်းရတာတောင် ရှုမစိုက်ဘူး .... သူ့စိတ်ထဲမှာ ဖခင်ဆိုတဲ့ သံယောဇဉ်တောင် မရှိတော့ဘူး မဟုတ်လား ...."

ဟန်ဂိုက စင်ယောက်၏ လက်ရှိအနေအထားကို ရှင်းလင်းပြောပြသည်။

ယိဖျောင်းရှမ်းအနေဖြင့်လည်း စင်ယောက်အား ဝင်၍ မကာကွယ်နိုင်တော့ချေ။

www.burmeseclassic.com



"ဒါဆိုလည်း ဘာဘာတို့သဘောပါလေ .... "

အခန်းအပြင်ဘက်မှ ချောင်းနားထောင်နေသော စင်ဝေါင်းသည် အခန်းထဲသို့ ငိုယိုပြီး ပြေးဝင်လာလေတော့သည်။

"ချမ်းသာပေးကြပါ ခင်ဗျာ .... ချမ်းသာပေးကြပါ၊ ဒီလောက်လည်း မရက်စက်ကြပါနဲ့ ခင်ဗျာ .... "

ကျုံဖေက သက်ပြင်းချရင်း ....

"မင်းညီအတွက် လာတောင်းပန်တာလား .... "

စင်ဝေါင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ .... ကျွန်တော်တို့မှာ ညီအစ်ကိုလေးနှစ်ယောက်ပဲရှိပါတယ် .... အဖေကလည်း အိုနေပါပြီ .... ကျွန်တော်တို့ မစဉ်းစား မဆင်ခြင် သွားပြီးကြည့်မိလို့ ဒီလိုဖြစ်ရတာပါ၊ ညီမလေးမှာ ဘာအပြစ်မှ မရှိပါဘူး ခင်ဗျာ .... "

ဟန်ဝိုက ရှင်းပြသည်။

"ဒါပေမယ့် မင်းညီက စိတ်ပြောင်းနေပြီ .... အရင်က စင်ယောက် မဟုတ်တော့ဘူး .... စိတ်ထားမဖြူစင်တော့တဲ့ စင်ယောက်ဖြစ်နေပြီ .... "

"ကျွန်တော့်ညီက လူစိတ်ရှိပါသေးတယ် .... တစ်နေ့ ပြန်ကောင်းလာမှာပဲ .... သူ့အသက်ကို ချမ်းသာပေးကြပါ .... ကျွန်တော်ခင်ဗျားတို့ရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး .... "

စင်ဝေါင်းမှာ ညီသံယောဇဉ်ကြောင့် ရှိုက်ငိုတင်ဝင် အကြိမ်ကြိမ်အထပ်ထပ် တောင်းပန်နေသည်။

ကျုံဖေက ....



"အေး .... ငါတို့သဘောနဲ့တော့ မဖြစ်ဘူး .... မနက်ကျမှ ရွာသားတွေရှေ့မှာ အဆုံးအဖြတ် ယူကြတာပေါ့ .... "

နောက်တစ်နေ့နံနက်တွင် စင်ယောက်အား ရွာသားများရှေ့သို့ ထုတ်လာခဲ့သည်။

တင်ငါသည် ရွာသားများမှာ စင်ယောက်အား ကြောက်လန့်နေကြသဖြင့် စင်ယောက်ကို လွှတ်ပေးရန် မည်သူမျှ မတောင်းဆိုပါချေ။

ကျုံဖေက ဟန်ဝိုဘက်လှည့်ကာ ....

"ဟန်ဝို သူ့အစ်ကိုကတော့ တောင်းပန်နေပြီ .... "

"သူ တောင်းပန်ပေမယ့် ကျုပ်စကားကို ကျုပ် မပြင်ချင်ဘူး"

စင်ဝေါင်းသည် မျက်ရည်စက်လက်ဖြင့် ဟန်ဝို၏ ခြေထောက်အား ဖက်လိုက်၏။

ထို့နောက် ငိုကြွေးရင်းမှ တတွတ်တွတ် တောင်းပန်ပြန်သည်။

"ဘာဘာတို့ ညီလေးအသက်ကို ချမ်းသာပေးကြပါ .... ညီလေးကို မနှိပ်စက်ကြပါနဲ့ .... "

စင်ဆန်ကွေ့မှာမူ မျက်နှာလွှဲထား၏။ သားအပေါ်တွင် သံယောဇဉ်တား အချစ်ကြီးသော်လည်း ဘာတစ်ခွန်းမျှ ဝင်ရောက်ပြောဆိုခြင်း မပြုချေ။

အများ၏ အဆုံးအဖြတ်အတိုင်း ဆောင်ရွက်ရန်သာ သူ့စိတ်ကို သူ ခုန်းခုန်းချထားလိုက်သည်။

ထိုစဉ် ဟန်စုချင်သည် စင်ဝေါင်း ငိုကြွေးနေသည်ကိုကြည့်ပြီး ကြင်နာသနားစိတ်ပေါ်ကာ သူ့မဏီဖခင်ကို တောင်းပန်လေတော့၏။

"နေဦး ဖေဖေ .... လူတိုင်း အများနဲ့ မကင်းပါဘူး .... စင်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ ငယ်ရွယ်သူမို့ အမှားဖြစ်တာပါ .... ဘာဖြစ်လို့ သူ့ကို အပြစ်ပေးသင့်မှာလဲ .... သူ့ကို လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားတည့်မတ်ပေးလို့ ရနိုင်ပါတယ် ဖေဖေ .... တန်ဖိုးရှိတဲ့ လူတစ်ယောက် ဖြစ်လာအောင် ဝိုင်းဝန်းပြုပြင်ပေးရင် ရမှာပါ .... တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်သင့်ပါတယ် .... "

ဟန်ဂိုသည် သူများစကား နားဝင်သူ မဟုတ်ချေ။

သို့သော် သမီး၏ လိုအင်ဆန္ဒကိုမူ အမြဲတစေ ဖြည့်ဆည်းပေးတတ်သူဖြစ်၏။

သမီးဖြစ်သူ ဝင်ပြောသောအခါ တွေဝေသွား၏။ တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်သင့်သည်ဟုလည်း တွေးလာသည်။

ဟန်ဂိုသည် သက်ပြင်းတစ်ချက်ချပြီး ....

စင်ဝေါင်းဘက်သို့လှည့်ကာ ပြောလေ၏။

"ကဲ .... မင်းညီလေးကို [illegible] မသတ်တော့ဘူး .... ဒါပေမယ့် မင်းညီလေးကို လူကောင်းဘဝပြန်ရောက်အောင်တော့ ပြုပြင်ပေးကြရမယ် .... "

စင်ဝေါင်း ခေါင်းညိတ်လိုက်၏။ ဝမ်းသာလွန်းသဖြင့် မျက်ရည်များ ဝိုးဝိုးပေါက်ပေါက် ကျလာပြန်သည်။

ထို့နောက် စင်ယောက်ထံသို့ ပြေးသွားပြီး ....

"ညီလေး .... မင်း လွတ်လာတာက ဘဘတို့ရဲ့ စေတနာနဲ့ သနားကြင်နာမှုကြောင့်ပဲ .... ဒီတော့ မင်း နောက်နောင်ကို မကောင်းမှု ဒုစရိုက်သမားတွေနဲ့ မပေါင်းဖို့ သတိထားပါ .... "



"ကျွန်တော် မှားမှန်းသိပါပြီ .... ဒီတော့ ဒီနေ့ကစပြီး ကောင်းကောင်းမွန်မွန်နေပါတော့မယ် .... "

စင်ယောက်က အလိုက်သင့် အလျားသင့်ပင် ဝန်ခံစကားပြောဆိုလေ၏။ စင်ဝေါင်းမှာ ဝမ်းသာသွားပြီး စင်ယောက်အား ကြိုးဖြေပေးလိုက်၏။

"ဒါမှ ငါ့ညီကွ .... ကဲ .... မင်း ဒီက ဘဘတို့ကို ဂါရဝပြုလိုက်ပါဦး .... "

စင်ယောက်က သူ့အား အပြစ်ပေးမည့်သူများကို ဂါရဝမပြုချင်ပေ။ သို့သော် အခြေအနေအရ ဂါရဝမပြု၍လည်း မရပေ။ ထို့ကြောင့် လူကြီးများအား ဂါရဝပြုလိုက်ရလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆၇)

## ဒဏ္ဍာရီသတင်းလော

စင်ယောက်မှာ အိပ်မပျော်နိုင်ဘဲ ဖြစ်နေသည်။ အဘယ်ကြော
ပါနည်း။

ဤတံငါရွာကားသူနှင့် မအပ်စပ်တော့ဟု ထင်နေသောကြေ
သာ ဖြစ်ပါ၏။

သူသည် အိပ်ရာထက်ဝယ် တလူးလူး တလိမ့်မလိမ့် ဖြ
သည်။ သူ့ကို အပြစ်ပေးမည်ဟု ရွာသားများ ဆုံးဖြတ်ခြင်းကို ချ
မရပ်နိုင် ဖြစ်နေမိသည်။

သူ့စိတ်ထဲ၌ ဟူရှန်ဖုံအား သတိရနေ၏။

ဟူရှန်ဖုံကို တာမိုကဲ့သို့ပင် သေဘေးမှ လွတ်မြောက်လာ
ဟုလည်း ဆုတောင်းနေမိသည်။ ဟူရှန်ဖုံသည် သူ၏ ကိုးကွ
မဟုတ်ပါလား။ စင်ယောက်တစ်ယောက် တောင်တောင်အီအီ
စားနေသဖြင့် မျက်လုံးကြောင်နေ၏။ ကြာလာသောအခါ ကျော
သဖြင့် အိပ်ရာထက်မှထကာ တဲပေါ်မှ ဆင်းလာမိ၏။



သူသည် သဲသောင်ကမ်းစပ်သို့ လမ်းလျှောက်လာ၏။ ကျူဖေ
တို့ လူစုကား တာမို အသက်ရှင်ခဲ့၍လည်းကောင်း၊ ဟူရှန်ဖုံသေပြီဟု
ယေဘုယျ ယူဆထား၍လည်းကောင်း၊ စိတ်ချလက်ချ နှစ်နှစ်ခြိုက်ခြိုက်
အိပ်ပျော်နေကြ၏။ စင်ယောက်ကို စောင့်ကြည့်မည့်သူလည်း မရှိကြ
ပေ။ ထို့ကြောင့် စင်ယောက်တစ်ယောက် ဘေးကင်းရန်ကင်း သဲ
သောင်ပြင်သို့ ထွက်လာနိုင်ခြင်း ဖြစ်လေတော့သည်။

"ရှူတ် .... ရှူတ် ...."

နှုတ်ခမ်းစူကာ လေမှုတ်ထုတ်လိုက်သံတစ်သံက သူ့နောက်
ဘက်နားဆီသို့ ရုတ်တရက် ပေါ်ထွက်လာသဖြင့် စင်ယောက်သည်
အသံလာရာဘက်သို့ လှည့်လိုက်၏။

ထိုအခါ သစ်ပင်တစ်ပင်အောက်၌ လူတစ်ယောက် ရပ်နေသည်
ကို တွေ့လိုက်ရတော့သည်။ စင်ယောက် မျက်မှောင်ကြုတ်ကြည့်လိုက်
၏။ လူလုံးမကွဲသေး။ ထိုလူက လေသံဖြင့် စင်ယောက်ကို ခေါ်လိုက်
၏။

"စင်ယောက် ...."

အသံမှာ တိုးသော်လည်း စင်ယောက်အဖို့ ပီပီပြင်ပြင် ကြား
လိုက်ရလေသည်။

"ဟာ .... ဆရာကြီး .... ဆရာကြီးပါလား .... ဆရာကြီး
မသေဘူးနော် ...."

စင်ယောက်မှာ ဝမ်းသာသွား၏။

ထိုအသံမှာ ဟူရှန်ဖုံ၏အသံပင် မဟုတ်ပါလော။

ဟူရှန်ဖုံမှာ သူ၏ဆုတောင်းအတိုင်း မသေဘဲ ပြန်လည်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိလာပြီ မဟုတ်ပါလော။ ဟူရှန်ဖုံက လက်ရပ်ကာ စင်ယောက်အား ခေါ်လိုက်၏။

ဟူရှန်ဖုံက လေသံဖြင့် ....

"တိုးတိုးပြော .... ငါမသေပါဘူး .... အခု မင်းကို လာခေါ်တာ ငါနဲ့ ပြန်လိုက်ခဲ့မယ် မဟုတ်လား .... "

"ဟုတ်ကဲ့ .... ဒါနဲ့ ဆရာကြီး ဘယ်လိုပြန်လွတ်လာတာလဲ လူဝကြီးတာမိုလည်း မသေဘူး ဆရာကြီး .... သိပ်အံ့သြစရာကောင်းတာပဲ .... "

"အေး .... ငါလည်း ကံကောင်းလို့ပဲ ဆိုရမှာပေါ့ .... "

"ဆရာလွတ်လာတဲ့အကြောင်း ကျွန်တော့်ကို ပြောပြပါဦး — အာမှ စိုးရိမ်စရာ မရှိပါဘူး ဆရာကြီး .... "

ဟူရှန်ဖုံက တွေးတွေးဆဆဖြင့် ခဏမျှငြိမ်နေ၏။ ထို့နောက် သက်ပြင်းမှုတ်ထုတ်ကာ ပြော၏။

"ငါ တာမိုနဲ့အတူ ပင်လယ်ထဲကျသွားတာကို မင်း တွေ့လိုက်တယ် မဟုတ်လား .... "

"ဟုတ်ကဲ့ တွေ့ပါတယ် .... "

"အေး .... ငါတို့ ပင်လယ်ထဲမှာ တိုက်ခိုက်ကြတာပဲ .... ရေထဲမှာဆိုတော့ ကုန်းမြေလို မဟုတ်တော့ဘူး .... နောက်ဆုံး ရေမွန်းပြီး သတိလစ်သွားကြတယ် .... ငါလည်း သူသေပြီလို့ ထင်တာပဲ .... သူကလည်း ငါသေပြီလို့ ထင်မှာပဲ .... ခါးပြလှေတစ်စင်းက ကယ်လို့ ငါအသက်ရှင်ခဲ့ရတာကွ .... "

ဟူရှန်ဖုံက သေချာစွာ ရှင်းပြ၏။ စင်ယောက်သည် ဆရာဖြစ်သူ ဟူရှန်ဖုံနှင့် ပြန်လည်ဆုံစည်းမိပြီဖြစ်၍ လွန်စွာအားတက်နေတော့သည်။ ဆရာမရှိသည့်နောက်ပိုင်း သူ့အဖြစ်အပျက်များကို ပြောပြတိုင်တန်းတော့သည်။



"ဒီလူတွေက ဆရာကြီးမရှိတုန်း ကျွန်တော့်ကို ဝိုင်းနှိပ်စက်ကြတယ် .... အခု သူတို့ဒီမှာရှိတုန်းပဲ .... အခွင့်သာတုန်း လက်စားချေပေးပါ .... သူတို့အားလုံး ဝက်သေတွေလို အိပ်နေကြတယ် .... "

ဟူရှန်ဖုံက ခေါင်းခါယမ်းကာ ....

"မဖြစ်သေးဘူး .... "

"ဘာဖြစ်လို့လဲ ဆရာကြီး .... "

ဟူရှန်ဖုံက နွမ်းနယ်စွာ ပြောလေ၏။

"ငါ အခု သိပ်အားမရှိဘူး .... ဒီတော့ သူတို့လူစုနဲ့ ငါတစ်ယောက်တည်း ယှဉ်လို့မလွယ်ဘူး .... သူတို့အိပ်နေတယ်လို့လည်း ထင်နဲ့ .... သိုင်းသမားတွေဟာ သတိရှိတာများတယ် .... "

"ဒါဆို သူတို့ကို လက်စားမချေတော့ဘူးလား .... "

"မဟုတ်ပါဘူး .... လက်စားချေမယ်ဆိုရင် အချိန်တွေ အများကြီးရှိပါသေးတယ် .... ရန်သူကို မတိုက်ခင် ကိုယ်အင်အား တိုးတက်အောင်တော့ ကြိုးစားရဦးမယ် .... ကဲ .... သွားကြစို့ .... "

စင်ယောက်က စဉ်းစားမနေတော့။

ချက်ချင်း ဆရာကြီးဟူရှန်ဖုံနောက်သို့ လိုက်ပါသွားလေတော့သည်။ အဆိပ်ရှိသော သတ္တဝါချင်း၊ ဦးချိုရှိသော သတ္တဝါချင်း၊ အစွယ်ရှိသော သတ္တဝါချင်း ပေါင်းကြမြဲ မဟုတ်ပါလား။

နောက်တစ်နေ့နံနက် ....

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အိပ်ရာမှ ထကြသည်။

သူတို့ အိပ်ရာမှ ထလာသောအခါ စင်ယောက်အား မတွေ့ရတော့ချေ။ ရွာထဲအနှံ့ လိုက်ရှာကြ၏။ တံငါရွာသားများ လူခွဲ၍ ရှာဖွေကြ၏။ မည်သည့်နေရာမျှ ရှာမတွေ့တော့ချေ။

ဟန်ဂိုက တောက်တစ်ချက် ခေါက်လိုက်ပြီး ....

"စင်ယောက် တို့ကို အချိုးသတ်ပြီး ထွက်ပြေးသွားပြီ .... "

"သူ ဘာကြောင့် ထွက်သွားတာလဲ .... သူဟာ ဟူရှန်ဖုံရဲ့ အခြေခံပညာကို ရထားတာတော့ မှန်တယ် .... ဒါပေမယ့် လောက်လောက်လားလားတော့ မဖြစ်သေးပါဘူး .... သူ့ကို အိုင်းသမားတော်တော်များများက သတ်ဖစ်နိုင်ပါသေးတယ် .... "

ကျိုဖေက ပြောခြင်းဖြစ်လေ၏။

"ကျုပ်ပြောသားပဲ .... စင်ယောက်ဟာ ဒုတိယ ဟူရှန်ဖုံပါလို့ ဒီကောင့်ကို မရှင်းလင်းခဲ့တဲ့အတွက် သူဟာ ကျုပ်တို့ကို ဒုက္ခပြန်ပေးမှာ သေချာတယ် .... "

အားလုံးမှာ စိတ်မသက်မသာ ဖြစ်သွားကြရသည်။

စင်ဆန်ကွေမှာ ပို၍ စိတ်မကောင်းဖြစ်ရ၏။ သူက ဖခင်ကိုး။

ရိုးသားသော တံငါသည်အာဝမှ လူဆိုးလူမိုက်ဘဝကို ပို၍ ခင်တွယ်သွားသော သားဖြစ်သူအတွက် ရင်လေးမိသည်။

သို့သော် သူ ဘာမျှ မတတ်နိုင်ပါ။ သူ့ကြမ္မာ သူ ဖန်တီးခြင်းပင် မဟုတ်လား။ မကောင်းသောလမ်းကို လျှောက်ပြီး ကောင်းသောဆုလာဘ်ရလိမ့်မည်ဟု တံငါသည်ကြီး စင်ဆန်ကွေ မယုံကြည်ပါ။ သူသည် ရိုးသားသော တံငါသည်တစ်ဦးသာဖြစ်၍ သားအတွက် စိတ်မကောင်း



ရုံမှလွဲ၍ အခြားဘာမျှလည်း မတတ်နိုင်ပါ။ ကျိုဖေတို့အုပ်စုသည် တံငါရွာ၌ပင် ဆက်၍ နေကြသည်။ စင်ယောက်၏ သတင်းကို အနံ့ခံစုံစမ်းကြသည်။

အချိန်သာ တရွေ့ရွေ့ ကုန်သွားသည်။ စင်ယောက်သတင်း တော့မရ။

ယခုအခါ ကျိုဖေတို့လူစု တံငါရွာလေးသို့ ရောက်ရှိနေသည်မှာ တစ်လတင်းတင်းပင် ရှိခဲ့လေပြီ။

စင်ယောက်၏ သတင်းကို မကြားရသကဲ့သို့ ဟူရှန်ဖုံ၏သတင်းလည်း မကြားရချေ။

ထို့ကြောင့် အားလုံးပင် ဟူရှန်ဖုံသေပြီဟု ယူဆလိုက်ကြသည်။

တံငါရွာကလေး၌ အနေကြာလာသောအခါ ယိဖျောင်းရှမ်းတို့ လူငယ်တစ်စုမှာ ပျင်းရိငြီးငွေ့လာတော့၏။

ထို့ကြောင့် သူတို့က နင်ပိုမြို့သို့ပြန်ရန် ကျိုဖေအား အရေးဆိုကြ၏။ ဟူရှန်ဖုံ၏သတင်းလည်း လုံးဝမကြားရသဖြင့် ပြန်ရန်သဘောတူသည်။

ကျောက်ချွန်းလင်နှင့် လူစုတို့က မလိုက်တော့ချေ။ သူတို့က အရင်ဆုံးပင် ဟူတန်းတောင်သို့ ပြန်သွားကြသည်။

ဟန်ဂို၊ တာမိုနှင့် ဟန်စုချင်တို့ကလည်း အိမ်ပြန်ကာ နားမည်ဟု ပြောဆိုနှုတ်ဆက်ကာ ပြန်သွားလေသည်။ ထိုအခါ ကျိုဖေ၊ ယိဖျောင်းရှမ်းနှင့် ယန်မောင်နှမတို့သာ ကျန်ရစ်ခဲ့တော့သည်။

ကျိုဖေက စင်ဆန်ကွေအား ....

"ကဲ .... ကိစ္စတွေလည်း အားလုံးပြီးကုန်ပါပြီ .... ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ခင်များသားကို တံငါသည်အဖြစ် မထားဘဲ ကျုပ်တို့နဲ့ ထည့်လိုက်မလား .... သူ့ကို ကျုပ်တို့ သိုင်းပညာသင်ပေးပါ့မယ် .... ကျုပ် ဒီလိုခေါ်တာ အကြောင်းရှိတယ် .... သူဟာ စင်ယောက်နဲ့ ရုပ်ချင်းဆင်တော့ မတော်တဆ ဟူရှန်ဖုံ ပြန်ပေါ်လာရင် တစ်နည်းတစ်လမ်းနဲ့ ဟူရှန်ဖုံကို လှည့်စားနိုင်မလားလို့ပါ .... ”

စင်ဆန်ကွေမှာမူ အနည်းငယ်ငိုင်သွားသည်။

သားနှစ်ယောက်အနက် တစ်ယောက်မှာ လူဆိုးဖြစ်သွားလေပြီ။ ကျန်တစ်ယောက်အား ကျုံဖေတို့ထံတွင် အပ်နှံပါက လူကောင်းဖြစ်ရန် သေချာကြောင်း သူ စဉ်းစားသည်။

ထို့ကြောင့် သူက မငြင်းတော့ပါ။

သူ၏သားကို ထည့်ပေးလိုက်သည်။

နောက်တစ်နေ့၌ ကျုံဖေ၊ ယိဖျောင်းရှမ်း၊ ယန်ကျင်ကန် မောင်နှမနှင့် စင်ဝေါင်းတို့ အားလုံး နင်ပိုမြို့သို့ ထွက်လာခဲ့လေတော့သည်။



သားအဖ ခွေမျိုးများ ပြန်လည်တွေ့ဆုံပွဲမို့ စကားသံက မစဲနိုင်အောင်ရှိနေ၏။ အားလုံးထဲ၌ ယန်လီကျူအသံက အကျယ်ဆုံးဝင်ဖြစ်သည်။ သူမက အသံတစာစာနှင့် အတွေ့အကြုံများကို ရှင်းပြနေ၏။

ယိဖျောင်းရှမ်းကလည်း လိုနေသည်များကို ထောက်ပြပြောဆိုပေးသည်။

ယိထင်းဟောင်နှင့် ယန်ချင်ထန်မှာမူ နားထောင်သူများ သက်သက်မျှသာ။ အားလုံး စကားဆုံးအောင် နားထောင်ပြီးတော့မှ ယိထင်းဟောင်က မှတ်ချက်ချသည်။

“အင်း .... ဟူရှန်ဖုံဟာ သေသွားပြီလို့ တရားသေယူဆလို့ဖြစ်ဘူး .... ”

သူမှတ်ချက်ချသံကြောင့် ယိဖျောင်းရှမ်း၊ ယန်ချင်ဝေန်တို့မှာ မျက်နှာပျက်သွားကြ၏။ ယိထင်းဟောင်က ဆက်၍ ရှင်းပြသည်။

“ကျုပ်က တမင် စိတ်ပျက်စကားပြောတာ မဟုတ်ဘူး .... ကျုပ်ပြောတာ ဖြစ်နိုင်မဖြစ်နိုင် အားလုံးစဉ်းစားကြည့်ပါလေ .... ”

www.burmeseclassic.com

www.burmeseclassic.com



ယန်ကျင်ကန်က ....

"စဉ်းစားစရာ မလိုတော့ပါဘူး ဦးလေး .... သူ ပင်လယ်ထဲက ဒီတစ်ခါ ပြန်ထွက်လာစရာ အကြောင်းကို မရှိဘူး ...."

ယိကောင်းပေါင်က ပြုံးလိုက်ပြီး ....

"မိစ္ဆာကျွန်းတိုက်ပွဲမှာ သူ ရေထဲကျသွားတယ် .... သူ သေသလား၊ သူ မသေဘူး မဟုတ်လား .... သူ ဘာဒဏ်ရာမှ မရဘဲနဲ့ ပြန်ပေါ်လာတယ် .... ပင်လယ်ထဲကျရုံနဲ့ ဟွာရှန်ဖုံလိုလူက သေမတဲ့လား .... တာမိုတောင် လွတ်လာသေးတာပဲ .... သူကပိုပြီး လွတ်မြောက်ဖို့များမှာပေါ့ .... တာမို အသက်ရှင်နိုင်ရန် ဟွာရှန်ဖုံ အသက်ရှင်နိုင်တယ်ဆိုတာကို လုံးဝမမေ့ပျောက်သင့်ဘူး ...."

ယိထင်းပေါင်၏ စကားကြောင့် လူအားလုံး ငိုင်ကျသွားလေသည်။ မှန်သည်။ တာမိုရှင်လျှင် ဟွာရှန်ဖုံက ပို၍ပင် ရှင်နိုင်သည်။ ထို့ပြင်သူသည် အေးအေးဒဏ်ခံနိုင်သူ ဖြစ်သည်။ ပင်လယ်ရေအအေးကို ဟွာရှန်ဖုံ မမှုချေ။

"ကျုပ်ပြောတာက ဖြစ်နိုင်တာကို ပြောတာပါ .... အခု ဟွာရှန်ဖုံ သေမသေ ဘယ်သူမှ မပြောနိုင်ပါဘူး .... ဒီတော့ အရေးကြီးတာကတော့ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်သွားဖို့ပဲ .... သမီးတို့ သိုင်းပညာ ပိုပြီး ထက်မြက်အောင် လေ့လာသင်ယူကြရလိမ့်မယ် .... သတိနဲ့ ဝီရိယဆိုတာ ပိုတယ်လို့ မရှိဘူး .... ကိုယ့်ဘက်က အသင့်ပြင်ထားတော့ လိုအပ်တဲ့အချိန်မှာ အချိန်မီအသုံးချနိုင်တာပေါ့ ...."

ယိထင်းပေါင်၏ စကားများက လျော်ကန်သင့်မြတ်နေသည်မို့ ငြိမ်သက်စွာပင် နာခံသဘောတူ လိုက်ကြသည်။



ထို့နှင့် ကျုံဖေ၏ ဩဝါဒကို ခံယူကာ ယိဖျောင်းရှမ်း၊ ယန်ကျင်ကန်တို့ မောင်နှမနှင့် စင်ဝေါင်းတို့ ဖလားယောက်မှာ နေ့တိုင်းပင် သိုင်းပညာရပ်များကို သင်ယူကြ၏။ ကျုံဖေ ဤအိမ်၌ ဆက်နေခြင်းမှာ သန်ချင်ထန် တောင်းပန်မေတ္တာရပ်ခံသောကြောင့် ဖြစ်၏။

ကျုံဖေကလည်း သူ၏ သိုင်းပညာများကို အလေ့အစင် သင်ပေးသည်။ ဤသို့ဖြင့် ခြောက်လမျှပင် ကုန်ဆုံးသွားခဲ့သည်။

ယိဖျောင်းရှမ်းမှာ အားလုံးအထဲ၌ အတူးချွန်ဆုံး ဖြစ်လာသလို စင်ဝေါင်းမှာလည်း သိုင်းပညာ အခြေခံအဆင့်ကို ကောင်းစွာ တက်လှမ်းလာခဲ့သည်။

ထိုအချိန်တွင် နင်ပိုမြို့ကလေးသို့ မယုံကြည်နိုင်လောက်အောင် ထူးဆန်းသော သတင်းတစ်ပုဒ်က ရောက်လာလေတော့သည်။

"ထိုထူးဆန်းသော မိန်းကလေးတစ်ယောက်သည် မက်မန်းဖြစ်သည်ကို ခြောက်လမျှ မျက်နှာသစ်ရုံဖြင့် နဂိုကထက် လှပချောမောကြည့်ကောင်းလာသည်ဆိုသော သတင်းထူးပေတည်း။

သတင်းအပြည့်အစုံကို ပြောရမည်ဆိုလျှင် နန်ပြည်နယ်နောက်ဆက် ခရိုင်နှစ်ခုအကြား ဒေသလေးမှ စပြောရမည်ဖြစ်၏။

ထိုဒေသ၌ စီးပွားရေး အတော်အတန်ကောင်းသော လူတစ်ဦးသည်။ ယင်းလူ၌ သမီးတစ်ဦးတည်းသာ ရှိသော်လည်း မျက်နှာမှာ အကျက်ပေါက်မာများ ပွနေသဖြင့် အလွန်ရုပ်ဆိုးသည်ဟု ဆိုကြသည်။

ထိုမိန်းကလေးမှာ ရုပ်အလွန်ဆိုးသည့်အတွက် အိမ်ထောင်ဖြင့်သို့ မထွက်ရဘဲ အခန်းအောင်း၍ နေရသည်သာ များသည်။

မိဘများမှာလည်း ထိုမိန်းကလေးအား လွန်စွာပင် ကရုဏာ

www.burmeseclassic.com



သက်ကြသည်။ ထိုမိန်းကလေးမှာ အခန်းအောင်းပြီး ဘာသာရေးကိုသာ လိုက်စားနေရှာသည်။

တစ်နေ့ မိန်းကလေးမှာ နေမြင့်သော်လည်း အခန်းထဲမှ ထွက်လာခြင်း မရှိချေ။ ထို့ကြောင့် သူမ၏ အခန်းကို ဖွင့်ကြည့်သောအခါ ထိုမိန်းကလေး ပျောက်ခြင်းမလှ ပျောက်ဆုံးသွားသည်ကို သိလိုက်ကြရသည်။

မိဘများမှာ စိတ်ပူသွား၏။

သမီးအတွက် ရင်လေးစာ နေရာအနှံ့ ရှာဖွေ၏။

သို့သော် မတွေ့ပါ။

နောက်ဆုံး ဆုငွေထုတ်ကာ ရှာဖွေစုံစမ်း၏။

သတင်းအစအနမျှပင် မရချေ။

နောက်ဆုံး မိဘများမှာ လက်လျှော့လိုက်ကြရသည်။

သို့သော် ခြောက်လမျှကြာသောအခါ သူတို့ အိမ်ရှေ့သို့ ဝေါယာဉ်တစ်စီး ရောက်ရှိလာလေ၏။

ဝေါထဲမှ မိန်းကလေးတစ်ဦး ပြေးဆင်းလာပြီး သူတို့အား ဝမ်းသာအားရနှင့် ဖေဖေ၊ မေမေဟုခေါ်ကာ နှုတ်ဆက်တော့သည်။

သူတို့ မိဘနှစ်ပါးမှာ အံ့အားသင့်နေ၏။

သူတို့အား နှုတ်ဆက်သူမှာ သူတို့၏ သမီးနှင့် အတန်ငယ်ဆင်၏။

သို့သော် သူတို့ သမီးကား မည်သို့မျှ မဖြစ်နိုင်ပါ။

ကျောက်ပေါက်ရာများ မရှိတော့ဘဲ အသားအရေပင် ဖြူဖွေးနုနယ်နေသည်ဟု ထင်လိုက်ရ၏။



မိန်းကလေးက ငယ်စဉ်အကြောင်း အချို့အဝက် ပြောပြတော့မှ မယုံတစ်ယုံနှင့် လက်ခံလိုက်ကြရသည်။ မိန်းကလေးကို မေးကြည့်ရာ သူမသည် အိပ်နေရင်း အိပ်ရာမှ နိုးသောအခါ ချောင်းကလေးတစ်ခု အနီးရှိ အိမ်တစ်အိမ်ထဲ ရောက်ရှိနေကြောင်း၊ သူမအား အဘိုးအိုတစ်ဦးက ထိုရေသည် ရုပ်ဆိုးသူကို လှပစေသည့်အတွက် သူမအား စမ်းသပ်ရန် ခေါ်လာခြင်းဖြစ်ကြောင်း။ သူမအား ထိုရေဖြင့် မျက်နှာသစ်ခိုင်းကြောင်း။ ခြောက်လမျှ ကြာသောအခါ ကျောက်ပေါက်မာများပျောက်ကင်းသွားပြီး ယခုလို ကြည့်ရှုကောင်းသည့် ရုပ်ရည်ဖြစ်လာကြောင်း ပြန်လည်ပြောပြခဲ့လေ၏။

ထိုမိန်းကလေး အိမ်ပြန်ရောက်ပြီး နှစ်ရက်လောက်အကြာ၌ နယ်တစ်နယ်မှ သူဌေးတစ်ဦးက လာရောက်တောင်းရမ်းကာ လက်ထပ်ထိမ်းမြားပြီး ခေါ်ဆောင်သွားကြောင်း သတင်းပင် ဖြစ်ပါတော့သည်။

ထိုသတင်းမှာ သိုင်းလောကတစ်ခုလုံး ပျံ့နှံ့သွားသည့်သတင်းဖြစ်သည်။

ထိုအခါ မက်မန်းမြစ်ရေသည် ရုတ်ခြည်း ကျော်ကြားလာတော့သည်။

သတင်းထွက်ပြီး မကြာမီပင် အရပ်သူ၊ အရပ်သားများသာမက သိုင်းလောကသားများပါ မက်မန်းမြစ်ကို လိုက်လံရှာဖွေကြတော့သည်။ မက်မန်းမြစ်ကို ရှာဖွေသူများတွင် နင်ပိုမြို့သူ မြို့သားများပင် ပါဝင်လာလေတော့သည်။

ယိဖျောင်းရှမ်းသည် မြို့ထဲဈေးထွက်ဝယ်ရင်း ထိုသတင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့ရသောကြောင့် ကျော့ဖေတို့အား ပြောပြခြင်း ဖြစ်ပေသည်။

ကျော့ဖေသည် အတော်ကြာ စဉ်းစားပြီးမှ သက်ပြင်းချကာ ပြော သည်။

"ဒီကိစ္စက တွေးပေတာစရာပဲ .... အားလုံး ဒီမက်မန်းမြစ် အာရုံရောက်နေရင် တခြားမှာ ဘာဖြစ်လာမလဲ .... အဲဒါကို တွေး မယ် .... "

ယိဖျောင်းရှမ်းက ဖြည့်စွက်၍ ပြောပြသည်။

"ဒီ မက်မန်းမြစ်ပြောဟာ ရုပ်ဆိုးတဲ့လူကို လှပစေတယ်ဆို ကို ဒီသတင်းမပေါ်မီက ကျောက်ချွန်းလင်လည်း တစ်ခါတုန်းက ပြော ခဲ့ဖူးတယ် .... "

ကျော့ဖေက ဖြည်းညင်းစွာ ပြောသည်။

"ဒါတွေဟာ ထကယ်တော့ ရှေးတုန်းက ပြောခဲ့တဲ့ စိတ် ယဉ် ဒဏ္ဍာရီတွေပါ .... ရုပ်ဆိုးတဲ့လူဟာ ဒီမြစ်ရေကို မျက်နှာသစ် လှပလာမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား .... တစ်ခုတော့ ရှိတယ် အဲဒီနယ်တစ်ဝိုက်ဟာ မိန်းမလှတွေပေါတာတော့ အမှန်ပဲ .... "

ယိဖျောင်းရှမ်းက ....

"ဒါပေမယ့် အခု အဲဒီမိန်းကလေးက ရုပ်ဆိုးရာကနေ လှလာ တယ်ဆိုတာကတော့ အမှန်ပဲ .... ဒါကိုကော ဘယ်လိုပြောကြ မဟုတ်ရင်တော့ ဒီသတင်းဟာ ကျော်လာမှာ မဟုတ်ပါဘူး ....

ကျော့ဖေက စဉ်းစားနေ၏။ သူ့ထံမှ ထွက်ပေါ်လာမည့် ကို ယိဖျောင်းရှမ်းနှင့်တကွ အားလုံးပင် နားစိုက်ထောင်မိကြ

"ဖြစ်နိုင်တာ တစ်ခုပဲရှိတယ် .... "



ယိဖျောင်းရှမ်းက ....

"ဘာများလဲ ဘဘရယ် .... "

"ဒီမိန်းကလေးဟာ ခြောက်လလောက် ပျောက်သွားတယ် မဟုတ်လား .... "

"ဟုတ်ပါတယ် .... "

"ဒါဆိုရင် အခုရောက်လာတဲ့ မိန်းကလေးဟာ သူ မဟုတ်နိုင် တော့ဘူး .... "

အားလုံးပင် တအံ့တဩ ဖြစ်ကုန်သည်။

"ဘယ်လိုပြောလိုက်တာလဲ .... "

ကျော့ဖေက ပြုံးလျက် ....

"အခုလာတဲ့ မိန်းကလေးဟာ ပျောက်သွားတဲ့ မိန်းကလေး မဟုတ်နိုင်ဘူး .... လူချင်းလဲပြီး ရောက်လာတာပဲ ဖြစ်ရမယ် .... ဒဏ္ဍာရီဆန်တဲ့ စကားမျိုးကိုတော့ ကျုပ်က လုံးဝကို လက်မခံဘူး"

ယန့်ကျင်ကန့်က ဝင်မေး၏။

"ဘဘက ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ .... "

"မင်းတို့ စဉ်းစားကြည့်ပါ .... ဒီမိန်းကလေး ပြန်လာပြီး နှစ် ရက်လောက်ကြာတော့ လာတောင်းရမ်းလို့ လက်ထပ်ပြီး ခင်ပွန်း နောက်ထည့်ပေးလိုက်ရတယ် .... ဒါဟာ ဝိုပြီး မသင်္ကာစရာကောင်း တဲ့ အချက်ပဲ .... သူတို့ဟာ ဒီမိန်းကလေးကို ကြာကြာဆက်ထားရင် အလိမ်ပေါ်သွားမှာစိုးလို့ပဲ ဖြစ်ရမယ် .... "

ယိဖျောင်းရှမ်းက ....

"သူတို့ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလူချင်းလဲရတာလဲ .... "

www.burmeseclassic.com

www.burmeseclassic.com



ကျွဲဖေက မဆိုင်းမတွေဖြေသည်။

"လူအားလုံးဟာ မက်မန်းမြစ်ရေကို မျက်နှာသစ်ရင် ရုပ်ဆိုးတဲ့ လူ လှပသွားစေတယ်ဆိုတဲ့စကားကို ယုံကြည်စေချင်လို့ပဲပေါ့"

ယန်လီကျူက စောဒကတက်ပြန်၏။

"အဲဒီလို ယုံကြည်တော့ သူတို့ ဘာအကျိုးရှိမလဲ ...."

"ဒီအထိတော့ ငါလည်း ဘယ်သိမလဲ .... ဒါပေမယ့် ဒီလိုလု တဲ့ လူတွေဟာ အကြံအစည်တစ်ခုတော့ ရှိနေတာ သေချာတယ်"

ယန်ကျုင်ကန်က ....

"ဒါဖြင့် ကျွန်တော်တို့ ဒီကိစ္စကို ဝင်စုံစမ်းသင့်တာပေါ့ .... သ သဘောတူတယ် မဟုတ်လား ...."

"ဘာဖြစ်လို့ မသင့်ရမှာလဲ .... အခု မင်းတို့ ထပ်ပြီး သင့်တဲ့ ပညာတွေကို လက်တွေ့စမ်းသပ်ရဦးမယ် .... ဒီကိစ္စအတွက် မင်း အနေနဲ့ ဦးလေးတွေဆီမှာ ခွင့်တောင်းကြပေတော့ .... ငါတို့ ဒီ ကြော ခရီးထွက်ကြရလိမ့်ဦးမယ် ...."

ထို့နောက် ခရီးထွက်စုံစမ်းကြရန် အားလုံးကပင် သဘော လက်ခံကြလေတော့၏။



အခန်း(၆၈)

## ခရီးကြမ်းတစ်ခေါက်

ယန်ချင်ထန်သည် အိမ်စောင့်အဖြစ် ချန်နေရစ်သဖြင့် ကျွဲဖေ၊ င်ဝေါင်း၊ ယီထင်းဟောင်၊ ယီဖျောင်းရှမ်းနှင့် ယန်မောင်နမတို့ အုပ်စု ာ နင်ပိုမြို့မှ ထွက်ခွာခဲ့ကြရသည်။

သူတို့က ယခုတစ်ခေါက် ခရီးထွက်ရာ၌ ပျော်ပွဲစားထွက်သည် ှင့်ပင် တူနေသည်။

ရထားရော မော်တော်ကားများကိုကား တစ်လမ်းလုံး မပျင်းမရိ ပြောင်း သာခဲ့ကြ၏။ ညှပ်ဆိုထွက်လာပြီး ရက်သတ္တနှစ်ပတ်ကျော်သောအခါ တောရှုရှုအုပ်အုပ်ကလေး တစ်ခုဆီသို့ ရောက်လာခဲ့လေ၏။

ကျွဲဖေက ....

"တို့ မိုးမချုပ်ခင် အိပ်စရာနေရာ ရှာမှဖြစ်မယ် ...."

စင်ဝေါင်း ရှေ့သို့ညွှန်ပြရင်း ....

"သစ်တောအုပ်ထဲ ဝင်ကြည့်ကြတာပေါ့ ဆရာ ...."

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .... ဒါပဲရှိတော့တာပဲ .... "

သူတို့အားလုံး သစ်တောအုပ်ကလေးဆီသို့ ဝင်လာခဲ့ကြလေ၏။

သစ်တောအုပ်ထဲဝင်လိုက်သောအခါ ရှေ့ဘက်၌ အဆောက်အဦတစ်ခုကို တွေ့လိုက်ရသည်။

ထိုအဆောက်အဦမှာ နတ်ကွန်းပျက်(သို့မဟုတ်) ဇရပ်ပျက်တစ်ခုနှင့် တူ၏။ သူတို့ သတိနှင့် ချဉ်းကပ်ပြီး လာခဲ့ရာ မည်သူမျှမရှိကြောင်း တွေ့လိုက်ရ၏။ ထိုဇရပ်ပျက်မှာ လေးဘက်လေးတန် အကာအရံများ မရှိသလောက်ဖြစ်နေ၏။ ကျုံဖေက ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ကြည့်ရှုပြီး အစီအစဉ်ချ၏။

"တို့ ဒီမှာပဲ စခန်းချကြတာပေါ့ .... ကဲ .... ကဲ .... အိပ်ဖို့ နေရာရှင်းလင်းကြ .... "

အားလုံးက အိပ်ရန်အတွက် သုတ်သင်ရှင်းလင်း လိုက်ကြသည်။

ထို့နောက် အားလုံးလဲလျောင်း အနားယူကြသည်။ သစ်တောအတွင်းဖြစ်၍ ရန်သူမရှိနိုင်ဟု ကျုံဖေ ယူဆသည်။ ထို့ကြောင့် ကင်းလည်း မချတော့ပေ။

ညဉ့်မှာ တဖြည်းဖြည်းနက်လာသည်။

အားလုံး ပင်ပန်းနွမ်းနယ်လာကြသဖြင့် နှစ်ခြိုက်စွာပင် အိပ်ပျော်သွားကြသည်။ ကျုံဖေကိုယ်တိုင်ပင် အိပ်မောကျသွားသည်။

ညဉ့်သုံးနာရီလောက်၌ ယိထင်းဟောင်မှာ အသံတစ်သံကြောင့် လန့်နိုးလာ၏။ သူက မထပါ။ လှုပ်ရှားခြင်းလည်း မပြုပါ။



သို့သော် မသိမသာ ကျုံဖေ၏ ခန္ဓာကိုယ်အား တစ်ချက်လှုပ်နှိုးလိုက်၏။

ကျုံဖေမှာ မျက်လုံးပွင့်လာသောအခါမှ ယိထင်းဟောင်က တီးတိုးပြောသည်။

"အသံကြားတယ် .... ဘာသံလဲ မသိဘူး .... နားထောင်ကြည့်ပါ .... "

ကျုံဖေက မျက်လုံးပြန်မှိတ်လိုက်ပြီး အသံကိုနားစွင့်လိုက်၏။

အသံမှာ ဝေဒနာသည်တစ်ယောက်၏ ညည်းညူသံမျိုး ဖြစ်သည်။

ကျုံဖေမှာ မျက်မှောင်ကုတ်သွား၏။

လူသူမရှိသော ဤနေရာ ဤဒေသ၌ မည်သူရှိနေပါသနည်း။

ထိုသူသည် ရန်သူလော။

ထိုအခိုက် အမွှေးနံ့တစ်ခုပါ ခံစားလိုက်ရ၏။

ယိထင်းဟောင် မျက်လုံးပြူးသွား၏။

"ဒါ .... အဆိပ်ငွေ့ပဲ .... အသက်မရှူနဲ့ .... အောင့်ထား"

သို့သော် ကျုံဖေမှာ သူ့ထက်ပို၍ လျင်မြန်စွာပင် ထသွားပြီ ၏။ သူက ကျုံဖေနောက်သို့ လိုက်လာခဲ့သည်။

ဇရပ်အပြင်သို့ ရောက်သောအခါ ကျုံဖေနှင့် လူတစ်ယောက် တိုက်နိုက်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

ကျုံဖေနှင့် တခဏချင်း သိုင်းကွက်သုံးကွက်မျှ ယှဉ်ပြိုင်ပြီးသော်လည်း ကျုံဖေမှာ ထိုလူအား ထိအောင်တိုက်နိုက်နိုင်ခြင်း မရှိချေ။

www.burmeseclassic.com



ကျုံ့ဖေက ဓားကိုဆွဲထုတ်လိုက်ပြီး တိုက်ခိုက်လိုက်၏။

ထိုလူက ပြန်လည်တိုက်ခိုက်ခြင်းမပြု။

ရှောင်တိမ်း၍သာနေသည်။

သို့သော် နောက်ထပ် သိုင်းကွက်နှစ်ကွက် တိုက်ပြီးသည့်အခါ တွင်မူ ထိုလူမှာ ကျုံ့ဖေအား အထင်သေးသည့်ပုံစံ မရှိတော့ချေ။ ထိုလူသည် အိတ်ထဲမှ တစ်စုံတစ်ခုထုတ်ကာ မြေပေါ်သို့ ပေါက်ချလိုက်၏။

"ဝုန်း ...."

မီးခိုးငွေ့များ အူထွက်လာ၏။

ကျုံ့ဖေနှင့် ယိထင်းဟောင်မှာ ထိတ်လန့်သွားပြီး နောက်သို့ ဆုတ်လိုက်ရလေသည်။ မီးခိုးမှာ အတန်ကြာမှ လွင့်ပြယ်သွား၏။

မီးခိုးပြယ်သွားသောအခါ ထိုလူအား မတွေ့ရတော့ပါချေ။ သူတို့နှစ်ယောက် စိတ်ပျက်လက်ပျက်ဖြင့် ဇရပ်ပျက်ထဲသို့ ပြန်ဝင်လာခဲ့ကြ၏။

ယိဖျောင်းရှမ်းတို့ လူငယ်လေးယောက်မှာ အိပ်နေဆဲပင်။

ယိထင်းဟောင်က လှုပ်နှိုးလိုက်၏။

သို့သော် မည်သူမျှ မနိုးချေ။

ကျုံ့ဖေက ပြုံးလိုက်ပြီး ....

"ဒီလိုနှိုးလို့တော့ နိုးဖို့မလွယ်ဘူး .... "

"ဘာဖြစ်လို့လဲဗျ .... "

"သူတို့က အိပ်ငွေ့မိသွားပြီလေ .... ရေသာယူခဲ့ပါ .... "

ယိထင်းဟောင်က ကြံရာမရဖြစ်သွား၏။

"ဒီနားမှာ ရေဘယ်မှာမှ မတွေ့မိဘူး .... "



"ဟား .... ဟား .... ဟား .... ရေကို ဝေးဝေးမှာ သွားရှာဖို့ မလိုပါဘူး .... ခါးမှာ ချိတ်ထားတဲ့ ရေဘူးထဲက ရေပဲပေးပါ .... "

ယိထင်းဟောင်က ကြံရာမရ ဖြစ်သွား၏။

"ဒီနားမှာ ရေဘယ်မှာမှ မတွေ့မိဘူး .... "

"ဟား .... ဟား .... ဟား .... ရေကို ဝေးဝေးမှာ သွားရှာဖို့ မလိုပါဘူး .... ခါးမှာချိတ်ထားတဲ့ ရေဘူးထဲက ရေပဲပေးပါ .... "

ယိထင်းဟောင်မှာ သူ၏နဖူးသို့ သူ့လက်ဝါးဖြင့် ရိုက်လိုက်ကာ

"ဩော် .... ဟုတ်သားပဲ .... မေ့တတ်လိုက်တာဗျာ .... "

သူသည် ရေဘူးကို ထုတ်ပေးလိုက်၏။

ကျုံ့ဖေက ပဝါတွင် ရေစွတ်ကာ တစ်ယောက်စီ တစ်ယောက်စီ မျက်နှာကို အုပ်ပေးလိုက်၏။

မကြာမီ ....

တစ်ယောက်ပြီးတစ်ယောက် နိုးလာကြသည်။

စင်ဝေါင်းက အိပ်ချင်မူးတူးနှင့် ....

"ဆရာ .... မိုးလင်းသွားပြီလား .... "

ကျုံ့ဖေက ....

"မဟုတ်ဘူး ရန်သူလာလို့ .... "

"ဘယ်မှာလဲ ရန်သူ .... တိုက်ကြမယ် .... "

ယန်လီကျူးက ခုန်ထပြီး ပြောသည်။

ယိထင်းဟောင်သည် လူငယ်များ၏ စကားကြောင့် ဟက်ဟက်ပက်ပက် ရယ်မိလေတော့၏။

"အေး .... အခုမှ ရန်သူ ဘယ်မှာလဲ .... ဘာလဲ မေးမနေနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



သတိဝီရိယမရှိဘဲ ဒီလိုသာဆက်နေရင် မင်းတို့အားလုံး သေကုန်မှာ သေချာတယ် ....”

အားလုံးသော လူငယ်လေးယောက်မှာ ခေါင်းငုံ့သွားလေ၏။

ယိထင်းဟောင်က ဆက်ပြောပြန်၏။

“စောစောကလာတဲ့ ရန်သူဟာ မင်းတို့ထက်သာတယ် — နောင်ကြီးကျူံဖေရဲ့ သိုင်းကွက်ငါးကွက်လောက်ကို ရှောင်တိမ်းနိုင်ခဲ့တယ် ....”

လူငယ်များမှာ ထိုစကားကြောင့် မခံချင်စိတ်များ ဖြစ်ပေါ်လာ၏။ ဘာမျှတော့ ပြန်မပြောနိုင်။ ယိထင်းဟောင်က ဆက်၍ ဆုံးမသတိပေးပြန်၏။

“မင်းတို့ နောက်ကို ဘယ်တော့မဆို သတိမပြတ်ရှိနေပါစေ”

ကျူံဖေက ....

“ကဲ .... ကဲ .... တို့တစ်တွေ ဆက်အိပ်လို့လည်း အချိန်သိပ်မရှိတော့ပါဘူး .... ထိုင်စကားပြောနေကြတာပေါ့ ....”

ယိထင်းဟောင်က ပြန်မေး၏။

“နောင်ကြီး ကျူံဖေ .... ရန်သူကို မရှာတော့ဘူးလား”

ကျူံဖေက ....

“ဒီနယ်မြေဟာ ကျုပ်တို့ ကျွမ်းကျင်တဲ့နယ်မြေ မဟုတ်ဘူး ဒီတော့ မနက်ကျမှပဲ ရန်သူအရိပ်အခြည် ကြည့်ကြတာပေါ့ ....”

မှန်ပါသည်။ သစ်တောထဲ၌ ရန်သူ့ခြေရာ ရှာရန်မှာ ခက်ခဲလှသည်။



ထို့နောက် အားလုံး မအိပ်တော့ဘဲ ထွေရာလေးပါး ပြောဆိုနေလိုက်ကြသည်။

ဤသို့ဖြင့် မိုးလင်းသွားလေ၏။

အရုဏ်ဦးအလင်းရောင် ပေါ်လာသည်နှင့် ကျူံဖေတို့လူစု လှုပ်ရှားလာကြသည်။

ပထမဆုံးဇရပ်ပျက်၏ လေးဘက်လေးတန် ပတ်ဝန်းကျင်အနှံ့ ရန်သူကို ရှာဖွေကြသည်။

သို့သော် ရန်သူ၏ အရိပ်ယောင်မျှပင် မတွေ့ရချေ။ သဲလွန်စ လည်း မတွေ့ချေ။ ထို့ကြောင့် သူတို့သည် ရှာဖွေခြင်းကို လက်လျှော့ လိုက်ကြသည်။

“ကဲ .... ခရီးဆက်မယ်ဟေ့ ....”

ကျူံဖေက နှိုးဆော်လိုက်၏။

ထို့နောက် ခရီးဆက်၍ ထွက်ခွာလာခဲ့ကြသည်။

လမ်းခရီး၌ မည်သည့်အနှောင့်အယှက်မျှ မတွေ့ကြရ။

အေးချမ်းစွာ ခရီးဆက်နိုင်ခဲ့ကြသည်။ နောက်ဆုံး မြို့ကလေး တစ်မြို့သို့ ရောက်ရှိလာလေတော့သည်။

မြို့ကလေးမှာ မြို့ဟာဆိုရသည်။ ရွာကြီးတစ်ရွာခန့်သာရှိပေသည်။

အိမ်ခြေသုံးရာကျော်မျှသာရှိသဖြင့် မကြာမီ ရွာအဖြစ်သို့ သက်ဆင်းကြွေလျော့ ရပေတော့မည်။

မြို့ထဲသို့ဝင်ပြီး မကြာမီပင် ကျူံဖေမှာ မျက်မှောင်ကုတ်သွားရလေတော့၏။ အဘယ်ကြောင့်ဆိုသော် ....

www.burmeseclassic.com

www.burmeseclassic.com



မြို့ကလေးထဲရှိ အိမ်တိုင်းလိုလိုပင် အိမ်အဝ၌ မကောင်းဆိုးဝါးနှင်သော အင်းကွက်များ ကပ်ထားသည်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

"ဒီမြို့ကလေးမှာ ထူးထူးဆန်းဆန်း တစ်ခုခုတော့ ဖြစ်နေပြီ ဟေ့ .... "

ကျူးဖေ၏စကားကို လူတိုင်း နားလည်သဘောပေါက်ကြ၏။ သူတို့အားလုံးသည်လည်း ကျူးဖေကဲ့သို့ပင် ထိုအင်းကွက်များ တွေ့ရှိခဲ့ကြပြီ မဟုတ်ပါလော။

ယန်ကျင်ကန်သည် ရွာနေဖြစ်ဟန်တူသော လူတစ်ဦးကိုရပ်ပြီး မေးမြန်းစုံစမ်းလိုက်လေ၏။

"မိတ်ဆွေ .... မိတ်ဆွေက ဒီမြို့ကလား .... "

ထိုလူက သိမ်မွေ့စွာပင် ပြန်ဖြေ၏။

"ဟုတ်ပါတယ် .... "

"ဒါဆိုရင် ဒီမြို့ထဲက အိမ်တွေမှာ မကောင်းဆိုးဝါးနှင်တဲ့ အင်းကွက်တွေ ကပ်ထားတာ တွေ့တယ် .... ဘာလဲ .... ဒီမြို့ကလေးထဲမှာ မကောင်းဆိုးဝါးတွေ သောင်းကျန်းနေလို့လား ခင်ဗျာ .... "

ထိုလူက ခေါင်းခါယမ်းလိုက်ပြီး ....

"မဟုတ်ပါဘူး .... "

ယန်လီကျူးက ဝင်မေး၏။

"ဒါဆို ဘာကြောင့် ကပ်ထားတာလဲ .... သိချင်လို့ မေးတာ စိတ်မရှိပါနဲ့နော် .... "

"ကိစ္စမရှိပါဘူး .... ဒီလိုပါ .... ဒီမြို့ကလေးမှာ တစ်ပတ်အတွင်း



မိန်းကလေးငါးယောက် ထူးထူးဆန်းဆန်း ပျောက်သွားလို့ .... လူတွေ ထိတ်လန့်ပြီး အင်းတွေကပ်ထားကြတာပါ .... "

ယိဖျောင်းရှမ်း တအံ့တဩ လေသံဖြင့် ....

"မိန်းကလေးတွေ ပျောက်သွားတယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ တာဝန်ရှိတဲ့အာဏာပိုင်တွေကလည်း ရှာဖွေနေကြတာပါပဲ၊ ဒါပေမယ့် ဘယ်လိုမှ မတွေ့ဘူး"

ကျူးဖေက ဝင်မေးလိုက်၏။

"အဲဒီမိန်းကလေးတွေ ဘယ်လိုပျောက်တာလဲ"

ထိုလူသည် စိတ်သဘောကောင်းဟန်ရှိ၏။ ကျူးဖေ မေးသည်ကို စိတ်ရှည်ရှည်ပင် ရှင်းပြသည်။

"မိန်းကလေးတွေက ညဘက်မှာ ပျောက်တာပါ၊ အဲဒါ ဘယ်လိုမှ စုံစမ်းမရတာနဲ့ မကောင်းဆိုးဝါးနှင်တဲ့ အင်းကွက်တွေ ကပ်ထားရတာပါပဲ၊ လူတွေလည်း ဒါပဲတတ်နိုင်တော့တယ်လေ .... ကဲ .... ခင်ဗျားတို့ သိချင်တာ ဒါပဲမဟုတ်လား၊ ကျုပ်သွားတော့မယ်"

ထိုလူသည် နှုတ်ဆက်ပြီး ထွက်ခွာသွား၏။

မိန်းကလေးများအား နိုးယူနေသူတစ်ဦးရှိနေပြီဖြစ်ကြောင်း အားလုံး နားလည်လိုက်ကြလေပြီ။

သူတို့အားလုံး တည်းခိုခန်းရှိရာသို့ လာခဲ့ကြသည်။

နောက်တစ်နေ့နံနက် သူတို့အားလုံး အိပ်ရာမှထသောအခါ မြို့ကလေးထဲ၌ နောက်ထပ် မိန်းကလေးတစ်ဦး ထပ်ပျောက်သည်ဆိုသော သတင်းကို ကြားလိုက်ရပြန်လေ၏။

"ကဲ .... ဒီတစ်ခါတော့ ငါတို့ဝင်မှ ဖြစ်တော့မယ်၊ ဒီကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



တို့စုံစမ်းမယ်၊ သတိဝီရိယထားပြီး စုံစမ်းကြပေတော့၊ တစ်ခုတော့ရှိတယ်၊ မိန်းကလေးတွေ ပျောက်တာဟာ ညပိုင်းချည်းမို့ ငါတို့ လုပ်ရှားမှုကို ညဘက်မှာပဲ စတင်ကြရမယ်"

လူငယ်များကား လွန်စွာ ကျေနပ်သွားကြ၏။ လူငယ်သဘာဝကား စွန့်စားချင်စိတ်ရှိကြသည် မဟုတ်ပါလား။

ညဦးနက်လာသောအခါ မြို့ကလေးသည် အိပ်မောကျသကဲ့သို့ ငြိမ်သက်သွားလေတော့၏။ ထိုအချိန်၌ ကျုံဖေနှင့် ယိဖျောင်းရှမ်းတို့သည် တည်းခိုခန်းမှ ထွက်လာပြီးနောက် အိမ်ခေါင်မိုးများပေါ်မှတစ်ဆင့် ရန်သူကို လိုက်လံရှာဖွေကြတော့သည်။

ထိုစဉ် မြို့စွန်ဘုံကျောင်းပျက်အတွင်းမှ လူလေးယောက်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။ ထိုလူများမှာ အနက်ရောင်ဝတ်စုံဆင်တူ ဝတ်ဆင်ထားကြလေသည်။ ယိဖျောင်းရှမ်းက ထိုလူများထံ ခုန်ချရန် ဟန်ပြင်လိုက်၏။

"ရှူး .... မလုပ်နဲ့ စောင့်ကြည့်"

သူမ မခုန်ချဖြစ်တော့ပါ။

ကျုံဖေက တီးတိုးဆက်ပြော၏။

"မလောနဲ့ .... ဒီလူတွေဟာ မြို့ထဲကိုဝင်ပြီး မိန်းကလေးတွေ ခိုးတဲ့လူတွေ ဖြစ်ချင်ဖြစ်မယ် .... ဆက်စပ်သူတွေ ဖြစ်ချင်ဖြစ်မယ် အခုနေ ဝင်တိုက်ခိုက်လို့ အကျိုးမရှိဘူး၊ ပြန်လာတဲ့အထိ စောင့်ကြည့်ကြမယ်၊ သူတို့ဂိုဏ်း ဘယ်မှာရှိတယ်ဆိုတာ နောက်ယောင်ခံကြည့်မယ်"

ယိဖျောင်းရှမ်းက ခေါင်းညိတ်လိုက်၏။



ထို့နောက် ခေါင်မိုးပေါ်၌ လဲလျောင်းရင်း စောင့်နေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

အရုဏ်းမောင်းသံ နှစ်ချက်ပေါ်ထွက်လာသည့်တိုင် ထိုအနက်ရောင်လူများ ပြန်လာခြင်း မရှိကြချေ။

ယိဖျောင်းရှမ်း စိုးရိမ်လာသည်။

"ဘာဘာ .... ဒီလူတွေက ဒီလမ်းက ပြန်မလာဘဲနဲ့ တခြားလမ်းက လှည့်သွားရင် ဘယ်လိုလုပ်မလဲ .... "

ကျုံဖေက ပြုံး၍ လေသံနှင့်ပြောလိုက်၏။

"စိတ်ရှည်ရှည် ထားစမ်းပါ .... ဟော .... ဟော .... ဟိုမှာလာနေပြီ .... "

ယိဖျောင်းရှမ်း ကမန်းကတန်း ကြည့်လိုက်၏။

စောစောက အနက်ရောင်ဝတ်စုံနှင့်လူလေးယောက် ပြန်လာနေသည်ကို တွေ့လိုက်ရသည်။ သို့သော် .... ထိုလူများသည် လူနှစ်ယောက်လျှင် အိတ်တစ်ခုစီ ထမ်းလာသည်ကိုပါ တွေ့မြင်လိုက်ရလေ၏။

ထိုအိတ်နှစ်အိတ်၏ ပုံသဏ္ဌာန်မှာ လူများကို ထည့်ထားသည်နှင့် တူ၏။

ယိဖျောင်းရှမ်းမှာ ကြည့်ရင်း သွေးဆူလာ၏။ တိုက်ခိုက်ရန်လက်တပြင်ပြင် ဖြစ်လာသည်။

"အရမ်းမထွက်နဲ့ .... ငါပြောသလို လုပ်"

ယိဖျောင်းရှမ်း အခြေအနေကိုသိသော ကျုံဖေက အပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။ ထိုစဉ် အနက်ရောင်ဝတ်စုံနှင့် လူလေးယောက်မှာ ဘုံကျောင်းပျက်နားသို့ ရောက်လာလေသည်။

ထိုအခါ ဘုံကျောင်းပျက်ထဲမှ နောက်ထပ်လူနှစ်ယောက်ထွက်လာသည်ကို တွေ့လိုက်ရပြန်၏။ ထိုလူခြောက်ယောက်မှာ ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ပြီးနောက် မြို့ပြင်လမ်းအတိုင်း ထွက်သွားကြတော့သည်။

ကျုံဖေက ....

"ကဲ .... လာ သူတို့နောက်ကို လိုက်မယ်"

ယိဖျောင်းရှမ်းမှာလည်း ကျုံဖေ၏နောက်မှကပ်ကာ လိုက်သွားရတော့သည်။ သူတို့ တဖြည်းဖြည်းနှင့် လိုက်သွားရာ မကြာမီ မြစ်ဆိပ်သို့ ရောက်ရှိလာလေ၏။

ကျုံဖေက မျက်မှောင်ကုတ်ပြီး ပြော၏။

"ဒီလူတွေက လှေနဲ့လာတာပဲ၊ တို့လိုက်ဖို့ မလွယ်တော့ဘူး သူတို့လှေပေါ် မရောက်ခင် တိုက်မှဖြစ်မယ်"

ထိုစဉ် ရေလယ်မှ လှေတစ်စင်းသည် မြစ်ဆိပ်သို့ အလျှင်အမြန် လှော်ခတ်လာနေသည်ကို တွေ့လိုက်ရလေ၏။

"ကဲ .... ငါ ဟိုခြောက်ယောက်ကို သွားပြီးရှင်းမယ်၊ မင်းက ဟိုက လာနေတဲ့လှေကို ရအောင်လုထားလိုက်၊ အဲဒီလှေဟာ ဒီလူခြောက်ယောက်ကို လာကြိုတဲ့လှေပဲ ဖြစ်လိမ့်မယ်"

ကျုံဖေသည် လှစ်ခနဲ ပြေးထွက်သွား၏။ ယိဖျောင်းရှမ်းကလည်း အမှောင်ထုကို အကာအကွယ်ယူကာ မြစ်ဆိပ်ဆီသို့ ဆင်းသွားသည်။



လှေကလေးမှာလည်း တဖြည်းဖြည်း နီးကပ်လာနေလေပြီ။ လှေပေါ်၌ စုစုပေါင်း လူသုံးယောက်သာ ပါသည်။ တစ်ယောက်က လှေကို လှော်ခတ်လာခြင်း ဖြစ်သည်။

လှေပေါ်မှ လေချွန်သံက မြတ်တောင်း မြတ်တောင်းနှင့် ထွက်လာ၏။

ကုန်းပေါ်ရှိ လူခြောက်ယောက်ထဲမှလည်း ပြန်လည်၍ လေချွန်ပြီး အချက်ပေးသံ ထွက်ပေါ်လာသည်။

မကြာမီ .... လှေကလေးသည် ကမ်းသို့ ဆိုက်လာပြီး လူနှစ်ယောက် ကမ်းပေါ်သို့ ခုန်တက်လာ၏။

"ဝုန်း .... "

သို့သော် ထိုလူနှစ်ယောက်မှာ ကုန်းပေါ်သို့ရောက်သည်နှင့် ဝုန်းခနဲ လဲကျသွားကြတော့သည်။

ယိဖျောင်းရှမ်းက လက်နက်ပုန်းနှင့် ချောင်းမြောင်းတိုက်ခိုက်လိုက်သောကြောင့်ပင်တည်း။

လမ်းပေါ်မှ လူခြောက်ယောက်မှာ သူတို့လူနှစ်ယောက်အဖြစ်အပျက်ကြောင့် အံ့အားသင့်သွားကြ၏။

ထိုစဉ်မှာပင် ကျုံဖေက လူအုပ်အတွင်းဝင်ကာ တရကြမ်းတိုက်ခိုက်လေတော့ရာ လူနှစ်ယောက်မှာ ကျုံဖေ၏ သွေးကြောပိတ်မှုကို ခံရပြီး မြေပေါ်လဲကျသွားသည်။

ကျန် လေးယောက်မှာ သူတို့ ထမ်းလာသည့်အထုပ်များကို ပစ်ချပြီး ကျုံဖေအား ဝိုင်းဝန်း တိုက်ခိုက်ကြတော့သည်။

သို့သော် ....

www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးယောက်မှာ ကျုံဖေ၏ပြိုင်ဘက်မဟုတ်ပါ။

ခဏချင်းပင် လဲကျသွားကြတော့သည်။

ကျုံဖေက အိတ်ကို ဖွင့်ကြည့်လိုက်သည်။

အိတ်နှစ်အိတ်ထဲ၌ မိန်းကလေးနှစ်ယောက် ရှိနေသည်ကို တွေ့ကြရသည်။

မိန်းကလေးများမှာ အိပ်ဆေးမိထားပုံရသည်။

ယခုထိ အိပ်မောကျနေဆဲပင် ရှိသေးသည်။

ကျုံဖေက ဒေါသဖြင့် အော်ဟေါက်လိုက်လေ၏။

"ပြောစမ်း၊ ဒီမိန်းကလေးတွေကို မင်းတို့ အိပ်ဆေးချပြီး ဖမ်းလာတာ မဟုတ်လား"

ဒဏ်ရာရနေသော လူခြောက်ယောက်စလုံးက ခေါင်းညိတ်ဝန်ခံကြသည်။

ကျုံဖေက တစ်ယောက်ချင်းကို စေ့စေ့ကြည့်ပြီး မေးပြန်သည်။

"မင်းတို့ ဘယ်ဂိုဏ်းကလဲ .... မင်းတို့ဂိုဏ်းက ဘယ်မှာစခန်းချသလဲ .... "

ထိုစဉ် ယိဖျောင်းရှမ်းမှာ ကျုံဖေ၏အနားသို့ရောက်ရှိလာ၏။

"ကျုပ်တို့ဌာနချုပ် ဘယ်မှာရှိတယ်ဆိုတာ မပြောနိုင်ဘူး၊ သတ်ချင် သတ်ပစ် .... "

ဝတ်စုံနက်နှင့်လူက ခပ်မာမာပင် ဖြေ၏။

ယိဖျောင်းရှမ်းသည် ထိုစကားကြားသောအခါ ဓားကို ဆွဲထုတ်လိုက်၏။

"ရှမ်း .... "



ကျုံဖေက အာအယာပင် လက်ကာ ဟန့်တားထားလိုက်သည်။

"နေပါစေ၊ သူတို့ကို ငါရအောင် မေးနိုင်ပါတယ်၊ မင်းက တည်းခိုခန်းကိုပြန်၊ အားလုံးကိုခေါ်လာခဲ့"

ယိဖျောင်းရှမ်းက ထိုအနက်ရောင်လူခြောက်ယောက်အား တစ်ချက်ကြည့်ပြီးနောက် မြို့ဘက်သို့ ပြေးထွက်သွားလေတော့သည်။

ကျုံဖေက အေးအေးဆေးဆေးပင် ထပ်၍ မေးမြန်းလေ၏။

"မင်းတို့ဌာနချုပ်က ဘယ်မှာလဲ"

အနက်ရောင်ဝတ်စုံဝတ်လူများသည် လုံးဝ ရေငုံနှုတ်ပိတ်လုပ်နေကြလေ၏။

ကျုံဖေက ခြိမ်းခြောက်သောလေသံဖြင့် ....

"အင်း .... မင်းတို့မပြောဘဲ နေနိုင်ကြမလား၊ ငါ့မှာ မပြောပြောအောင် လုပ်တဲ့နည်းတွေ အများကြီးရှိတယ် .... အဲဒီအခါကျမှ မင်းတို့နောင်တမရကြနဲ့"

အနက်ရောင်ဝတ်စုံနှင့်လူခြောက်ယောက်က အရေးပင်မစိုက်ချေ။

ကျုံဖေ၏ နှိပ်စက်မည့်အစီအစဉ်ကို ကြောက်၍ ဟန်မပြကြချေ။

ကျုံဖေက သက်ပြင်းတစ်ချက်ချလိုက်ပြီး သူ၏အိတ်ထဲမှ အပ်ကလေး ခြောက်ချောင်းကို ဆွဲထုတ်ကာ လျှပ်တစ်ပြက် ထိုလူခြောက်ယောက်၏ သွေးကြောကို စိုက်ချလိုက်သည်။

ထိုလူခြောက်ယောက်မှာ အပ်စိုက်ခံရပြီးနောက် ထူးဆန်းသော အရသာကို ခံစားလိုက်ကြရသည်။

သူတို့၏တစ်ကိုယ်လုံးမှာ ထုံကျဉ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ထုံကျဉ်နေရာမှ တစ်စထက်တစ်စ ယားယံလာသည်။

ကြာသော် ယားယံလွန်းသဖြင့် မြေပေါ်၌ လူးလိမ့်နေကြရလေတော့သည်။

"ဘယ်လိုလဲ .... မင်းတို့လည်း သိုင်းလောကသားတွေပဲ — သိုင်းလောကမှာ စစ်မေးနည်းအမျိုးမျိုးရှိပါတယ်ကွာ .... ဒါတွေကို မင်းတို့သိထားလျက်နဲ့ ခေါင်းမာချင်တာကတော့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးတာနဲ့အတူတူပါပဲ .... "

ထိုလူခြောက်ယောက်မှာ ယားယံမှုဝေဒနာကို မခံမရပ်နိုင် ခံစားနေကြရသည်။ အယားပြေ ကုတ်ဖဲ့ရအောင်လည်း သွေးကြောပိတ်ထားသဖြင့် လက်များကလှုပ်မရ။ ထိုဝေဒနာကို ခံစားရသည်ထက် သေချင်စိတ်က ပိုလာတော့၏။

"အပ် .... အပ်တွေကို ပြန်နုတ်ပေးပါ၊ ကျုပ် .... ကျုပ်တို့ ပြောပါမယ် .... "

ကျိုးဖေက အပ်ကလေးများကို ဆွဲနုတ်လိုက်ပြီး ....

"မင်းတို့ မှန်မှန်ပြော .... ငါ အခု အပ်ဆွဲနုတ်လိုက်ပေမယ့် အဆိပ်ကတော့ မင်းတို့ကိုယ်ထဲ ရောက်သွားပြီ .... "

ထိုလူခြောက်ယောက်မှာ အဆိပ်ဟူသောစကားကြောင့် — မျက်နှာပျက်သွားကြလေ၏။

ကျိုးဖေက ဆက်၍ ခြိမ်းခြောက်ပြန်သည်။

"မင်းတို့ မှန်မှန်ပြောရင် ငါ အဆိပ်ဖြေပေးမယ်၊ ဒါပေမယ့် ဒီဆေးကလည်း ခြောက်နာရီလောက်ပဲ အဆိပ်ကို ထိန်းထားနိုင်မယ်



မင်းတို့က ငါ့ကို မင်းတို့ဝိုက်းကို လိုက်ပို့မှ ငါက အဆိပ်ကုန်ပြန်ဖြေပေးမယ်၊ နားလည်ရဲ့လား"

အားလုံးက ခေါင်းညိတ်လိုက်ကြ၏။

ထိုအခိုက် ယိဖျောင်းရှမ်း၊ ယိထင်းဟောင်၊ ယန်ကျင်ကန်၊ ယန်လီကျူနှင့် စင်ဝေါင်းတို့ ရောက်ရှိလာလေသည်။

ကျိုးဖေက ဝတ်စုံနက်များကို ဆက်လက်မေးမြန်းနေသည်။

"မင်းတို့ ခေါင်းဆောင် ဘယ်သူလဲ"

အနက်ရောင်ဝတ်စုံနှင့်လူက ....

"စန်ထင်ကျက်ပါ .... "

ကျိုးဖေမှာ ထိုအမည်ကိုကြားသောအခါ မျက်မှောင်ကုတ်သွား၏။

စန်ထင်ကျက်ဟူသောအမည်ကို သူ ကြားဖူးခဲ့၏။

ထိုစန်ထင်ကျက်မှာ တစ်ချိန်က ကျော်ကြားခဲ့သော စစ်ဗိုလ်တစ်ဦးဖြစ်၏။

သူ၏ယုတ်မာရက်စက်မှုကို မခံမရပ်နိုင်သော သိုင်းသမားများက စုပေါင်းတိုက်ခိုက်ပြီးနောက် သူ၏သတင်းကို သိုင်းလောက၌ နောက်ထပ် မကြားရတော့ပေ။

ယခုမှ ....

ထပ်ကြားရသောအခါ ကျိုးဖေ အံ့အားသင့်မိ၏။ စန်ထင်ကျက်သည် စားပြဗိုလ် ပြန်၍ဖြစ်နေပြီလား မပြောတတ်ပါချေ။

ကျိုးဖေက သူ့အံ့သြစိတ်ကို ဖုံးကွယ်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"အခု မင်းတို့ မိန်းကလေးတွေကို ဖမ်းတာ ဘာလုပ်ကြမလို့လဲ"

"ဆရာ့ရဲ့အမိန့်ကြောင့်ပါ .... ကျုပ်တို့ သူတို့ဘာလုပ်မှန်း မသိပါဘူး ...."

ကျုံဖေ ဒုတိယအကြိမ် မျက်မှောင်ကုတ်သွားရပြန်သည်။

"စန်ထင်ကျက်ရဲ့ဆရာက ဘယ်သူလဲ"

"မသိပါဘူး၊ တစ်ခါမှလည်း ကျွန်တော်တို့ မမြင်ဖူးပါဘူး၊ အဲဒီဆရာကြီးဆီကိုတော့ ဂိုဏ်းချုပ် စန်ထင်ကျက်က သုံးလတစ်ကြိမ် သွားပါတယ်"

ယိဖျောင်းရှမ်းက ဝင်၍ မှတ်ချက်ချ၏။

"အင်း .... ဒီလူဟာ လျှို့ဝှက်တဲ့လူပဲ၊ ဒီလူဟာ စိတ်ဝင်စားစရာတော့ ကောင်းနေပြီ"

ကျုံဖေက ....

"မင်းတို့ မိန်းကလေးတွေဖမ်းလာတာ စန်ထင်ကျက်ရဲ့ဆရာဆီ ပို့ပေးဖို့ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် .... "

ကျုံဖေက တစ်ခဏမျှ စဉ်းစားလိုက်သည်။ အစီအစဉ်များ ခေါင်းထဲတွင် ရေးဆွဲနေဟန် တူ၏။

"ကောင်းပြီလေ၊ ကဲ .... မင်းက ငါတို့ကို မင်းတို့ဌာနချုပ်ကို သာ ခေါ်သွားပေတော့"

အနက်ရောင်ဝတ်စုံနှင့်လူများမှာ မျက်နှာပျက်သွားကြသည်။



ကမန်းကတန်းပင် အကြောက်အကန် ငြင်းဆိုကြ၏။

"ဒါတော့ ခွင့်လွှတ်ပါခင်ဗျာ၊ မဖြစ်နိုင်လို့ပါ"

ယိဖျောင်းရှမ်းက ဒေါကြီးမောကြီးဟန်ဖြင့် ....

"ရှင်တို့ လမ်းမပြရင်တော့ ရှင်တို့ကို သတ်ပစ်ရမှာပဲ"

အနက်ရောင်ဝတ်စုံနှင့် လူက တုန်တုန်ယင်ယင်ဖြင့် ရှင်းပြသည်။

"ကျုပ်တို့ မပို့ချင်လို့ မဟုတ်ဘူး၊ ခင်ဗျားတို့ကို ခေါ်သွားရင် ခင်ဗျားတို့သေမှာပဲ၊ ခင်ဗျားတို့သေရင် ကျုပ်တို့ကို အဆိပ်ဖြေပေးမယ့်လူ ဘယ်ရှိပါ့မလဲ၊ ဒါကြောင့်မို့ပါ"

ကျုံဖေသည် ဟက်ဟက်ပက်ပက် ရယ်မောမိလေတော့၏။

"ဘာကြောင့် ငါတို့ သေရမှာလဲ"

"ကျုပ်တို့ ဌာနချုပ်ဟာ ရေပေါ်မှာရှိတယ်၊ လှေနဲ့ပဲ သွားလို့ရမယ်၊ ခင်ဗျားတို့ပါလာရင် သူတို့က ဆီးကြိုတိုက်ခိုက်မှာပဲ၊ ဌာနချုပ်မရောက်ခင်တင် ခင်ဗျားတို့ သေမှာအမှန်ပဲ"

ယန်လီကျူက မျက်လုံးဝိုင်းစက်စွာ ဝင်၍ အံ့သြဟန်ပြုသည်။

"ရေပေါ်မှာ ဟုတ်လား၊ ဘယ်လိုပါလိမ့်"

ကျုံဖေ စဉ်းစားမိသွား၏။ ခေါင်းတဆတ်ဆတ် ညိတ်ကာ ....

"ငါ သိပြီ၊ မင်းတို့စခန်းက လှေကြီးတစ်စင်းမဟုတ်လား"

ယန်လီကျူ နားလည်သဘောပေါက်သွားလေ၏။

"အင်း .... ဒါဆိုရင် သူတို့စခန်းကို ဝင်ဖို့မလွယ်တာတော့ အမှန်ပဲ ...."

ယိဖျောင်းရှမ်းက မှတ်ချက်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်စုံနှင့်လူက ....

"ဟုတ်တယ်၊ ကျုပ်တို့စခန်းမရောက်ခင် ကင်းပုန်းတွေရှိတယ်၊ ကျုပ်တို့က သွားလို့လွယ်ပေမယ့် ခင်ဗျားတို့ကျတော့ သွားလို့ မရဘူး၊ မလွယ်ဘူး၊ အများကြီး ဒုက္ခရောက်နိုင်တယ်"

ကျုံဖေက ပြတ်သားသော လေသံဖြင့် ....

"ကိစ္စမရှိပါဘူး၊ ငါတို့ ရအောင် သွားမယ်"

အနက်ရောင်ဝတ်စုံနှင့်လူက ....

"ဘယ်လိုသွားလို့ရမလဲ၊ ကျုပ်တို့က စေတနာနဲ့ပြောနေတာပါ .... "

ကျုံဖေက ထိုလူ၏စကားကို အရေးမစိုက်ပါ။

စင်ဝေါင်းဘက်လှည့်ကာ သူ သိလိုသည်ကိုသာ မေး၏။

"စင်ဝေါင်း မင်း ရေကူးတတ်သလား"

စင်ဝေါင်းက ရယ်မောလိုက်ပြီး ....

"ကျွန်တော်က တင်ပါသည်ဆိုတာ မေ့နေပြီလား ဆရာ — ကျွန်တော့်ကို ရေထဲမှာ မမွေးရုံတမယ်ပါပဲ ခင်ဗျာ"

"အေး .... ငါ မေ့သွားတယ်၊ မင်းက လှေနောက်ကနေခိုပြီး ရေထဲက လိုက်ခဲ့ရမယ်"

ကျုံဖေက အနက်ရောင်လူများဘက်သို့လှည့်ကာ တစ်ဆက်တည်း ပြောချလိုက်ပြန်၏။

"ကဲ .... လှေဆီကိုသွားမယ်၊ လှေပေါ်မှာ ငါတို့ပုန်းပြီးလိုက်မယ်၊ ကင်းပုန်းရှိတဲ့နေရာဆိုရင် ငါ့တပည့်ကို ကြိုပြီးပြော၊ သူ ရေထဲဆင်းပြီး နောက်က လိုက်လိမ့်မယ်"



အနက်ရောင်လူများက ....

"ကျွန်တော်တို့လှေက ဒီလောက်လူအများကြီး တင်သွားလို့ ဘယ်ဖြစ်မလဲ"

ကျုံဖေက ....

"မများဘူး၊ ငါနဲ့ငါ့တပည့်နှစ်ယောက်ပဲ လိုက်ကြမှာ"

ယိဖျောင်းရှမ်းက ....

"ကျွန်မတို့ကော ဘယ်လိုလိုက်ရမလဲ"

"မင်းတို့လည်း မပါလို့ ဘယ်ဖြစ်မလဲ၊ လိုက်ခဲ့ရမှာပေါ့"

"ဘဘတို့နှစ်ယောက်တည်း လိုက်သွားမယ်ဆိုပြီး ကျွန်မတို့က ဘယ်လှေနဲ့ လိုက်ခဲ့ရမှာလဲ"

ကျုံဖေက ....

"မင်းတို့ အဖမ်းခံလာရတဲ့ မိန်းကလေးနှစ်ယောက်ကို မြို့ထဲ ပြန်ပို့ .... ပြီးတော့မှ လှေတစ်စင်းငှားပြီး ငါတို့နောက်က နောက်ယောင်ခံ လိုက်လာခဲ့ .... "

ယိဖျောင်းရှမ်းက သေချာအောင် ထပ်မေး၏။

"ဘဘ ရန်သူတွေ့ရင်ကော"

"ရန်သူတွေ့ရင် လက်မနှေးနဲ့၊ အပြတ်သာရှင်းပစ်၊ ကိုယ်က မရှင်းရင် သူက ကိုယ့်ကို ရှင်းမှာပဲ"

ယိဖျောင်းရှမ်းက ကျုံဖေကို ခေါင်းညိတ်ပြလိုက်ပြီး သူမ၏ စခင်ဘက်သို့လှည့်ကာ အစီအစဉ်ချ၏။

"ဖေဖေက ဒီမိန်းကလေးတွေကို သွားပြန်ပို့ပေးပါလား၊ သမီးက လှေရှာထားနှင့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ယိထင်းဟောင်က ဘာမျှ ပြန်မပြောပါ။

မိန်းကလေးနှစ်ယောက်အားခေါ်ယူကာ မြို့ထဲသို့ ပြန်ပြေးသွားလေ၏။

ယိဖျောင်းရှမ်းနှင့် ယန်ကျင်ကန်တို့မောင်နှမသည် ဆိပ်ကမ်းအတိုင်း လှေတစ်စင်းကို အပြင်းအထန် ရှာဖွေကြလေတော့၏။



အခန်း(၆၉)

## ခေးပြစခန်းကို ပြိုကြခြင်း

ကျုံဖေတို့လှေကလေးမှာ ထွက်ခွာသွားခဲ့လေပြီ။

မကြာမီ ဆိပ်ကမ်းတစ်နေရာမှ ယိဖျောင်းရှမ်းတို့လှေကလေးလည်း ထွက်ခွာလာ၏။

ရေပြင်မှာ မှောင်မည်းနေသည်။

အတန်ကြာလှော်ခတ်ပြီးသောအခါ ကျုံဖေတို့လှေကလေးမှာ ဘယ်ဘက်ကိုကွေ့လိုက်ပြီး ကမ်းခြေဘက်မှ ကပ်၍သွား၏။ တစ်နေရာသို့အရောက်တွင် အနက်ရောင်လူတစ်ဦးက ကျုံဖေအား သတိပေးလိုက်၏။

"ရှေ့မှာ ကင်းပုန်းရှိတယ်၊ ခင်ဗျားတို့ ကြံဖန်ကြပေတော့"

စင်ဝေါင်းသည် ချက်ချင်းပင် ရေထဲသို့ဆင်းလိုက်ပြီး လှေကိုကိုင်ကာ ကွယ်၍လိုက်ပါလာခဲ့လေ၏။

သိပ်မကြာလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ချုံကွယ်အတွင်းမှ မေးမြန်းသံ ထွက်လာ၏။

"မိုးပေါ်က တာရာလားဟေ့"

လှေပေါ်မှ အနက်ရောင်ဝတ်စုံနှင့်လူတစ်ယောက်က ပြန်အော်သည်။

"သစ်သားကင်း"

ကျုံဖေသည် လှေဝမ်းထဲ၌ ပြားနေအောင် ဝပ်၍လိုက်ပါလာခဲ့ပေသည်။

"ကောင်းပြီ ဆက်သွားနိုင်တယ်"

သူတို့လှေငယ်သည် စကားဝှက်အဖြေမှန်ကန်သဖြင့် ရှေ့ဆက်ထွက်ခွင့်ရလိုက်ပေသည်။

ယိဖျောင်းရှမ်းတို့လှေမှာ စောစောက ကင်းပုန်းနေရာသို့ ရောက်လာ၏။ ထိုအခါ ထုံးစံအတိုင်း စကားဝှက်ဖြင့် မေးသည်။

"မိုးပေါ်က တာရာလားဟေ့"

ယိဖျောင်းရှမ်းတို့မှာ ကြောင်သွားသည်။ ဝတ်စုံနက်များသည် သူတို့ဒုက္ခရောက်စေရန် စကားဝှက်အကြောင်း လုံးဝမပြောခဲ့ခြင်း ဖြစ်သည်။ ယခု ယိဖျောင်းရှမ်းတို့ ဒုက္ခရောက်ရပေပြီ။

"မိုးပေါ်က တာရာ .... ရန်သူလား၊ မိတ်ဆွေလား"

ယိဖျောင်းရှမ်းက လက်မနှေးတော့ပါ။ အဖြေ မပေးနိုင်တော့သည့်အတူတူ လက်နက်ပုန်းနှင့် ပစ်ခတ်လေတော့သည်။

"ရန်သူ၊ လက်နက်ပုန်းလာပြီ"

"အား .... အား .... အား"

အော်သံများ ဆူညံစွာ ထွက်ပေါ်လာပြီးနောက် ချုံကွယ်မှ လှေကလေးတစ်စင်း ထွက်ပေါ်လာလေသည်။



လှေကလေးမှာ ချုံကွယ်မှထွက်လာသည်နှင့် ယိဖျောင်းရှမ်းတို့လှေဆီသို့ မြားမိုး ရွာချလေတော့၏။

ယိဖျောင်းရှမ်းသည် လှော်တက်ကိုဇွေ့ယမ်းပြီး လာသမျှမြားတို့ကို ရိုက်ချလွှင့်စဉ်စေသည်။ ထို့နောက် လက်နက်ပုန်းများနှင့် တရကြမ်း ပစ်လွှင့်တိုက်ခိုက်သည်။ ယိထင်းဟောင်၊ ယန် မောင်နှမတို့ကလည်း ကြမ်းကြမ်းတမ်းတမ်းပင် ပစ်ခတ်ကြသည်။

ဓားမြများ ထိတ်လန့်ပြီး လှေပေါ် ဝပ်လိုက်ကြစဉ်မှာပင် ယိဖျောင်းရှမ်းသည် ရန်သူလှေပေါ်သို့ ခုန်တက်လိုက်လေတော့၏။

ထို့နောက် မည်းမည်းမြင်သမျှ ဓားနှင့်တရကြမ်း တိုက်ခိုက်တော့သည်။

ကြမ်းတမ်းသွက်လက်လှသော ယိဖျောင်းရှမ်းအား ခုခံသူမျှ မယှဉ်ဝံ့ချေ။ ဓားပြအချို့ ရေထဲခုန်ချကာ ထွက်ပြေးသွားကြ၏။

ကျန်လူများမှာမူ ယိဖျောင်းရှမ်း၏လက်ချက်ကြောင့် ဒဏ်ရာရသူရ၊ သေဆုံးသူ သေဆုံးဖြစ်ကုန်သည်။

ယိဖျောင်းရှမ်းသည် မိမိလှေထဲ ပြန်ကူးကာ ရှေ့သို့ ဆက်လက်လှော်ခတ်လာခဲ့ကြသည်။

ရန်သူ့ကင်းပုန်းကို သူတို့ ဖြိုဖျက်နိုင်ခဲ့သဖြင့် လွန်စွာ အားတက်သွားကြသည်။

သို့သော် ရှေ့သို့ သိပ်မသွားလိုက်ရပါ။

ရန်သူ့လှေ ငါးစင်း၊ ခြောက်စင်းခန့်သည် ယိဖျောင်းရှမ်းတို့လှေကို ရှေ့မှပိတ်ဆို့ တားဆီးထားလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျုံဖေတို့လှေမှာ အစားအသီးမခံရပါ။

နောက်မှ ယိမ်ဖျောင်းရှမ်းတို့လှေကိုသာ ဓားပြများက အာရုံစိုက်နေကြသည့်အတွက် သူတို့လှေကို စစ်ဆေးမည့်သူ မရှိချေ။

ကျုံဖေက လှေပေါ်၌ မဝပ်တော့ဘဲ ထိုင်လိုက်လာ၏။

သူက စခန်းဘယ်မှာလဲဟု မေးရန် ကြံစဉ်မှာပင် ရှေ့ဘက်မလှမ်းမကမ်း၌ လှေမည်းကြီးတစ်စင်းကို တွေ့လိုက်ရလေတော့သည်။

ဓားပြများက ....

"ကျုပ်တို့ရဲ့စခန်းဟာ ဒီလှေကြီးပါပဲ"

ကျုံဖေက ခေါင်းညိတ်ရင်း လက်က လှမ်းပြသွား၏။

ဓားပြများမှာ သွေးကြောပိတ်ခံလိုက်ရလေသည်။

ကျုံဖေက ....

"မင်းတို့ ခုလို လိုက်ပြတာကို ကျေးဇူးတင်ပါတယ်၊ ကျုပ် မင်းတို့ကို ဘာအဆိပ်မှ မခတ်ပါဘူး၊ သွားယံတဲ့ဆေးပဲ လိမ်းထားတာပါ မကြာခင် ပြန်ကောင်းသွားပါလိမ့်မယ်"

ဓားပြများမှာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်သွားကြ၏။

သို့သော် သူတို့ မည်သို့မျှ မတတ်နိုင်တော့ပါ။

သွေးကြောပိတ် ခံထားနေရပြီ မဟုတ်ပါလော။

စင်ဝေါင်းက လှော်တက်ကိုယူကာ လှေကို လှော်ခတ်လိုက်၏။

ကျုံဖေက ထိုဓားပြခြောက်ယောက်အား ကမ်းစပ်ဆီသို့ ပစ်တင်လိုက်လေသည်။ ထို့နောက် လှေကြီးဆီသို့ ချဉ်းကပ်လာခဲ့ကြတော့သည်။



ကျုံဖေတို့လှေ လှေမည်းကြီးနှင့် နီးကပ်လာသောအခါ လှေကြီးပေါ်မှ စူးရှသော အသံတစ်သံ ထွက်ပေါ်လာသည်။

"ကြွယ်စုံပြီလားဟေ့"

ကျုံဖေမှာ ကြောင်သွား၏။

သို့သော် စောစောက စကားဝှက်ကို သတိရပြီး ဖြန်းသန်းရော ချလိုက်သည်။

"သစ်သား ကင်း"

လှေကြီးပေါ်မှ အသံက ထပ်မံထွက်လာပြန်၏။ ထိုအသံက တည်တည်ငြိမ်ငြိမ်ရှိလှပေသည်။

"မိတ်ဆွေ၊ ဘာကိစ္စနဲ့ ကျုပ်ရဲ့စခန်းကို ရောက်လာရတာလဲ၊ မိတ်ဆွေနဲ့ ရန်ငြိုးများ ရှိလို့လား"

ကျုံဖေက မထူးတော့ပြီမို့ အေးတိအေးစက်နှင့်ပြောလိုက်၏။

"ရန်ငြိုးတော့ မရှိဘူး၊ ဒါပေမယ့် မင်းတို့က မိန်းကလေးတွေကို ခိုးပြီးဖမ်းနေတာကြောင့် ဒီကိစ္စတားဆီးရအောင် လာခဲ့တာပဲ"

ကျုံဖေ၏စကားအဆုံး၌ လှေပေါ်၌ လူလေးယောက်ပေါ်လာ၏။

ရှေ့ဆုံးမှလူမှာ ပိုးထည် အဖိုးတန်အဝတ်အစားကို ဝတ်ဆင်ထား၏။

ခါး၌ ဓားကောက်တစ်လက် ချိတ်ထားသည်။

သူ၏နောက်ဘက် လူသုံးယောက်မှာမူ အစိမ်းရောင်ဝတ်စုံ ဆင်တူဝတ်ဆင်ထားကြသည်။

ပိုးထည်ဝတ်စုံနှင့်လူမှာ စန်ထင်ကျက်ဆိုသူပင် ဖြစ်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



စန့်ထင်ကျက်က ကျုံဖေအား သေသေချာချာကြည့်လိုက်၏။

ကျုံဖေ၏ပုံပန်းမှာ စာပေသမားပုံစံလိုဖြစ်သော်လည်း သူ၏ ကင်းပုန်းများကို ကျော်လာနိုင်သဖြင့် အဆင့်မြင့်သိုင်းသမားမှန်း သိရှိလိုက်သည်။

"ခင်ဗျား .... ဘယ်သူလဲ၊ မှန်မှန်ပြောစမ်းပါ"

သူသည် ကျုံဖေကို အထင်မသေးဝံ့သဖြင့် အတွင်းအားထုတ်ကာ အော်မေးလိုက်သည်။ သူ့အစွမ်းအစကို ထုတ်ပြလိုက်ခြင်း ဖြစ်ပေသည်။

ကျုံဖေက မတုန်လှုပ်သော်လည်း စင်ဝေါင်းမှာမူ နားအူသွားသည်။ စင်ထင်ကျက်၏အတွင်းအားမှာ မဆိုးလှချေ။

ကျုံဖေက ....

"ကျုပ်က အညာတရုတ်တစ်ယောက်ပါ၊ ခင်ဗျားက စန့်ထင်ကျက် မဟုတ်လား၊ ခင်ဗျား ဘာကြောင့် မိန်းကလေးတွေကို ဖမ်းနေရတာလဲ"

စန့်ထင်ကျက်က မိမိအမည်အား ကျုံဖေက သိနေသဖြင့် အံ့သြသွား၏။

ကျုံဖေအား အလွတ်ပေးရန်မသင့်ဟု စိတ်ထဲက တွေးလိုက်၏။

သို့သော် အတွေးမဆုံးမီမှာပင် ကျုံဖေက လှေငါလေးပေါ်မှ သူတို့လှေကြီးပေါ်သို့ ခုန်တက်လာသဖြင့် စန့်ထင်ကျက်မှာ ဓားကောက်ကို လျှင်မြန်စွာ ဆွဲထုတ်လိုက်ရတော့သည်။

"ဩော် .... ခင်ဗျားက တယ်ပြီး ဇက်ကောင်းသကိုး .... ဓား



ကောင်းတယ်ဆိုပါတော့၊ ရပါတယ် ရပါတယ်"

စန့်ထင်ကျက်မှာ သာမန်ဓားပြဗိုလ်မဟုတ်ပါ။

သူ၏ဓားကောက်သိုင်းပညာနှင့် ကျော်ကြားခဲ့သူ ဖြစ်၏။

ကျုံဖေမှာ မပေါ့ဆရဲချေ။ လျှင်မြန်စွာ ရှောင်တိမ်းရသည်။

တစ်ခဏချင်းမှာပင် သိုင်းကွက်သုံးကွက်ခန့် ယှဉ်ပြိုင်တိုက်ခိုက်မိကြသည်။

ထိုအချိန်၌ စင်ဝေါင်းလှေမှာ ရုတ်တရက် မှောက်သွားလေသည်။

စင်ဝေါင်းသည်လည်း ရေထဲပြုတ်ကျသွားသည်။ လှေကြီးပေါ်မှ ဓားပြနှစ်ယောက်၏ လုပ်ရပ်ပင်တည်း။ ဓားပြနှစ်ယောက်က စင်ဝေါင်း၏ ခြေထောက်ကိုဆွဲကာ ရေနက်ထဲသို့ ငုပ်ဆင်းသည်။

စင်ဝေါင်းက ပြုံးလိုက်၏။ မိကျောင်းမင်းကို ရေခင်းပြသည့်ကိစ္စပေပဲ။

သူ့ကဲ့သို့ တံငါသည်တစ်ဦးအား ရေထဲ၌တိုက်ခိုက်ရန် ဓားပြများ၏ကြိုးစားမှုသည် မည်မျှ ရယ်ဖွယ်ကောင်းလိုက်ပါသနည်း။

စင်ဝေါင်းသည် ရေအောက်သို့ရောက်သောအခါ တစ်ကိုယ်လုံး ပျော့ခွေကာ ရေမွန်းသွားသည့်ပုံ ဟန်ဆောင်လိုက်၏။

ဓားပြနှစ်ယောက်က စင်ဝေါင်း ပျော့ခွေသွားသည်နှင့် လွှတ်လိုက်ကြသည်။

ထိုအခွင့်အရေးကို စင်ဝေါင်းက အမိအရ အသုံးချလိုက်လေသည်။

ဓားပြများ၏ ချုပ်ကိုင်မှုလွတ်သည်နှင့်တစ်ပြိုင်တည်း ကျော်သီး၊

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်များနှင့် ဓားပြများကို တရကြမ်း တိုက်ခိုက်တော့၏။

ဓားပြများမှာ ရေထဲ၌ပင် စင်ဝေါင်း၏လက်ချက်ကြောင့် သေဆုံးသွားကြလေတော့သည်။

ကျုံဖေနှင့် စန်ထင်ကျက်တို့သည် အပြင်းအထန်တိုက်ခိုက်နေကြသည်။ စင်ထင်ကျက်သည် တိုက်ရင်းခိုက်ရင်း ကျုံဖေ၏လက်ရည်ကို သိရှိလာလေ၏။ ထိပ်တန်းသိုင်းသမားတစ်ဦးနှင့် တိုက်ခိုက်နေရပြီဖြစ်ကြောင်း သိလာတော့သည်။

ထို့ကြောင့် သူ၏အထက်မြတ်ဆုံး ဓားကောက်ပညာများကို ထုတ်သုံးခဲ့ရတော့သည်။

ထိုသို့ တိုက်ခိုက်ကြရာ သိုင်းကွက်သုံးဆယ်ခန့်သို့ ရောက်ရှိလာ၏။

စန်ထင်ကျက်မှာ တစ်စထက်တစ်စ ရှုံးနိမ့်လာသည်။

စင်ထင်ကျက် သူ့ကိုယ်သူ အခြေအနေမကောင်းကြောင်း နားလည်လာသဖြင့် သူသည် 'ယား'ဟု မာန်သွင်းအော်ဟစ်ပြီး နောက်ပြန် ကျွမ်းထိုးလိုက်၏။

"ဗွမ်း ...."

စန်ထင်ကျက် ရေထဲခုန်ချ ထွက်ပြေးသွားသည်ကိုတွေ့သောအခါ ကျုံဖေသည် လက်နက်ပုန်းများပစ်လွှင့်၍ တိုက်ခိုက်လေတော့၏။

စန်ထင်ကျက်မှာ မရှောင်တိမ်းနိုင်ဘဲ ပခုံး၌ လက်နက်ငုံသုံးခု စိုက်ဝင်ခံလိုက်ရသည်။

စင်ဝေါင်းသည် ရေထဲရှိနေသူဖြစ်ရာ စင်ထင်ကျက် ရေထဲကူ



လာသည်ကို တွေ့သောအခါ ဆီးကြိုတိုက်ခိုက်လေတော့၏။

စန်ထင်ကျက်မှာ ထိုအဖြစ်ကို လုံးဝမမျှော်လင့်ခဲ့ပေ။

ရေအောက်မှတိုက်ခိုက်လာသောစင်ဝေါင်း၏လက်သီးမှာ ရင်ဝသို့ ထိမှန်သွားသဖြင့် သူ၏ဓားကောက်ပါ ရေထဲသို့ လွတ်ကျသွားရတော့သည်။

စင်ဝေါင်းသည် စန်ထင်ကျက်၏လည်ပင်းကို ဆုပ်ညှစ်လိုက်လေတော့၏။

စန်ထင်ကျက် ထိတ်လန့်သွား၏။

ရုန်းကန်သော်လည်း စင်ဝေါင်းက အပိုင်ချုပ်ထားသောကြောင့် မလွတ်နိုင်ဘဲ ဖြစ်နေသည်။ စန်ထင်ကျက်မှာ ရေကူးကျွမ်းလှသူမဟုတ်ပါလား။ ဖျံတစ်ကောင်လောက်နီးပါး ရေ၌ ကျွမ်းကျင်သူ ဖြစ်ပေသည်။

စန်ထင်ကျက်သည် လက်တစ်ဖက်ဖြင့် စင်ဝေါင်း၏ဗိုက်ကို နောက်ပြန်ထိုးချရသည်။ စင်ဝေါင်း ထိတ်လန့်သွား၏။ တိုက်ပွဲအတွေ့အကြုံ နည်းပါးသေးသူဖြစ်၍ ကမန်းကတန်းဝင် လက်တစ်ဖက်ကို ချုပ်ကိုင်ထားရာမှ လွှတ်ပေးလိုက်ရတော့သည်။ ထိုအခါကျမှ စန်ထင်ကျက်သည် စင်ဝေါင်းကို သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နိုင်ခွင့်ရလာတော့၏။ စင်စစ် စန်ထင်ကျက်သည် စင်ဝေါင်းထက် အပြတ်အသတ်သာသူ ဖြစ်သည်။ သို့သော် ရေထဲ၌မူ သူသည် စင်ဝေါင်းထက် ညံ့သလို ဖြစ်နေရတော့၏။

ရေအောက်ရောက်သောအခါ စန်ထင်ကျက်က စင်ဝေါင်း၏ ချုပ်ကိုင်ထားသောလက်ကို ရိုက်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်ဝေါင်းမှာ နာကျင်သောကြောင့် ချုပ်ထားရာမှ လွှတ်ပေးလိုက်၏။

စန်ထင်ကျက်က ဆက်လက်တိုက်ခိုက်ခြင်း မရှိ။

ရေငုပ်ကာ ထွက်ပြေးသွားလေတော့သည်။

ကျုံဖေသည် စန်ထင်ကျက် ခုန်ချသွားပြီးနောက် လှေကြီးပေါ်မှ ဓားပြများကို တိုက်ခိုက်ရသေးသည်။ လှေကြီးပေါ်မှ ဓားပြများ သေသူသေ၊ ပြေးသူပြေး ဖြစ်ကုန်ကြတော့မှသာ စင်ဝေါင်းကို စိုးရိမ်တကြီး ရှာဖွေရတော့သည်။

"စင်ဝေါင်း .... စင်ဝေါင်း .... မင်းဘယ်မှာလဲဟေ့"

စင်ဝေါင်းသည် စန်ထင်ကျက်နောက် လိုက်မည်လုပ်နေရာမှ ဆရာဖြစ်သူ၏အော်မေးသံကြောင့် ဆက်မလိုက်နိုင်တော့ဘဲ ပြန်လှည့်လာရသည်။

"ဆရာ .... ကျွန်တော် ဒီမှာပါ"

ကျုံဖေသည် လှေကြီးဘေး၌တွဲထားသည့် လှေငယ်တစ်စင်းပေါ်သို့ ခုန်ချပြီး ကြိုးကို ဖြတ်ချလိုက်သည်။ ထို့နောက် စင်ဝေါင်းရှိရာသို့ လှော်ခတ်သွားသည်။ စင်ဝေါင်းကို လှေပေါ်ဆွဲတင်ပြီး မေးလိုက်၏။

"တပည့် .... စန်ထင်ကျက်ကော"

စင်ဝေါင်းက စန်ထင်ကျက် လွတ်မြောက်သွားပုံကို ပြန်လည်ပြောပြလိုက်လေ၏။

ကျုံဖေက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

ဓားပြများမှာ ဒဏ်ရာရသူရ၊ သေသူသေ ဖြစ်သွားကြလေပြီ။ ရန်ပြုနိုင်သူ မရှိတော့ပါ။



ထို့ကြောင့် သူတို့က လှေကလေးကိုလှော်ကာ ပြန်ထွက်လာခဲ့လေတော့သည်။

ကျုံဖေတို့လှေထွက်လာပြီး မကြာမီ ရှေ့ဘက်မှ လှေတစ်စင်းသည် ဌာနချုပ်စခန်းဆီသို့ အမြန်ဆုံး လှော်ခတ်လာနေသည်ကို တွေ့လိုက်ရသည်။

စင်ဝေါင်းသည် အဝေးမှလှေကို လှမ်းကြည့်ပြီး သူ့စိတ်ထင်ကို ပြောကြားလေ၏။

"ဓားပြတွေပဲ ဖြစ်လိမ့်မယ် ဆရာ .... ယိဖျောင်းရှမ်းတို့ကို မနိုင်လို့ ပြန်လာတဲ့လှေပဲဖြစ်ရမယ် .... "

ကျုံဖေက ခေါင်းညိတ်လိုက်၏။

"ဖြစ်နိုင်ပါတယ်၊ တို့လှေထဲဝပ်နေရင်ကောင်းမယ်၊ အနားရောက်မှ တိုက်ခိုက်ကြမယ်"

သူတို့လှေဝမ်းထဲ၌ ဝပ်နေလိုက်ကြသည်။

ရန်သူဓားပြလှေအနီးသို့ ရောက်လာသောအခါမှ ကျုံဖေနှင့် စင်ဝေါင်းတို့က ရုတ်တရက်ထပြီး လက်နက်ပုန်းနှင့်တိုက်ခိုက်ကြတော့သည်။

ဓားပြများမှာ မမျှော်လင့်သော တိုက်ခိုက်မှုကြောင့် အတုံးအရုံး သေဆုံးသွားကြလေသည်။ ကျုံဖေတို့က လှေကို လှော်ခတ်ကာ ဆက်လက် ထွက်လာခဲ့၏။

မကြာမီ ရှေ့ဘက်၌ လှေတစ်စင်းအား လှေဆယ်စင်းခန့်က ဝိုင်းရံထားသည်ကို တွေ့လိုက်ကြရသည်။

ဝိုင်းရံထားသော လှေမှာ ဓားပြလှေများဖြစ်ပြီး အဝိုင်းခံထားရ

www.burmeseclassic.com

www.burmeseclassic.com



သော လှေမှာမှ ယိဖျောင်းရှမ်းတို့လှေ ဖြစ်နေကြောင်း တွေ့ရ၏။

ယိဖျောင်းရှမ်းနှင့် ယန်ကျင်ကန်တို့မောင်နှမက ဓားပြများအား မကြောက်မရွံ့ တရကြမ်း တိုက်ခိုက်ခုခံနေကြသဖြင့် ဓားပြလှေများမှာ ရှေ့မတိုးနိုင်ဘဲ ဝိုင်းရုံသော ဝိုင်းထားကြခြင်းဖြစ်ကြောင်း ကျုံးဖေနား လည်လိုက်ရသည်။

အချို့ဓားပြများမှာ ရေငုပ်ကာ ယိဖျောင်းရှမ်းတို့လှေကို နှစ်မြှုပ် ရန် ကြိုးစား၏။ သို့သော် ရေထဲသို့ စုန်ချသည်နှင့် ယိဖျောင်းရှမ်း၏ လက်နက်များဒဏ်ကြောင့် အသက်ပျောက်ကြရပြန်သည်။

"ငါလာပြီဟေ့၊ သူတို့စခန်းလည်း ပြိုကွဲသွားပြီ၊ ဒီဓားပြတွေကို တစ်ယောက်မှ မလွတ်စေနဲ့"

ကျုံးဖေက အတွင်းအားထုတ်၍ အော်ဟစ်အားပေးလိုက်၏။

ယိဖျောင်းရှမ်းတို့သည် ကျုံးဖေ၏အသံကိုကြားသောအခါ ဝမ်း သာသွား၏။

ကျုံးဖေတို့ ဝင်ရောက်လာသည်နှင့် တိုက်ပွဲအခြေအနေမှာ ပြောင်းလဲသွား၏။ အဖြူနှင့်အမည်းလို ပြောင်းပြန်ဖြစ်သွား၏။ သူတို့ ၏ ပြင်းထန်သော တိုက်ခိုက်မှုကြောင့်လည်းကောင်း၊ ဌာနချုပ်စခန်း ပြိုကျပျက်စီးသွားပြီဆိုသည့်စကားကြောင့်လည်းကောင်း၊ ဓားပြများ စိတ်ဓာတ်ကျကုန်သည်။

အချို့မှာ ဆက်လက် မတိုက်ခိုက်တော့ဘဲ တကွဲတပြားစီ ထွက် ပြေးသွားကြလေသည်။

ကျုံးဖေတို့မှာ လိုက်လံတိုက်ခိုက်မနေတော့ပါ။ စိတ်ဓာတ်ကျ သွားသော ဓားပြများကို လိုက်လံမသတ်ဖြတ်တော့ပါ။



ထိုအချိန်၌ မိုးသောက်ရောင်နီပင် သမ်းလာလေပြီ။

ယိဖျောင်းရှမ်းက ....

"ဘဘ .... ဌာနချုပ်လှေကြီးပေါ်မှာဖမ်းထားတဲ့ မိန်းကလေး တွေကို တွေ့သေးသလား"

ကျုံးဖေက တွေခနဲ ဖြစ်သွားပြီးမှ ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း .... မတွေ့ဘူး"

ယိဖျောင်းရှမ်း ထင်မြင်ချက်ပေး၏။

"ဒါဆို သူတို့မှာ စခန်းနောက်တစ်ခုရှိဦးမယ် ထင်တယ်"

"အင်း .... ဖြစ်နိုင်တယ်"

စင်ဝေါင်းက ဝင်ပြောလိုက်၏။

"ဓားပြတစ်ယောက်ယောက်ကို အရှင်နဲ့ဖမ်းမိရင် မေးလို့ရမှာပဲ၊ အခု ဓားပြတွေ မရှိတော့ဘူး"

ကျုံးဖေက ....

"လှေကြီးပေါ်မှာ စန်ထင်ကျက်ရဲ့ လူယုံသုံးယောက်တော့ ရှိ ဦးမယ် ထင်တယ်၊ ဒီကောင်တွေ ငါ့လက်ချက်နဲ့ ဒဏ်ရာရနေကြတယ်"

ယန်လီကျူးက ....

"ဒါဆို အဲဒီလူတွေကိုပဲ သွားမေးရအောင်"

သူတို့သည် လှေကလေးနှစ်စင်းကို ရှေ့ဆင့်နောက်ဆင့်လှော် ကာ ဓားပြစခန်း လှေကြီးဆီသို့ ပြန်လည် လှော်ခတ်ခဲ့ကြရပြန်၏။

လှေကြီးဆီသို့ရောက်သောအခါ ကျုံးဖေ၏လက်ချက်ကြောင့် ဒဏ်ရာရနေသော ဓားပြသုံးယောက်ကို တွေ့လိုက်ရသည်။

"ဘဘ သူတို့ကိုစစ်ရင် ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းက ပြော၏။

"အေး .... ငါစစ်မယ်"

"မင်းတို့ အသက်ရှင်ချင်ရဲ့လား"

ဓားပြသုံးယောက်မှာ သူတို့၏ဂိုဏ်း ပြိုကွဲသွားပြီဖြစ်သော ကြောင့် ခေါင်းမမာနိုင်တော့။ အားလုံး ပြိုင်တူပင် ပြောလိုက်၏။

"ဟုတ်ကဲ့ .... အသက်ကို ချမ်းသာပေးပါခင်ဗျာ"

"အေး .... ဒါဆိုရင် ငါမေးတာ မှန်မှန်ဖြေပါ"

"ဟုတ်ကဲ့ .... မေးပါ .... မေးပါ၊ ကျွန်တော်တို့သိသမျှ အကုန် ဖြေပါ့မယ် .... "

ကျုံဖေ စဉ်းစားလိုက်သည်။ တို့နောက် လိုရင်းကိုသာ မေး လိုက်၏။

"မင်းတို့ ဒီလှေအပြင် နောက်တစ်နေရာ ရှိသေးသလား"

ဓားပြတစ်ယောက်က ဦးစွာဖြေလိုက်၏။

"မရှိပါဘူးခင်ဗျာ၊ ဒီစခန်းတစ်ခုပါပဲ"

ကျုံဖေက မျက်မှောင်တွန့်ကာ ....

"ဒါဆိုရင် မင်းတို့ဖမ်းလာတဲ့မိန်းကလေးတွေကို ဘယ်ပို့လိုက် သလဲ"

"ကျွန်တော်တို့ ဖမ်းလို့ရသမျှ လူငယ်တွေအားလုံးကို 'အေးစိမ့် ဂူ'ကို ပို့လိုက်ပါတယ်"

ကျုံဖေ အံ့အားတသင့် ဖြစ်သွား၏။

"အေးစိမ့်ဂူ .... ဟုတ်လား"

"ဟုတ်ပါတယ်"



"ဘယ်နေရာမှာလဲ"

"ဒါကျော့ ကျွန်တော်တို့ မသိပါဘူး"

"မင်းမသိဘဲနဲ့ အေးစိမ့်ဂူကို ပို့တယ်ဆိုတာ ဘယ်လိုလုပ်သိ သလဲ"

ဒိုင်ခံဖြေနေသော ဓားပြမှာ စဉ်းစားရကျပ်ဟန် ခေါင်းကို တဖျင်းဖျင်းကုတ်လိုက်၏။

"ကျွန်တော်က ဂိုဏ်းချုပ်စန်ထင်ကျက်အဖွဲ့အစည်း စဖွဲ့ ကတည်းက ပါလာတဲ့လူဆိုတော့ တချို့ကိစ္စတွေ သိရပါတယ်"

ကျုံဖေက ....

"မိန်းကလေးတွေ၊ ယောက်ျားလေးတွေဖမ်းပြီး ဘာလုပ်တာ လဲ"

"စန်ထင်ကျက်ရဲ့ဆရာဆီ ရောင်းစားတာပါ"

"စန်ထင်ကျက်မှာ ဆရာရှိလို့လား"

"ဒီလိုပါ .... စန်ထင်ကျက်ရဲ့မိတ်ဆွေတစ်ယောက်က ဆက် သွယ်ပေးလို့ စန်ထင်ကျက်က လူငယ်တွေကို ဖမ်းပြီး ဒီလူဆီမှာ ရောင်း စားပါတယ်၊ ဒီလိုလုပ်ရင်းနဲ့ ငါးလလောက်ကြာပြီးတဲ့နောက် စန်ထင် ကျက်က ဒီလူကို ဆရာတင်လိုက်တာပါပဲ"

"ဒီစကား သေချာတယ်နော်"

"ကျွန်တော်တို့က ဆရာ့လက်ခုပ်ထဲကရေပဲခင်ဗျာ၊ သေချာပါ တယ်၊ မလိမ်ညာဝံ့ပါဘူး"

"ကောင်းပြီ.... ကောင်းကောင်းမွန်မွန် သတင်းပေးတဲ့အတွက် မင်းတို့ကို ငါကယ်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျုံဖေက ဓားပြသုံးယောက်အား ဒဏ်ကြေးများ တိုက်ကျွေးကာ အသက်ချမ်းသာပေးလိုက်၏။ ယိဖျောင်းရှမ်းက ဓားပြများကို လွှတ်မပေးချင်ပေ။ ရန်မီးငြိမ်းစေရန်လည်းကောင်း၊ နောက်ထပ်ဆိုးနိုးမလုယက်စေရန်လည်းကောင်း သုတ်သင်ပစ်စေချင်သည်။

ကျုံဖေက ....

"ငါက လွှတ်ပေးမယ်လို့ ကတိပေးထားပြီးပြီ၊ ငါ့ကတိကို ငါမဖျက်ဘူး၊ သူတို့ ဘေးကင်းရန်ကင်း သွားကြပါစေ"

ကျုံဖေသည် ဓားပြစခန်းဌာနချုပ် လှေကြီး၏ပဲ့ပိုင်း၌ ချည်ထားသော လှေငယ်တစ်စင်းပေါ်သို့ ထိုဓားပြသုံးယောက်ကို တင်ပေးစေသည်။

"ကဲ .... ခင်းတို့တွေ အမြန်ဆုံးသွားကြပေတော့၊ အခုလို ခံရတာကိုလည်း သင်ခန်းစာယူကြ၊ နောက်မမိုက်ကြနဲ့"

ဓားပြများသည် ကျုံဖေကို ရိုသေလေးစားစွာ ဂါရဝပြုပြီးနောက် လှေကလေးကို လှော်ခတ်ထွက်သွားကြလေတော့၏။

သူတို့အားလုံးပင် မူလက လာခဲ့သော ဆိပ်ကမ်းဆီသို့ ပြန်လာခဲ့ကြတော့သည်။



အခန်း(၇၀)

## ဘဲဆိုးသူသားအမိ

ဆိပ်ကမ်းသို့ပြန်ရောက်သောအခါ ကမ်းစပ်၌ ယိထင်းဟောင်စောင့်နေသည်ကို တွေ့လိုက်ကြရသည်။

ယိထင်းဟောင်သည် သမီးဖြစ်သူကို လွမ်းစွာ စိတ်ဆိုးနေသည်။

"သမီး .... ဖေဖေ့ကို ဘာလို့မစောင့်ဘဲ သွားရတာလဲ"

"ဘဘကျုံဖေတို့လှေက ထွက်သွားတော့ သမီးတို့က ဖေဖေ့ကို စောင့်ဖို့ အချိန်မရှိတော့လို့ပါ .... ဒါနဲ့ ခပ်မြန်မြန်လိုက်သွားမိတာပါ"

"ဒါနဲ့ .... သမီး လှေက ခိုးလာတာ မဟုတ်လား"

ယိဖျောင်းရှမ်းက ပြုံးလိုက်ပြီး ....

"ဟုတ်ပါတယ် .... ဖေဖေ"

"ဒါဆို ပိုင်ရှင်က စိတ်ဆိုးနေလိမ့်မယ်၊ သွားမြန်ပေးပြီး ကျေနပ်အောင် တောင်းပန်၊ ပြီးတော့ ငွေစနည်းနည်းလည်း ပေးလိုက်"

ယိဖျောင်းရှမ်းနှင့် စင်ဝေါင်းတို့သည် သူတို့ခိုးလာသောလှေကို ပြန်ပို့ရန် လှော်ခတ်ထွက်သွားကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူဖခင်ယီထင်းဟောင် ပြောသည့်အတိုင်း ပိုင်ရှင်ကို တောင်းပန်ပြီး လှေငှားရမ်းခငွေလည်း ပေးအပ်ခဲ့သည်။

ထို့နောက် ကျုံဖေတို့လူစု ခရီးဆက်ထွက်ခဲ့ကြသည်။

ကျုံဖေက လမ်းတစ်လျှောက်၌ ယီထင်းဟောင်အား သူတို့ဖြုံခွဲခဲ့သော ဓားပြဂိုဏ်းအကြောင်းကို ပြောပြလိုက်လေသည်။

ယီထင်းဟောင် တွေးတွေးဆဆ ပြော၏။

"ကျုပ် တစ်ခု စဉ်းစားမိတယ်"

"ဘာလဲ နောင်ကြီး ယီထင်းဟောင်"

"စန်ထင်ကျုက်ရဲ့ဆရာဟာ ဟူရှန်ဖုံများ ဖြစ်နေမလားလို့ပါ"

ကျုံဖေက ခေါင်းညိတ်လိုက်ပြီး ထောက်ခံ၏။

"ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်၊ စန်ထင်ကျုက်ကို မမိလိုက်တာ အင်မတန် နာပါတယ်၊ ကျုပ် ဘာကြောင့် ဒီလှေနောက်ကို လိုက်တယ်ထင်သလဲ၊ စန်ထင်ကျုက်ရဲ့ဆရာဟာ ဟူရှန်ဖုံဖြစ်မယ် ထင်လို့ပေါ့ဗျ ...."

သူသည် ပြောရင်း တစ်စုံတစ်ခုကို သတိရလာ၏။

သူ၏မျက်မှာ ဝင်းလက်သွားသည်။

"အင်း .... ရုပ်ဆိုးမလေး ပျောက်သွားပြီးတဲ့နောက် ရုပ်ပြန်ချောလာတာကော မှတ်မိသေးရဲ့လား"

"မှတ်မိပါတယ်"

"ဒီရုပ်ဆိုးမလေး ပျောက်သွားတာလည်း ဒီဓားပြတွေလက်ချက်ပဲ ဖြစ်ရမယ် ...."



ယီဖျောင်းရှမ်းက သူ့ထင်မြင်ချက်ကို ဝင်ပြော၏။

"ဒါပေမယ့် .... အဲဒီမိန်းကလေးက ရုပ်ချောပြီး ပြန်လာတယ် မဟုတ်လား၊ လုံးဝ ပျောက်သွားတာမှ မဟုတ်ဘဲ ဘာဘာရယ်"

"မဟုတ်ဘူး၊ သူတို့က မိန်းကလေးတွေအများကြီး ဖမ်းထားတာဆိုတော့ ရုပ်ဆင်တဲ့လူတစ်ယောက်ယောက်ကို ပြန်လွှတ်ပေးဖို့ ဝန်မလေးပါဘူး၊ ပြန်လွှတ်လိုက်တာဟာ အဖမ်းခံရတဲ့ မိန်းကလေးနဲ့ ခပ်ဆင်ဆင်ရုပ်ရည်တူတဲ့ မိန်းကလေးပဲဖြစ်ရမယ်"

စင်ဝေါင်းက နားမရှင်းသဖြင့် ဝင်မေး၏။

"ဆရာ .... သူတို့က ဘာဖြစ်လို့ မိန်းကလေးတွေဖမ်းနေရတာလဲဟင် ...."

"မိန်းကလေးတွေချည်းမဟုတ်ဘူး .... ယောက်ျားလေးတွေလည်း ဖမ်းတာပဲ .... ဒါဟာ ဟူရှန်ဖုံရဲ့ အကြံအစည်ဖြစ်ဖို့များတယ်၊ ဗီယွင်ဖုတ်ငါးရွာက မိစ္ဆာကောင်လိုလူမျိုးတွေ ပြန်ပေါ်လာဦးမယ်လို့ ယူဆလာရပြီ ...."

ယီထင်းဟောင်က လက်ခံ၏။

"ဟုတ်တယ်၊ ဟူရှန်ဖုံ မသေနိုင်သေးဘူး၊ ဒီကိစ္စကို ဟူရှန်ဖုံလုပ်တာပဲဖြစ်ရမယ်၊ ဒါက သူ့လုပ်နည်းလုပ်ဟန်ပဲ မဟုတ်လား"

"ဒါဆို ကျုပ်တို့အေးစိမ့်ဂူကို ရှာဖို့လိုမယ်"

"အဲဒီ အေးစိမ့်ဂူက ဘယ်မှာလဲ"

ယန်လီကျုံက ရုတ်တရက် ဝင်မေး၏။

ကျုံဖေက ရယ်မိသည်။

"ငါသိမှတော့ အေးစိမ့်ဂူကို သွားတာ ကြာပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူတို့ရှေ့ဘက်လမ်းဆုံ၌ ရုပ်ရည်အကျည်းတန်သော လူငယ်၊ မိန်းကလေး၊ ယောက်ျားလေးများကို ဟိုတစ်စု၊ သည်တစ်စုနှင့် သွားလာနေသည်ကို တွေ့လိုက်ကြရသည်။

ကျူးဖေက ထိုလူငယ်များအား မြင်သောအခါ သက်ပြင်းချလိုက်ပြီး ....

"အင်း .... ရှေ့မှာသွားနေတဲ့ လူငယ်လေးတွေဟာ မက်မန်းမြစ်ကို ရှာဖွေဖို့ လာကြတာပဲ၊ ဒီသတင်းဟာ ရုပ်ဆိုးတဲ့လူငယ်လူရွယ်နဲ့ မိန်းကလေးတွေကို အတော်ဒုက္ခပေးတဲ့ သတင်းပဲ"

ယိဖျောင်းရှမ်းသည် ရုတ်တရက် ပြေးထွက်သွားသဖြင့် ကျူးဖေက ချက်ချင်းလှမ်းခေါ်ရ၏။

"မင်း ဘာသွားလုပ်မလို့လဲ"

"သူတို့ကို သတိပေးမလို့လေ၊ ဒီမက်မန်းမြစ်ကိစ္စဟာ လိမ်ညာမှု သတ်သတ်ပဲဆိုတာ ရှင်းပြမလို့ပါ"

ကျူးဖေက ရယ်မောလိုက်သည်။

"မင်းစကားကို သူတို့ယုံမယ် ထင်လို့လား၊ သူတို့က ဒီကိစ္စကို အရမ်း ယုံကြည်လွန်းလို့ ရှာဖွေဖို့ ခရီးထွက်လာကြတာ၊ မင်းသွားပြောလည်း လေကုန်တာပဲအဖတ်တင်မယ်၊ သွားမပြောနဲ့၊ တို့လုပ်ရမှာက ဒီသတင်းလွှင့်တဲ့နေရာကို အရင်းအမြစ်ကနေ ဖြိုပစ်ဖို့ပဲ"

ယိဖျောင်းရှမ်းမှာ ကျူးဖေ၏စကားကြောင့် ခြေလှမ်းရပ်သွား၏။

ယုံကြည်မှု လွန်ကဲနေသူများအား သက်သေသက္ကာယမရှိဘဲ



ရှင်းပြပါက အချည်းအနှီးသာဖြစ်ကြောင်း ယိဖျောင်းရှမ်း သဘောပေါက်လာလေ၏။

သူတို့ဆက်လက်ခရီးထွက်လာရာ သဘောပေါက်လာလေ၏။

သူတို့ဆက်လက် ခရီးထွက်လာရာ နေမဝင်မီမှာပင် မြို့ငယ်တစ်မြို့သို့ ဝင်ရောက်နိုင်ခဲ့ကြလေ၏။

မြို့ကလေးမှာ သေးငယ်၏။ လမ်းပန်းဆက်သွယ်မှု အချက်အချာမကျသဖြင့် စည်စည်ကားကားမရှိ။ ခြောက်သွေ့လှ၏။ စားသောက်ဆိုင်လည်း တစ်ဆိုင်သာရှိသည်။

ထို့အတူ တည်းခိုခန်းဟူ၍လည်း တစ်ခုသာရှိသည်။

စားသောက်ဆိုင်နှင့် တည်းခိုခန်းနှစ်ခုပေါင်းမှာလည်း ဆိုင်တစ်ဆိုင်သာလျှင် ဖြစ်ပေသည်။

ခရီးသွားလာသူ ဖြတ်သန်းခြင်း သိပ်မရှိသဖြင့် တည်းခိုခန်း၌ တည်းခိုနေသူ မရှိချေ။

ကျူးဖေသည် တည်းခိုခန်းနှစ်ခန်းငှားလိုက်၏။ ယောက်ျားများက အခန်းတစ်ခု၌ ဝင်နားလိုက်ပြီး ယိဖျောင်းရှမ်းနှင့် ယန်လီကျူတို့ကိုမူ အခြားအခန်းတစ်ခန်း ပေးသည်။

ထိုစဉ် ယန်လီကျူ၏အော်သံကို ကြားလိုက်ရသည်။

"ဘာဘ .... လာပါဦး၊ လာကြည့်ပါဦး"

ကျူးဖေ၊ ယိထင်းဟောင်၊ စင်ဝေါ်င်နှင့် ယန်ကျင်ကန်တို့အားလုံး ယန်လီကျူတို့၏အခန်းဆီသို့ ဝင်ပြေးကြရသည်။

"ဘာလဲ .... ဘာဖြစ်လို့လဲ"

"ဒီမှာ လာကြည့်စမ်းပါဦး၊ နံရံပေါ်မှာ စာတွေရေးထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ယန်လီကျူးညွှန်ပြရာ နံရံကို ကြည့်လိုက်ကြ၏။

နံရံပေါ်၌ စာနှစ်တန်းရေးသားထားသည်ကို တွေ့ကြရသည်။

စာမှာ အမြန်ရေးထားဟန်တူ၏။ လက်ရေးက သော့နေလေသည်။

"အဖမ်းခံရပြီ .... လာကယ်ပါ"

ယထင်းဟောင်က စာကိုဖတ်ပြီး ယန်လီကျူးအား အပြစ်တင်လိုက်၏။

"စာရေးထားတာပဲ .... ဘာလို့ အလန့်တကြားအော်ရတာလဲ၊ ဒါ တစ်ယောက်ယောက် နောက်ပြောင်ရေးထားတာ ဖြစ်မှာပေါ့ .... တကယ်အရေးကြီးတဲ့အခြေအနေမျိုးမှာသာ ဒီလိုအော်ရင် အားလုံး ရှုပ်ကုန်တော့မှာပဲ .... "

"ဟာ .... ဖေဖေကလည်း ဒီစာမျိုး ဘယ်သူက နောက်ပြောင်ရေးမှာလဲ၊ ဒီဆိုင်ကလူတွေ မေးကြည့်ဦးမယ်"

ယိဖျောင်းရှမ်းက စိတ်မြန်လက်မြန်ပင် ပြောပြောဆိုဆို အခန်းပြင်ဘက်သို့ ထွက်သွားပြီး ဆိုင်လုလင်တစ်ယောက်ကို ဆွဲခေါ်လာ၏။

"တို့ ဒီအခန်းမရောက်ခင် ဒီအခန်းမှာ ဘယ်သူနေသွားသေးသလဲ"

ဆိုင်လုလင်မှာ မျက်နှာပျက်သွား၏။

ဤအခန်းထဲ၌ တစ်စုံတစ်ခုသောမှုခင်း ဖြစ်ပွားခဲ့သည်မှာ သေချာသလောက်ဖြစ်နေလေပြီ။

ဆိုင်လုလင်သည် သွက်သွက်လက်လက် မပြောနိုင်ဘဲ တုံ့ဆိုင်းနေသည်။



ယိဖျောင်းရှမ်းက ငေါက်လိုက်၏။

"ဟေ့ .... ငါမေးတာ မကြားဘူးလား .... ဒီအခန်းမှာ ဘယ်သူနေသွားသေးသလဲ၊ မြန်မြန်ပြောစမ်း .... "

ဆိုင်လုလင်က ထစ်တီးထစ်ငေါ့ဖြင့် ....

"ခင် .... ခင်ဗျား .... သူ .... သူတို့နဲ့ သိလို့လား"

ယိဖျောင်းရှမ်းက ....

"ငါမေးတာကို ပြောစမ်းပါ၊ ငါတို့ကို ပြန်မမေးစမ်းပါနဲ့"

ဆိုင်လုလင် တုန်လှုပ်မှုအနည်းငယ်ပြေပျောက်သွား၏။ စကားလေသံ ပုံမှန် ပြန်ဖြစ်လာသည်။

"လွန်ခဲ့တဲ့ ခုနစ်ရက်လောက်က ဒီကို မိန်းမနှစ်ယောက် လာတည်းခိုခဲ့ပါတယ် .... တစ်ယောက်က အသက်နည်းနည်းကြီးပြီး၊ ကျန်တစ်ယောက်ကတော့ နှစ်ဆယ်လောက်ပဲ ရှိပါလိမ့်မယ်"

"ဟုတ်ပြီ .... သူတို့ပုံပန်းတွေ ပြောပြစမ်း"

"အသက်နှစ်ဆယ်လောက် မိန်းကလေးကိုတော့ .... သေသေချာချာ မှတ်မိပါတယ် .... သူ့ရဲ့ပါးဟာ တစ်ဘက်က ဖြူဖွေးလှပသလောက် တစ်ဘက်ကတော့ သိပ်ပြီး အကျည်းတန်အရုပ်ဆိုးလှပါတယ် ခင်ဗျ .... သူဟာ အမြဲတမ်း ပဝါတစ်ခု ခြုံထားတာပဲ၊ တိုက်တိုက်ဆိုင်ဆိုင် ပဝါလျောကျသွားတုန်း ကျွန်တော် တွေ့လိုက်ရတာပါ"

ထိုစကားကြားသောအခါ ယိဖျောင်းရှမ်းမှာ လန့်အော်လိုက်မိလေတော့သည်။

"ဝါပိရှာ"

www.burmeseclassic.com

www.burmeseclassic.com



သူမ ထင်မြင်သလိုပင် ကျူးဖေတို့လည်း ယူဆ ထင်မြင်ကြသည်။

ယိဖျောင်းရှမ်းက မေးလေ၏။

"သူတို့ထွက်သွားတာ ဘယ်နှစ်ရက်ရှိပြီလဲ"

ဆိုင်လုလင်က ....

"သူတို့ ထွက်သွားတာ မဟုတ်ပါဘူး"

"ထွက်သွားတာ မဟုတ်ရင် ဘာလဲ .... အဖမ်းခံရတာလား"

"သူ .... သူ .... သူတို့ ပျောက်သွားတာပါခင်ဗျာ"

"ဘာ .... "

ကျူးဖေ၏ အာမေဍိတ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ဝါပိရာတို့ ပျောက်ဆုံးသွားကြခြင်း ဖြစ်သည်ဟုဆိုသဖြင့် အားလုံး မှင်တက်သွားမိကြသည်။ စိတ်လှုပ်ရှားမှုကို အမြန်ဆုံး ဖြေသိမ့်နိုင်သူမှာ ကျူးဖေဖြစ်၏။

"ပျောက်သွားတာ ဟုတ်လား"

"ဟုတ်ပါတယ် .... "

"ငါ့ကို သေသေချာချာ ပြန်ပြောပြစမ်း"

ဆိုင်လုလင်က တစ်ချက်စဉ်းစားလိုက်ပြီး ....

"လွန်ခဲ့တဲ့လေးရက်လောက်က ညဘက်မှာ အော်သံတစ်သံ ကြားလိုက်ရ အဲဒီအော်သံဟာ မိန်းမအသံမျိုးပဲ၊ ကြားရတဲ့လူဟာ ကြက်သီးထသွားတာပဲ၊ ဘယ်သူမှ မထရဲကြဘူး၊ နောက်တစ်နေ့ မိုးလင်းရော အဲဒီအခန်းက မိန်းကလေးနှစ်ယောက် ပျောက်သွားတယ်



သူတို့အစား ရွှေစက္ကူ ငွေစက္ကူတွေပဲ ကျန်ခဲ့တယ်၊ အဲဒီအမျိုးသမီးနှစ်ယောက်ကို မိစ္ဆာကပဲ ဖမ်းသွားတာလား၊ ဒါမှမဟုတ် သူတို့ကိုယ်တိုင်ပဲ မိစ္ဆာလားဆိုတာတော့ ကျွန်တော်တို့ မသိပါဘူး၊ အဖြစ်ကတော့ ဒါပါပဲ ခင်ဗျာ"

"ကဲ .... ကဲ .... မင်းသွားနိုင်ပြီ"

ကျူးဖေက ဆိုင်လုလင်ကလေးကို ပြန်လွှတ်လိုက်ပြီး လူအားလုံးကို သူတို့အခန်းထဲသို့ ခေါ်လိုက်လေ၏။

"ကဲ .... လာကြ၊ အဲဒီကိစ္စကို အားလုံး တိုင်ပင်ဆွေးနွေးကြမယ်"

အခန်းထဲသို့ ပြန်ရောက်သည်နှင့် ယိဖျောင်းရှမ်းက သူမ မရှင်းလင်းသည့်အချက်ကို မေးလေတော့သည်။

"ဝါပိရာတို့ သားအမိက ဓာတ်မြုပ်နေမယ်ဆိုပြီးတော့ ဘာကြောင့် ပျောက်သွားနေတာလဲ ဘာဘရယ်၊ သူတို့ကို ဘယ်သူ ဖမ်းသွားတာလဲ၊ ဟူရှန်ဖုံပဲလား၊ ဟူရှန်ဖုံက ဖမ်းတယ်ဆိုရင်လည်း သူတို့က ဘာလို့ ကယ်ပါဆိုတဲ့စာကို ရေးနိုင်ခွင့်ရသလဲ"

ကျူးဖေကား စဉ်းစားနေလေ၏။

ထိုအခိုက် ယိထင်းဟောင်အသံက ထွက်ပေါ်လာ၏။

"အခု ဝါပိရာတို့သားအမိကိစ္စမှာ တရားခံကတော့ ဟူရှန်ဖုံပဲ ဖြစ်လိမ့်မယ်။ သူ့ခြေရာကို ရှာမရတာက ကျုပ်တို့အဖို့ ဒုက္ခပဲ"

ယိဖျောင်းရှမ်းက ....

"ဖေဖေ .... ဝါပိရာတို့သားအမိဟာ လူကောင်းတွေပါ၊ မိစ္ဆာ

www.burmeseclassic.com



ကျွန်း တိုက်ပွဲတုန်းက သူတို့သားအမိ ကူညီခဲ့လို့ သမီးတို့အောင်မြင်ခဲ့တာပါ။ သူတို့ ဒုက္ခရောက်နေရင် ပြန်ပြီးကူညီရမယ်၊ သူတို့ကို ကယ်တင်ရမယ်"

ယိထင်းဟောင်က သက်ပြင်းချပြီး ....

"သမီး သူတို့ကိုကယ်ဖို့ မပြောနဲ့၊ အခုချိန်မှာ ကိုယ့်ကိုယ်ကိုယ်တောင် မနည်းကာကွယ်ကြရမှာ၊ ဟူရှန်ဖုံဟာ မပိုင်ရင်မလုပ်ဘူး"

လူငယ်အားလုံးသည် ဟူရှန်ဖုံကိုမကြောက်ပါ။ မကြောက်၍သာ ယခုကဲ့သို့ တစ်မြို့ဝင် တစ်မြို့ထွက် ရှာဖွေခဲ့ခြင်း မဟုတ်ပါလော။

ကျုံဖေက လူငယ်များ၏အခြေအနေကို အကဲခတ်ကြည့်ပြီးမှ....

"ယိထင်းတောင် .... ခင်ဗျားက ဘာဖြစ်လို့ ကလေးတွေကို စိတ်ဓာတ်ကျမယ့်စကား ပြောရတာလဲ၊ ဟူရှန်ဖုံလည်း လူပဲ၊ သူ့ကို ကျုပ်တို့ ကြောက်စရာမလိုပါဘူး၊ အဲ .... အပြင်ထွက်ပြီး စနည်းနာကြည့်ရအောင် .... "

ထို့နောက် သူတို့အားလုံး ဆိုင်ပြင်ထွက်လာခဲ့ကြ၏။ မြို့စွန်သို့ လျှောက်ရင်း ဝါပီရှာတို့သားအမိအကြောင်း ဆွေးနွေးပြောဆိုလာခဲ့ကြသည်။

ယိထင်းဟောင်က ....

"ဝါပီရှာတို့သားအမိ အဖမ်းခံရတာ သုံးရက်လောက်ရှိပြီဆိုတော့ သူတို့ အသက်ရှင်နိုင်ပါဦးမလား"

ကျုံဖေက စဉ်းစဉ်းစားစား ပြော၏။



"ဟူရှန်ဖုံက အင်မတန်ယုတ်မာတဲ့ လူတစ်ယောက်ပဲ၊ ဝါပီရှာတို့ သားအမိကို ဖမ်းမိတာနဲ့ ချက်ချင်းသတ်ဦးမှာ မဟုတ်ဘူး၊ သူ နှိပ်စက်ဦးမှာ သေချာတယ်"

ထိုစဉ် မြို့စွန်ရှိ ချုံပင်များပေါ်၌ ပဝါတစ်စကို တွေ့လိုက်ကြရသည်။ ယန်လီကျူက ပြေး၍ယူသည်။ ထို့နောက် ကျုံဖေ၏လက်ထဲသို့ ထည့်ပေးသည်။

ပဝါမှာ မိန်းကလေးများသုံးသော ပဝါ ဖြစ်၏။

ပဝါပေါ်၌ သွေးနှင့်ရေးထားသော စာများရှိနေသည်။

စာအချို့ကား မပီသတော့ပေ။ သို့သော် စာအားလုံးကို ခြုံ၍ဖတ်လျှင် အောက်ပါအဓိပ္ပာယ်ကိုရသည်။

"အေးစိမ့်ဂူကို ခေါ်သွားပြီ .... အမြန်ကယ်ကြပါ"

ကျုံဖေ မျက်မှောင်ကုတ်သွား၏။

"စဉ်းစားစရာကောင်းပါလား၊ ဘယ်လို ဆက်စပ်တွေးရပါ့မလဲ"

ယိထင်းဟောင်က ကျုံဖေကိုကြည့်ကာ ....

"ဘာလဲ .... ဘာကို တွေးမရတာလဲ"

"သူတို့ကို ဟူရှန်ဖုံက ဖမ်းသွားရင် သူတို့က စာရေးထားနိုင်ပါ့မလား၊ အခု တည်းခိုခန်းမှာ တစ်ခါရေးတယ်၊ ဒီမှာတစ်ခါရေးတယ်၊ ဒါ တော်တော် ထူးဆန်းတာပဲ"

ယိဖျောင်းရှမ်းက မေးလိုက်၏။

"ထောင်ချောက်များ ဖြစ်နေမလား ဘာဘာရယ်"

"အင်း .... ဘာမှ ရေရေရာရာမပြောနိုင်သေးဘူး၊ ကို .... တည်းခိုခန်းပြန်မယ်၊ ပြီးမှ ဆက်ဆွေးနွေးကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး တည်းခိုခန်းဆီသို့ ပြန်လာခဲ့၏။

ထို့နောက် သူတို့ တိတ်ဆိတ်စွာပင် ဆွေးနွေးတိုင်ပင်ကြပြန်သည်။

နောက်ဆုံး၌ ထောင်ချောက်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရေဆုံးရေဖျားလိုက်၍ စုံစမ်းတော့မည်ဟု ဆုံးဖြတ်ကြလေ၏။



## အခန်း(၇၁)

## တလေးများပေးသောသဲလွန်စ

ကျိုဖေသည် တည်းခိုခန်းမှထွက်မည်ဟု ပြင်ဆင်ပြီးသည်နှင့် တည်းခိုခ ကျသင့်ငွေများကို ပေးချေလိုက်လေ၏။ ဆိုင်ရှင်သည် ရှားရှားပါးပါး အုပ်စုကြီးဖြင့် လာတည်းခိုသော ကျိုဖေတို့ကို အကြိမ်ကြိမ် ဂါရဝပြုနှုတ်ဆက်လေ၏။

“ဆရာကြီးတို့ နောက်တစ်ကြိမ် လာကြပါဦးလို့ ကျွန်တော် ဖိတ်ခေါ်ပါတယ် ခင်ဗျာ”

ကျိုဖေက ရယ်မောရင်း ....

“အင်း .... ကျုပ်တို့ကို အလကား တည်းခိုခွင့်ပြုရင်တော့ ဟုတ်တာပေါ့ဗျာ .... ဟား .... ဟား .... ဟား”

“ရပါတယ်ဆရာကြီးရယ် .... ကျွန်တော်က ဒီလောက်စေးနဲတဲ့သူ မဟုတ်ပါဘူး”

ကျိုဖေတို့သည် ဆိုင်ရှင်ကို နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့ကြ၏။ မွန်းတည့်ချိန်ရောက်သောအခါ သူတို့သည် အလှန်ခေါင်သော

www.burmeseclassic.com



ရွာကလေးတစ်ရွာအနီးသို့ ရောက်ရှိလာလေ၏။

ရွာကလေးမှာ အိမ်ခြေနှစ်ဆယ်ခန့်မျှသာ ရှိသည်။ အိမ်ခြေနည်းလွန်းလှ၍လား မသိ။ ရွာသူရွာသားများကို မတွေ့ရသလောက် ဖြစ်နေသည်။ ထိုစဉ် အလွန်တရာ နွမ်းပါးလှသော ကလေးငယ်နှစ်ဦး ထွက်လာသဖြင့် အားလုံးပင် ဝမ်းသာသွားကြ၏။ ကလေးငယ်များက သူတို့အား စိမ်းကားစွာကြည့်သည်။

ယိဖျောင်းရှမ်းက မျက်နှာကို အချိုဆုံးထားကာ မေးလိုက်၏။

"ဒီရွာနာမည် ဘယ်လိုခေါ်သလဲ ကလေးရယ်"

ကလေး၊ လေးနှစ်ယောက်က သုန်သုန်မှုန်မှုန်ကြည့်ကြလေ၏။

သို့သော် ယိဖျောင်းရှမ်း၏ ချိုသာသောအမူအရာက သူတို့၏ စိမ်းကားသောစိတ်များကို ပြောင်းလဲစေလိုက်သည်။

"ရွာနာမည်က 'ငြိမ်းအေး'ရွာပါ၊ ဒီရွာကိုလာတဲ့လူ သိပ်နည်းတယ်"

ယိဖျောင်းရှမ်းက ပြုံး၍ပြော၏။

"ငါတို့လည်း လမ်းကြုံလို့ရောက်လာတာပါ၊ တမင်လာတာတော့ မဟုတ်ပါဘူး၊ ငါတို့ရွာထဲဝင်နားလို့ မရဘူးလား"

ကလေးနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။

ထို့နောက် ....

"ခင်ဗျားတို့ ရွာထဲဝင်သွားပြီး မေးကြည့်ပါ"

သူတို့သည် စကားဆုံးသည်နှင့် ပြေးထွက်သွားကြလေ ၏။



ခြောက်သွေ့လှသည့် ရွာပတ်ဝန်းကျင်ကို လေ့လာလျက်ရှိသော ကျုံဖေသည် ယိဖျောင်းရှမ်းအနီးသို့ ပြန်ရောက်လာသည်။

"ကလေးနှစ်ယောက် ဘာပြောသလဲ"

ယိဖျောင်းရှမ်းက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး ....

"ကလေးတွေရဲ့ပြောပုံအရဆိုရင် ဒီရွာဟာ အပြင်လူကို လက်မခံချင်တဲ့ပုံပဲ၊ အခုလည်းကြည့်ပါလား၊ ရွာထဲက တစ်ယောက်မှ ထွက်မလာကြဘူး"

ကျုံဖေသည် ခေတ္တမျှ စဉ်းစားလိုက်သည်။

"ရွာက ရွာသိမ်ကလေး၊ ဆင်းရဲလိုက်တာလည်း လွန်ရောပဲ၊ လူစိမ်းတွေကိုလည်း လိုလားပုံမရဘူး၊ သူတို့မှာ အကြောင်းရှိလိမ့်မယ်"

ထို့နောက် သူတို့သည် ရွာထဲသို့ ဆက်လျှောက်လာ၏။

ကျုံဖေနှင့်အတူ ရွာပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရှုခဲ့သူ ယန်လီကျူက အပြေးအလွှား အော်ဟစ်လာသည်။

"ဒီမှာ .... ဒီမှာ ပစ္စည်းတစ်ခု ကောက်ရလာတယ်"

တစ်ယောက်တစ်လှည့် ယူကြည့်ကြသည်။

ထိုအရာကလေးမှာ ရွှေဆံထိုးကလေးတစ်ချောင်းပင် ဖြစ်တော့သည်။

ယိဖျောင်းရှမ်းက စဉ်းစဉ်းစားစားပြော၏။

"ရွှေဆံထိုးပဲ၊ ဝါဝီရှာတို့သားအမိ သဲလွန်စ ချန်ထားခဲ့တာလား မသိဘူး"

ဆံထိုးကို လက်တစ်ဖက်မှ ထောင်ပြလျက် သူ့စိတ်ထဲထင်မှတ်သည်ကို ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံထိုးကလေးက ယိဖျောင်းရှမ်း၏ လက်ထဲတွင် အရောင်တဝင်းဝင်း ပြောင်လက်နေလေ၏။

ယိထင်းဟောင်က သူ့သမီး၏ထင်မြင်ချက်ကို သဘောမတူပေ။

"တည်းခိုခန်းနဲ့ ဒီရွာဟာ တော်တော်ဝေးတာပဲ၊ ဝါပိုရှာတို့သားအမိက ဘာဖြစ်လို့ ရွှေဆံထိုးကို ဒီရွာရှေ့မှာ ချန်ထားရမှာလဲ၊ တစ်ခုတော့ရှိတယ်၊ အေးစိမ့်ဂူဆိုတာ ဒီရွာရဲ့ရှေ့ခရီးမှာ ရှိနေတယ်ဆိုရင်တော့ မပြောတတ်ဘူး ...."

ကျုံ့ဖေက ရွှေဆံထိုးကို လှမ်းယူလိုက်၏။

ထို့နောက်သေသေချာချာ စစ်ဆေးကြည့်ရှုသည်။

ရွှေဆံထိုး၌ ငှက်ရုပ်ကလေးပါသည်။ လက်ရာမြောက်သည်။

ငှက်၏အမြီးပိုင်း၌ 'ချန်'ဟူသော စာလုံးကလေးပါသည်။

ထိုစာလုံးကို ကျုံ့ဖေမှတစ်ပါး မည်သူမျှ ရှာမတွေ့ခဲ့ကြချေ။

"ဒီဆံထိုးက ဝါယိချန်ရဲ့ဆံထိုးပဲ"

ယိထင်းဟောင်က စိတ်ဓာတ်တက်ကြွစွာ ပြောသည်။

"ဒါဆိုရင် ဒီနားမှာ အေးစိမ့်ဂူရှိနေမှာ သေချာတယ်၊ လိုက်ရှာမှာပဲ ...."

"ဖေဖေ .... ရွာထဲဝင် စနည်းနာရင်တော့ မမှားဘူးနဲ့တူတယ်"

ယိဖျောင်းရှမ်းက အကြံပေး၏။

ကျုံ့ဖေက အားလုံး ရွာထဲဝင်ရန် အချက်ပြ၏။

"ဟုတ်တယ်၊ တို့ရွာထဲဝင်ပြီး စနည်းနာကြည့်ရအောင်"



ကျုံ့ဖေက ဦးဆောင်ကာ ရှေ့မှ လျှောက်သွားတော့သဖြင့် အဖွဲ့ဝင်အားလုံး နောက်မှ လိုက်သွားရလေတော့၏။

ရွာရှိ အိမ်တိုင်းလိုလို ရွှံ့ဖြင့် ဆောက်လုပ်ထားသော်လည်း သပ်သပ်ရပ်ရပ်ရှိပေသည်။

ကျုံ့ဖေတို့လူစုမှာ ရွာလယ်လမ်းမကြီးအတိုင်း လျှောက်ကာ ရွာထဲသို့ ဝင်လာခဲ့၏။

ရွာသားများသည် ကျုံ့ဖေတို့လူစုကို တွေ့သော်လည်း မည်သူမျှ အိမ်ပြင်ထွက်မကြည့်ကြချေ။ ဘာသိဘာသာနေမြဲ နေကြသည်။

နဂိုလုပ်ကိုင်မြဲအလုပ်ကိုသာ လုပ်နေကြ၏။

သူတို့၏အမူအရာမှာ ကျုံ့ဖေတို့လူစုနှင့် ရင်းရင်းနှီးနှီးမနေလိုသည့် အမူအရာမျိုးပင်တည်း။

ကျုံ့ဖေက စိတ်ထဲ၌ ....

"အင်း .... ဒီရွာကလေးဟာ ထူးခြားတယ်၊ အကြောင်းမရှိဘဲနဲ့တော့ လူစိမ်းတွေကို ဒီလိုပစ်ပယ်ကြမှာ မဟုတ်ပါဘူး"

ထို့နောက် ဆက်လျှောက်လာရာ အသင့်အတင့် ကြီးမားသော အိမ်တစ်လုံးရှေ့သို့ ရောက်လာကြလေ၏။

ထိုအိမ်မှာ ရွာသူကြီးအိမ်ဖြစ်ရမည်ဟု ကျုံ့ဖေ ခန့်မှန်းသည်။

"ဗျို့ .... အိမ်ရှင်တို့"

ကျုံ့ဖေ အော်လိုက်သဖြင့် အသက်ငါးဆယ်ခန့်ရှိသော လူကြီးတစ်ယောက် ထွက်လာသည်။

ကျုံ့ဖေက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ လမ်းကြုံလို့ ဝင်လာတာပါ၊ ဒီမှာ ခဏနားလို့ ရမလား"

ထိုလူက ကျုံဖေတို့လူစုအား အကဲခတ်လိုက်၏။

ထို့နောက် ခေါင်းခါယမ်းကာ ....

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ကျုပ်တို့က လူစိမ်းလက်မခံပါဘူး၊ ခင်ဗျားတို့ဘာသာ ရွာပြင်မှာ သွားနားနေကြပါ"

စကားအသွားအလာ မကြမ်းတမ်းသော်လည်း အဓိပ္ပာယ်ကတော့ မနူးညံ့ချေ။

ထိုစဉ် ယိထင်းဟောင်သည် ရုတ်တရက်ရှေ့တိုးလာပြီး မာမာထန်ထန် ပြောလိုက်သည်။

"ခင်ဗျားက ကျုပ်ကို ဘယ်သူဘယ်ဝါဆိုတာ သိလို့လား"

ရွာသူကြီးက ယိထင်းဟောင်အား တစ်ချက်ကြည့်လိုက်၏။ ထို့နောက် အေးအေးဆေးဆေးပင် ပြော၏။

"မိတ်ဆွေတို့က ဘယ်သူဖြစ်ဖြစ်၊ ကျုပ်တို့အတွက် အကြောင်းမဟုတ်ပါဘူး"

"ဒါဆို မိတ်ဆွေက ကျုပ်တို့လို ဘုရင့်ရဲ့အရာရှိတွေကိုတောင် ဂရုမစိုက်ဘူးဆိုပါတော့ ...."

ယိထင်းဟောင်၏ ဟန်ပါပါအမေးစကားကြောင့် ရွာသူကြီးမှာ အနည်းငယ် တုန်လှုပ်သွားလေ၏။

ထို့နောက် ယိထင်းဟောင်အား သေချာစွာ ကြည့်ရှုလေတော့၏။



ယိထင်းဟောင်၏ရုပ်ရည်မှာ ခန့်ညား၏။ သူသည် ဟန်တရုတ်မိုလ်မှူးကြီးဟောင်း ဖြစ်ခဲ့သဖြင့် အရာရှိဂိုက်ဖမ်းရန်မှာ မခက်ခဲပါ။

ခါး၌လည်း ဓားတစ်လက်ကို ချိတ်ဆွဲထား၏။

သူ့ကို ဘုရင့်အရာရှိဟု ယုံကြည်သွား၏။

ချက်ချင်း မျက်နှာက ပြုံးရွှင်သွားပြီး ....

"သြော် .... ခင်ဗျားတို့က ဘုရင့်အရာရှိတွေကိုး၊ မသိလို့ မကြိုဆိုမိတာ ခွင့်လွှတ်ပါ။ ကဲ .... ကြွပါ ကြွပါ ကျုပ်တို့ရွာအကြောင်းလည်း ရှင်းပြရသေးတာပေါ့"

ရွာသူကြီး၏လေသံနှင့် အမူအရာက စောစောကနှင့် လုံးဝမတူတော့။ ပျော့ပျောင်းသွားသည်။

ကျုံဖေသည် ယိထင်းဟောင်၏ဟန်ဆောင်မှုကို မနှစ်မြို့သော်လည်း အခြေအနေအရ လိုအပ်သည်ဟု ယူဆသဖြင့် ခပ်မဆိတ်ငြိမ်နေလိုက်သည်။ မည်သို့ပင်ဖြစ်စေ၊ ဝါယိချုန်တို့သားအမိ၏သတင်းသဲလွန်စ ရှာရန်သာ အရေးအကြီးဆုံး ဖြစ်နေသည် မဟုတ်ပါလော။

သူတို့အားလုံး သူကြီးအိမ်ပေါ် တက်ထိုင်ခွင့် ရကြသည်။ ယိထင်းဟောင်က ခပ်မာမာ မေးလေ၏။

"မင်းတို့ရွာမှာ အိမ်ထောင်စု ဘယ်နှစ်စုရှိသလဲ"

ထိုလူက လေးလေးစားစားနှင့် ပြန်ဖြေလိုက်၏။

"နှစ်ဆယ့်ခုနစ်စု ရှိပါတယ်"

ယိထင်းဟောင်က ....

"ရွာတည်တာ ကြာပြီလား"

"ဟုတ်ကဲ့ .... နှစ် နှစ်ဆယ်လောက်ရှိပါပြီ၊ အားလုံး စီးပြေးပြည်

www.burmeseclassic.com

www.burmeseclassic.com



နယ်က စစ်ပြေးလာတဲ့လူတွေပါပဲ၊ ဒီမှာ အားလုံးစုပြီးနေခဲ့တယ်၊ ကိုယ့်ရိက္ခာကိုယ် ရှာစားကြပါတယ်"

"ဘာပြဿနာများ ရှိသေးသလဲ ...."

"ဟာ .... ရှိတာပေါ့၊ လွန်ခဲ့တဲ့နှစ်နှစ်က အခုလိုပဲ လူတစ်စုဝင်လာပြီး ရမ်းကားလိုက်တာဗျာ၊ ရွာသားဆယ်ယောက်သေတယ်၊ ပစ္စည်းတွေလည်း လုယက်သွားသေးတယ်၊ သိုင်းသမားများပြတွေပေါ့ဗျာ၊ အဲဒီကတည်းက ကျုပ်ရွာဟာ လူစိမ်းဆိုရင် လန့်နေတော့တာပါပဲ"

"ဪ ...."

ဤရွာကလေး၏ စိမ်းကားမှုကို အားလုံးပင် သဘောပေါက်သွားကြ၏။ စာနာမှုလည်း ရှိသွားကြသည်။

"ဒါထက် ဆရာကြီးတို့က ဘာကိစ္စနဲ့"

"ကျုပ်တို့က မိန်းကလေးနှစ်ယောက် ပျောက်ဆုံးသွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရောက်လာတာပါ ...."

"ကျုပ်တို့ရွာကို ဖြတ်သွားတာတော့ မတွေ့မိပါဘူး"

ကျုံဖေက ဆံထိုးကိုထောင်ပြပြီး ....

"ဒါ ဘယ်သူ့ပစ္စည်းလဲ ...."

ထို့နောက် ဝါယီချန်နှင့် ဝါဗိရှာတို့ ပုံပန်းသဏ္ဌာန်ကို ပြောပြလိုက်သည်။ ထိုလူက ရိုးရိုးသားသားပင် ပြန်ပြော၏။

"ကျုပ် မလိမ်ပါဘူး၊ တစ်နှစ်မကတော့ဘူး၊ ကျုပ်တို့ရွာဘက်ကို လူသူအသွားအလာ မရှိတော့တာ၊ ဒါပေမယ့် ရွာသားတွေကို မေးပေးပါ့မယ်"



သူ အချက်ပေးသောအခါမှ အိမ်နောက်ဘက်မှ လူတစ်ယောက် ထွက်လာသည်။ သူက မောင်းထုလူစုရန် အချက်ပေးသည်။

"ချန်း ...."

မောင်းသံအဆုံး၌ ထိုလူ၏အိမ်ရှေ့သို့ ရွာသားများ စုရုံးရောက်ရှိလာကြတော့သည်။ ထိုလူစုထဲတွင် ကျုံဖေတို့နှင့်တွေ့ဆုံခဲ့သော ကလေးငယ်နှစ်ဦးလည်း ပါသည်။

သူတို့၏လက်ထဲ၌ ဖိနပ်တစ်ရံ ကိုင်ထားလေသည်။

ကလေးငယ်နှစ်ယောက်မှာ ညီအစ်ကိုဖြစ်ကြပြီး အကြီးမှာ ရှားယန်မင်ဖြစ်ပြီး အငယ်မှာ ရှားယန်စန်းဖြစ်၏။ သူတို့သည် ရွာသူကြီး၏တူတော်၏။

ရှားယန်မင်က ဖိနပ်ကိုထောင်ပြီး ....

"ဦးလေး .... ကျွန်တော်တို့ ငါးမျှားရင်းရလာတာ ကြည့်စမ်း။ သိပ်လှတာပဲ"

လူအားလုံးက သူတို့ထောင်ပြသောဖိနပ်ကို ကြည့်လိုက်၏။ ဖိနပ်မှာ အနီရောင် ဖြစ်၏။

မိန်းမစီးဖြစ်ပြီး အလွန်လှပလေသည်။

ရွာလူကြီးက မျက်မှောင်ကုတ်သွားပြီး ....

"ဒါ .... မိန်းကလေးဖိနပ်ပဲ၊ တန်တော့ ရေထဲ ခုန်ချလို့သာ ရေထဲကရတာ ဖြစ်ရမယ် ...."

သူသည် တူများနှင့် စကားဖြတ်လိုက်ပြီး ရွာသားများကို လှမ်းမေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဒီရက်ပိုင်းအတွင်း .... တို့နယ်အတွင်းက လူစိမ်း မိန်းကလေးတွေ ကျော်ဖြတ်သွားတာတွေ့ကြသလား"

"မတွေ့ပါဘူး .... "

ညီတူညာတူပင် ထွက်ပေါ်လာ၏။

အတန်ကြာမှ လူအုပ်ထဲမှ ရွာသားတစ်ယောက်က ထွက်လာပြီး ....

"လူစိမ်းမိန်းကလေးတော့ မတွေ့ပါဘူး၊ ဒါပေမယ့် လူစိမ်းတွေတော့ တွေ့ပါတယ်"

ကျုံဖေက သဲလွန်စကို အလွတ်မပေးနိုင်ပါ။

"ဘယ်တုန်းက တွေ့ခဲ့တာလဲ၊ သေသေချာချာ ပြောပြပါ"

ရွာသားက သူ တွေ့မြင်ခဲ့ရသည်ကို အမှန်အတိုင်းပင် ရှင်းပြ၏။

"လွန်ခဲ့တဲ့နှစ်ရက်က ကျုပ် ထင်းခုတ်ထွက်ပါတယ် .... ရွာမြောက်ဘက် နှစ်မိုင်လောက်ဝေးတဲ့ မြစ်ထဲမှာ လှေတစ်စင်းလှော်လာတာတွေ့တယ် .... သေသေချာချာကြည့်တော့ အိတ်နှစ်အိတ် လှေဝမ်းထဲမှာ တွေ့တယ် .... ဘာတွေလဲတော့ မသိပါဘူး .... သူတို့ကလည်း ကျုပ်ကို ဂရုမစိုက်ဘူး .... ကျုပ်ကလည်း သူတို့ကို ဂရုမစိုက်ပါဘူး .... သစ်တောထဲ တန်းသွားပြီး ကိုယ့်ကိစ္စ ကိုယ်လုပ်ခဲ့တာပါပဲ .... "

ယိထင်းဟောင် ဝမ်းသာသွား၏။

**အိတ်နှစ်အိတ် တွေ့သည်ဟု ဆိုထားရာ ထိုအိတ်ထဲ၌ ဝါယီချန်နှင့် ဝါဝီရှာ ပါနိုင်သည် မဟုတ်ပါလော။**



ထို့ကြောင့် သူက သေချာအောင် ထပ်မေးလိုက်၏။

"အဲဒီလူတွေကို ခင်ဗျား မှတ်မိသလား"

ရွာသားက ခေါင်းခါယမ်းကာ ....

"မမှတ်မိဘူးဗျ .... သူတို့က ဝတ်စုံနက်တွေနဲ့ ဒီလိုလူမျိုးတွေကို ရှောင်တာပဲ ကောင်းတယ် .... လွန်ခဲ့တဲ့ နှစ်နှစ်က ကျုပ်တို့ရွာကို ဒုက္ခပေးသွားတာလည်း ဒီလို လူမျိုးတွေပဲပေါ့ .... "

"ခင်ဗျား သူတို့နောက်ကော လိုက်သွားမကြည့်ဘူးလား"

"ကျုပ်တို့က အပြင်လူတွေကို သိပ်မရောဘူး၊ လူစိမ်းတွေနဲ့ မပတ်သက်လေ ကောင်းလေလို့ပဲ မှတ်တယ်၊ ဒါကြောင့် ကျုပ်လည်း သစ်တောထဲ တန်းတန်းမတ်မတ် ဝင်ထင်းခုတ်တာပေါ့ဗျာ"

ကျုံဖေနှင့် ယိထင်းဟောင်မှာ .... တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

ပတ်ဝန်းကျင်နှင့် ကင်းကင်းရှင်းရှင်းနေသူအား မည်သူကမျှ လာရောက်ရှုပ်ထွေးစေမည်မဟုတ်။

ထိုသူတွင်လည်း ပတ်ဝန်းကျင်နှင့်ပတ်သက်သော မည်သည့် အသိမျှ ရှိမည်မဟုတ်ချေ။

ရွာသား၏ ပြောစကားအရဆိုလျှင် ရွာနှင့်နီးနီးနားနား၌ မဖြစ်နိုင်ပါ။ အတော်ပင် ဝေးကွာမည့်ပုံရှိကြောင်း၊ ကျုံဖေ စဉ်းစားတွက်ချက်မိသည်။

သူက ရွာသားများဘက် တစ်ချက်လှည့်ကာ ....

"ဒီရွာနားမှာ အေးစိမ့်ဂူဆိုတာ ကြားဖူးသလား"

ရွာသားများက ခေါင်းခါယမ်းကာ ....

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါမှ မကြားဖူးပါဘူး"

ငြိုင်တူပင် ဖြေလိုက်ကြ၏။

ကျိုဖေက ထပ်မေး၏။

"ဒါဆို တခြားလိုဏ်ဂူတွေကော တွေ့မိကြသလား"

ရွာသားများ စဉ်းစားနေကြ၏။

ထိုစဉ် ....

ကလေးနှစ်ယောက်က အလျင်အမြန် ဝင်ပြောကြသည်။

"လိုဏ်ဂူလား .... "

"ဟုတ်တယ် .... "

"ရှိတယ်ဗျ .... "

"ဘယ်နားမှာလဲ"

"ထင်ပင်တောင်မှာ လိုဏ်ဂူရှိတယ်"

ရွာသူကြီးသည် ထိုစကားကြောင့် ထိတ်လန့်တကြား ဖြစ်သွား၏။

"ရှားယန်မင် မင်းတို့ ထင်ပင်တောင်အထိတောင် သွားဆော့ကြတယ် ဟုတ်လား"

ငေါက်ငန်း မာန်မဲလိုက်၏။

မှန်ပါသည်။

ငြိမ်းအေးရွာနှင့် ထင်ပင်တောင်မှာ အတော်ပင် ဝေးကွာလွန်းလှပေသည်။ ကလေးငယ်များ မသွားသင့်ပေ။

ကလေးနှစ်ယောက်မှာ ခေါင်းငုံ့သွား၏။ ကိုယ့်အပြစ်ကို ဖော်မိသလိုဖြစ်သွားကြသဖြင့် ငြိမ်သွားကြ၏။



ကျိုဖေက ရလာသော သဲလွန်စကို အပျောက်မခံနိုင်ပါ။

ထို့ကြောင့် ....

ကလေးနှစ်ယောက်အား ညင်သာပျော့ပျောင်းစွာ ပြောလိုက်လေ၏။

"မင်းတို့ ဘာမှမကြောက်ပါနဲ့၊ မင်းတို့ သေသေချာချာပြောပြနိုင်ရင် ဘဘတို့က ဆုချီးမြှင့်ပါ့မယ်"

ကလေးနှစ်ယောက်က ဦးလေးဖြစ်သူအား တစ်ချက်ကြည့်လိုက်၏။

ရွာသူကြီး၏မျက်နှာမှာ ပျော့ပျောင်းသွားသည်။

ဧည့်သည်များအား တူကလေးများက ကူညီနိုင်မလို ဖြစ်လာခြင်းအတွက်ပင် ဂုဏ်ယူလာကြရသည်။

အကြီးကောင် ရှားယန်မင်က ပြောပြ၏။

"ထင်ပင်တောင်ရဲ့ နံရံတစ်ဘက် ပေနှစ်ဆယ်လောက်အမြင့်မှာ ဂူပေါက်တစ်ခုရှိတယ် .... ဂူဟာ အေးစိမ့်နေတယ် .... ပြီးတော့ အထဲမှာ ကျောက်စွန်းတွေလည်းရှိတယ်၊ ကျွန်တော်တို့ တက်ကြည့်ဖူးပါတယ် .... အနောက်ပိုင်းတော့ မတက်ဖြစ်ဘူး"

ကျိုဖေက ....

"ဒါနဲ့ .... အဲဒီ ထင်ပင်တောင်ကကော ဘယ်နားမှာလဲ .... သေသေချာချာ ပြောပါဦး .... "

ကလေးနှစ်ယောက်က ထင်ပင်တောင်တည်ရှိရာနေရာနှင့် အမြန်ဆုံးရောက်နိုင်သည့် ဖြတ်လမ်းကိုပါ သေချာစွာ ပြောပြကြလေ၏။

www.burmeseclassic.com



ယိထင်းဟောင်က ကျုံဖေနှင့် လှည့်ရှိုက်ခိုဝင်၏။

"ကျုပ်တို့ မိုးမချုပ်ခင် သွားကြည့်ရရင် ကောင်းမယ်နဲ့တူတယ်"

ကျုံဖေက ခေါင်းညိတ်ပြ၏။

"ကောင်းတယ်၊ သွားကြတာပေါ့"

ယိထင်းဟောင်က ရွာသူကြီးအား ကျေးဇူးတင်စကားပြောလိုက်သည်။

ထို့နောက် ရှားယန်မင်နှင့် ရှားယန်စန်းတို့အား ငွေစ အနည်းငယ်စီ ချီးမြှင့်လိုက်သည်။

"ကဲ ... ကျုပ်တို့သွားမယ်"

ကျုံဖေတို့အုပ်စု ခရီးဆက်ထွက်ခဲ့ကြတော့သည်။

တဆင့်(၅)ပြီး၏။

တဆင့်(၆=ဓာတ်သိမ်းပိုင်း)ကိုဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com